www.burmeseclassic.com

မောင်မျိုး စီစဉ်သည်။

# ပန်းသီခိုင်

# တောင်ခြေကလူတစ်ယောက်နှင့် တောင်ထိပ်ကလူတစ်ယောက်

(လုံးချင်းဝတ္ထုသစ်)



www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၁ ]

## VACANCY

(Local Service Only) Salary in Kyats

A successful distribution company is seeking staff to fulfil the following post-

**Secretary** **1 post**

- Any Gradute
- Good command English
- Able to operate computer
  (Office 2000, Windows 98)
  Power point & Page Maker
- Age between (20-25)

Interest presons can send Currriculum Vitae together with Labour card & a recent photo to No.8, 8th St. Yangon not later than (8.1.2000). Tel :70....,29....

ရွှေရန်က သတင်းစာကို သေချာပြန်ဖတ်ကြည့်သည်။ လျှောက်

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လို့ဖြစ်ပါ့မလား။ ဘယ်အချက်တွေလိုနေသလဲ။ အလုပ်ဝင်ဖို့ အစီအစဉ် မရှိတော့ လောဘကမရှိ။ ပြီးတော့သူက( Graduate )တဲ့ ရွှေရန့်က ကျောင်းမပြီးသေး အဝေးသင်တက်နေတုန်း။

အင်္ဂလိပ်စကားပြောနှင့်ကွန်ပျူတာက ထားပါတော့။ အကျွမ်း ကြီးမဟုတ်တောင် အသင့်အတင့်တော့ဖြစ်သည်။

အသက်ကတော့ ၂၀ကနေ ၂၅ဆိုတော့ အကိုက်ပါပဲ။ ရွှေရန့် နှစ်ဆယ်ကျော်ခဲ့ပါပြီ။

အင်း... သွားလျှောက်ကြည့်ရင်ကောင်းမလား။

ပါကေးကြမ်းပြောင်ပြောင်မှာ သတင်းစာကို ဘေးချထားပြီး စဉ်းစားနေသည်။ ဆုံးဖြတ်ရခက်နေသည်။

BURMESE CLASSIC

စိတ်ဝင်စားလျှင်(C.V)၊ ဓါတ်ပုံနှင့်အတူ လျှောက်ထားနိုင် သည်...တဲ့။ ဆုံးဖြတ်ချက်ချလျှင် စီဗွီ ကိုယ်ရေးရာဇဝင်ဖောင်ကို ကွန်ပျူတာနှင့်ရိုက်ရမည်။ လိုင်စင်ဓာတ်ပုံကတော့ အဆင့်သင့်ရှိပါသည်။ ပြီးတော့ အလုပ်သမားမှတ်ပုံတင် (Labour)လေဘာက မတင်ထားခဲ့ပါ။

(Secretary)အတွင်းရေးမှူးခေါ်တာမို့ ရွှေရန့်က စိတ်ဝင်စား မိတာပါ။

"ရွေးမှာက တစ်ယောက်တည်း"

"1 Post" ဆိုတာကိုကြည့်ပြီး တစ်ယောက်တည်း တီးတိုး ရေရွတ်နေမိသည်။

"သမီး ရွှေရန့်"

"ရှင်... ကြီးမေ"

သတင်းစာကို ဖြန့်ချငေးငိုင်နေသောရွှေရန့်ကို ကြီးမေ ခေါ်လိုက် ၏။ သည်လိုနေ့လည်နေ့ခင်းဆို အိမ်မှာ ကြီးမေရယ် ရွှေရန့်ရယ်ပဲ ကျန်ရစ်ခဲ့တာ။ ထို့ကြောင့်လည်း လေးလေးက ရွှေရန့်ကို အလုပ်တစ်ခုခု ဝင်စေချင်တာပါ။ ရွှေရန့်ပျင်းနေမှာ ညည်းငွေ့မှာ စိုးရှာသည်။

"ရွှေရန့် ကော်ဖီသောက်မလား၊ ကြီးမေ ယူလာပေးမယ်"

"မသောက်ချင်သေးဘူး... ကြီးမေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကြီးမေက ''အေး…အေး''ဟု ခေါင်းညိတ်ပြီး ခြံထဲ ဆင်းသွားသည်။ သူကတော့ပျင်းတယ်၊ အားတယ်ရယ်သိမရှိ အလုပ်အားလျှင် ခြံထဲဆင်း အပင်တွေရေလောင်းပြုစု၊ ဘေးခြံက အိမ်နီးချင်းများနှင့် စကားပြောကာ လိုက်လျောညီထွေနေတတ်သည်။

ရွှေရန့်ကတော့ သီးသန့်နေတတ်သူမို့ အဖော်မဲ့ အထီးကျန်ရပါသည်။ ညနေ ဒေါ်လေးတို့၊ လေးလေးတို့ ကိုဘုန်းလျှံတို့ ပြန်လာမှပဲ ရွှေရန့် မြူးမြူးသွက်သွက်ကလေး ဖြစ်လာရသည်။

လေးလေးစေတနာကို ရွှေရန့်ကနားလည် လက်ခံမိပါသည်။ ရွှေရန့် အလုပ်တစ်ခုခု အမှန်တကယ် လုပ်သင့်သည်။

သည်လိုကြီး မနေသင့်ပါ။ လူအား၊ စိတ်အားနှင့် ကြာလျှင် လေးလံထိုင်းမှိုင်းမှာ စိတ်လေပျင်းရိသွားမှာ စိုးရသည်။

ဘယ်နှစ်ယောက်လောက် လာလျှောက်မလဲ…။

အားလုံးဘွဲ့ရပြီးဆိုလျှင် ရွှေရန့်အလိုလိုပြုတ်သွားမှာ။ ဘွဲ့ရပြီးသားခေါ်တာကလည်း ကျောင်းတက်ချိန်မပေးချင်လို့ ဖြစ်ကောင်း ဖြစ်လိမ့်မည်။ စာမေးပွဲကာလဆို မလွှဲမသွေ ခွင့်တင်ရမှာ စာမေးပွဲနီးကပ်လာလျှင် စာကျက်ချိန်လည်းရှိသေးသည်။ ဘွဲ့ရပြီးသားဆိုတော့ ထိုကိစ္စတွေ ခေါင်းရှုပ်ခံစရာမလို။ ရွှေရန့်က ဝေခွဲရခက်နေသည်။

ပြုတ်မှသာပြုတ်ရော အတွေ့အကြုံရလိုက်မှာတော့ သေချာသည်။ လျှောက်သူအားလုံးလည်း ဘယ်လိုမှမရနိုင်။ အများထဲက တစ်ယောက်သာ ကံထူးပြီးရမှာ ကျန်အများစုက လျှောက်ပြီး မရဆိုတာ မလွှဲမသွေ ကြုံကိုကြုံရမှာ။ ရှက်စရာမရှိ။ ကိုယ်တစ်ယောက်တည်း မရတာမှ မဟုတ်ဘဲ။ အရွေးမခံရတော့လည်း အဟီး…ဟု အရှက်ပြေ ရယ်လိုက်ရုံ၊ ခက်တာမှတ်လို့။ ရွှေရန့်က တစ်ခါမှ အတွေ့အကြုံ မရှိခဲ့သေးပါ။ လျှောက်တော့ လျှောက်ကြည့်ချင်သား။ ဘယ်လိုပါလိမ့်ဟု စူးစမ်းချင်သည်။ အတွေ့အကြုံရချင်သည်။ သို့မှသာ ဘာတွေလိုအပ်သည် ဘာတွေဖြည့်ဆည်းထားရမလဲဆိုတာ သဘောပေါက်မှာ။

လေးလေးဆီ ဖုန်းဆက်ပြီး တိုင်ပင်ရ ကောင်းမလား ဒေါ်လေး



www.burmeseclassic.com

www.burmeseclassic.com



ရှိရာကို ဖုန်းဆက်အသိပေးရမလား၊ ကိုဘုန်းလျှံကတော့ ကျောင်းမှာမို့ ဖုန်း ကြာကြာပြောခွင့် ရချင်မှရမှာ၊ ဆေးရုံနှင့်ကျောင်းနှင့်ကူးပြီး အရမ်း ပင်ပန်းသောကာလမို့ သူ့ကိုလည်း ရွှေရန့်က အနှောက်အယှက် မပေး ချင်ပါ။

လေးလေးရှိရာ အလုပ်ရုံးခန်းထဲ ဖုန်းဆက်၍ရသလို ဒေါ်လေး ရှိရာ ရတနာဆိုင်ကိုလည်း ဖုန်းခေါ်၍ရပါသည်။ ကိုဘုန်းလျှံဆီမှာတော့ ဟင်းနိ့ဖုန်း ပါသွား၏။

လူကြီးတွေကို တိုင်ပင်ရသည်ပဲထား ကြိုးစားရမှာကကိုယ်တိုင်၊ ဆုံးဖြတ်ရမှာကကိုယ်တိုင်၊ လက်တွေ့ လျှောက်လှမ်းဖြတ်သန်းရမှာက ကိုယ်တိုင်၊ ကိုယ့်ကိုယ်ကို သေချာဖို့လိုပါသည်။ ဆုံးဖြတ်ချက်ခိုင်မာဖို့ လိုပါသည်။

ရွှေရန့်က ကြမ်းခင်းကို လျှပ်တိုက်လျှောက်ရင်းက လက်ကလေး နောက်ပစ်ပြီး စဉ်းစား၏။ မမှားချင်၊ မှားမှာစိုးသည်။ အရေးကြီးသော ဆုံးဖြတ်ချက်မဟုတ်လား။

ခြေမျက်စေ့ဖုံးအောင်ရှည်သော စပန့်ထဘီ အမဲရောင်လေးက ကြမ်းပြင်နှင့် ထိနေသည်။ တီရှပ်အဖြူလေးက ဂျိုင်းကျယ်လက်ပြတ် ကလေး။ သက်တောင့်သက်သာ အဝတ်အစားကို ရွှေရန့် နှစ်သက်သည်။ လှဖို့ကဒုတိယအဆင့်၊ နေရတာအေးချမ်းပြီး စိတ်မအိုက်သော ဝတ်စားမှု မျိုးကိုသာရွေးချင်သည်။ လှတာမလှတာ သိပ်အရေးမကြီး။ အဲကွန်း (လေအေးပေးစက်)တပ်ထားသော အခန်းထဲမှာလည်း အင်္ကျီပါးပါးလေး နှင့်ပဲ နေသားကျသည်။ ကုတ်အထူကြီးတွေဝတ်ရတာ လေးသည်၊ မွန်းကြပ်သည်။ အလုပ်ထဲမှာတော့ အိမ်မှာလို နေရတာ လွတ်လပ်မှာ မဟုတ်။ သပ်သပ်ရပ်ရပ်ကလေးဝတ်ပြီး စမက်ကျကျ ကျော့ကျော့မော့ မော့ကလေး နေမှာ။

"ဟင်း... ဖြစ်ပါ့မလား"

ရွှေရန့် ရင်မောစွာ ပင့်သက်ရှိုက်သည်။ ဘယ်လိုဆုံးဖြတ်ရမှန်း မသိတော့ပါ။ အိမ်မှာလို နေ့လည်နေ့ခင်းဆို အိပ်ရာထဲလှဲ့ အအိပ်ကလေး



www.burmeseclassic.com

www.burmeseclassic.com


ဘတ်၊ နေကြာစေ့လေးတဖျောက်ဖျောက်ဝါးပြီး နေလို့ရမှာမဟုတ်။

ရွှေရန့်က ပျင်းတတ်သူတော့ မဟုတ်ပါ။ သို့သော်လည်း အိမ်မှာနေအကျင့်က အသားကျနေပြီ။ အပြောင်းအလဲတစ်ခုကို ပထမတော့ စိတ်ညစ်မိမှာ အမှန်ပါဘဲ။

အခုလုပ်မယ် အခုမလုပ်တော့ဘူးဟု ဂျိကျစိတ်ပြောင်းလို့ ရတာလည်းမဟုတ်၊ အလုပ်ဝင်လျှင် ဖွဲ့ရှိရတော့မှာ။ မဝင်ခင်ကတည်းက စဉ်းစားမှု။ လူဆိုတာအညွှန့်ရှိသည်။ အလုပ်မှာလည်း ပွဲဦးထွက်အညွှန့်ဆိုတာရှိနေသည်။ အဆင်မပြေတာမျိုးမဖြစ်စေချင်။ လွယ်လွယ်နှင့်ပြန်ထိုင်ချ၊ လက်လျှော့တာမျိုး မဖြစ်စေချင်ပါ။ ကိုယ့်အပေါ် သူများတွေယုံကြည်မှု နည်းပါးသွားလိမ့်မည်။ ဆုံးဖြတ်ပြီးပြီဆို ဖြစ်အောင်လုပ်မှ။ သူများတွေ အထင်သေးလျှော့တွက်တာမျိုး မလိုချင်ပါ။ ကိုယ့်စိတ်ဓာတ်လည်း "မဖြစ်ပါဘူး"ဆိုသော ခါးသီးမှုနှင့် ရင်မဆိုင်ချင်။ နောက်နောင်လည်း ဖြစ်ပါ့မလား...ဆိုသော ဇဝေဇဝါအတွေးတွေ စိတ်ထဲဝင်လာနိုင်သည်။

ရွှေရန့်က အချိန်သုံးရက်ယူ စဉ်းစားဖို့ တွေးလိုက်၏။

ညအိပ်ရာဝင်လျှင် သေချာစဉ်းစားရမည်။ အပြန်ပြန်အလှန်လှန်သုံးသပ်ရမည်။ ရှုထောင့်မျိုးစုံက ကြည့်တတ်ရမည်။ အလုပ်ဝင်ပြီးကြုံလာသမျှအားလုံး ကိုယ်တွေးဖူးထားခဲ့သည့် ရှုထောင့်ထဲကပဲ ဖြစ်ရမည်။

မထင်မှတ်ထားသောကိစ္စဆိုတာ မရှိစေရ၊ ဘယ်အကြောင်းအရာဖြစ်ဖြစ် ကိုယ်တွေးထားပြီးသား အဖြေရှာထားပြီးသားပဲ ဖြစ်ရမည်။

❦ ❦ ❦


www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၂ ]

ကောင်းထိန်လင်းပိုင်က ဆံလည်ခုံအနက်ပေါ်မှာ ဝင်ထိုင်သည်။

''ဘော့(စ်) ဒါ... စက္ကူထရီလျှောက်လွှာတွေပါ''

ဦးအေးမြင့်က သူ့ရှေ့ဖိုင်တွဲတစ်ထပ်ချကာ ပြောလာသည်။

''အိုကေ...ထားခဲ့၊ ကျွန်တော် လုံးဝမအားလပ်တာနဲ့ မကြည့်ရသေးဘူး''

ကောင်းထိန်လင်းပိုင်က ဟင်းနှ်ဖုန်းကို စားပွဲပေါ် ချထားရင်းက ပြောလိုက်မိပါသည်။

''ကျုပ် လက်ဖက်ရည်တစ်ခွက်လောက် သောက်ချင်တယ်ဗျာ''

''ဟုတ်ကဲ့''

ဦးအေးမြင့်က ခေါင်းညိတ်ပြီး အခန်းထဲကထွက်သွားသည်။ ကောင်းထိန်လင်းက နာရီကိုလှမ်းကြည့်သည်။

စက္ကူထရီအတွက် အင်တာဗျူးခေါ်ထားတာက (၁၁)နာရီ အခုမှ (၁၀)နာရီ ခွန်းရုံလေးရှိသေးသည်။ စီဗွီ(ကိုယ်ရေးရာဇဝင်)တွေကို ဖတ်ဖို့ အချိန်ရသေးသည်။ အံဆွဲကိုဖွင့် မျက်မှန်ကို ထုတ်ယူသည်။

''ညှိသည်ရောက်နေပါတယ်ရှင်''



www.burmeseclassic.com

www.burmeseclassic.com



ကွန်ပျူတာအော်ပရေတာမလေးက အခန်းတံခါးဟာကာ သတင်းပေးလာသည်။ စောစောစီးစီး ဘယ်ကဧည့်သည်ပါလိမ့်၊ ဘာကိစ္စပါလိမ့်၊ ဘယ်သူပါလိမ့်၊ ကြိုတင်ချိန်းဆိုထားတာမျိုးလည်းမရှိ။

"ဘယ်သူလဲ နီနီ"

"ရွှေနေ ဦးသက်ထွန်းလို့ ပြောပါတယ်ရှင်"

"ရွှေနေ ဦးသက်ထွန်း..."

ကောင်းထိန်လင်းက မျက်မှန်လက်ထဲကိုင်ထားပြီး စဉ်းစားသည်။ အသိမိတ်ဆွေတော့ မဟုတ်လောက်ပါဘူး။ ဒါဆို...၊ မျက်မှောင် ကျုံ့ခါ စဉ်းစားမိ၏။

"ဝင်လာဖို့ ခေါ်လိုက်ရမလား"

"အေးလေ ခေါ်လိုက်ပေါ့၊ ဖုန်းနဲ့ချိန်းသေးလား မနေ့က"

"မချိန်းပါဘူး၊ ဝင်လာသမျှဖုန်းကို ဗိုက်ဘုတ်မှာ မှတ်ထားပေးတယ်လေ၊ ရွှေနေဦးသက်ထွန်းဆိုတာ လုံးဝမပါဘူး"

"ရောက်နေပြီဆိုမှတော့ တွေ့ရုံပေါ့၊ လွှတ်လိုက်ပါ"

ကောင်းထိန်လင်းပိုင်က ဆုံးဖြတ်ပြီး ပြောလိုက်သည်။ခဏကြာသောအခါ ရွှေနေတိုက်ပုံကို ခန့်ညားစွာဝတ်ထားသော ဦးသက်ထွန်း အခန်းထဲဝင်လာ၏။ လက်ထဲကိုင်ထားသော ဖိုင်တွဲကို စားပွဲပေါ်ချသည်။

"ထိုင်ပါ"

လက်ဆန့်တန်းကာ ထိုင်ခုံဆီ ညွှန်ပြမိသည်။

"ဟုတ်ကဲ့၊ ကျွန်တော်က ဦးသက်ထွန်းပါ"

ကောင်းထိန်လင်းက ခေါင်းညိတ်သည်။

"ဦးကောင်းထိန်လင်းက...တော်တော် ငယ်သေးတာပဲ၊ ကျွန်တော် ဒီလောက်ငယ်ဦးမယ်မထင်ထားဘူး"

"ကျွန်တော်အသက် (၃၇)နှစ်ရှိပါပြီ၊ (၄၀)ပြည့်ဖို့ (၃)နှစ်ပဲ လိုပါတော့တယ်၊ သိပ်မငယ်ဘူးထင်တာဘဲ"

ဦးသက်ထွန်းက ရင်းနှီးဖော်ရွေမှုစကားကို ဦးစွာဆိုပါသည်။ ခင်မင်ကျွမ်းဝင်သွားအောင်ပါ။ ထိုင်ပြီးတာနဲ့တစ်ပြိုင်နက် အသုံးကိစ္စ

www.burmeseclassic.com


ရောက်လာရခြင်းအကြောင်းကို ပြောခဲ့သည်ရှိသော် အခြေအနေ တင်းမာသွားမှာ စိုးရပါသည်။ ဦးကောင်းထိန်လင်းပိုင်က ဦးသက်ထွန်းကို လှမ်းကြည့်နေ၏။ ထိုအချိန်မှာပဲ ဦးအေးမြင့်က လက်ဖက်ရည်ပန်းကန် စားပွဲပေါ်လာချပေးသည်မို့။

"ဦးအေးမြင့် ညှော်သည်ဖို့ ယူခဲ့ပါဦး" ဟု ညွှန်ကြားလိုက်၏။

"ရပါတယ်... ကျွန်တော်သောက်ခဲ့ပြီးပါပြီ"

ဦးသက်ထွန်းက အားနာစကားဆိုပြီး လက်ကာပြသည်။

"သောက်ပြီးလည်း ထပ်သောက်ပါဗျာ"

"လက်ဖက်ရည်တစ်ခွက်ပဲ ဆုံပါတယ်၊ ပြောပါ ဘာကိစ္စရှိလို့လဲ၊ အားမနာပါနဲ့ ပွင့်ပွင့်လင်းလင်းပေါ့ဗျာ"

ကောင်းထိန်လင်းပိုင်က မေးလိုက်ပါသည်။ ဒီနေ့ စက္ကူထရိုလေးတွေ ခေါ်တွေ့ဖို့ကိစ္စက ရှိနေသေးသည်။ အချိန်ကွက်တိပါပဲ၊ ဦးသက်ထွန်း ရောက်လာလို့သာ အားနာပြီးခေါ်တွေ့လိုက်တာ။ တကယ်ဆို ညှော်သည် မတွေ့အားသေးပါ။ ဖုန်းနှင့်သာ ချိန်းခဲ့မည်ဆို နောက်ရက်ရွှေ့မည်မှာ သေချာသည်။

"ပြောရမှာတော့ ကျွန်တော် အားတုံ့အားနာ ဖြစ်မိပါတယ်။ ဦးကောင်းထိန်လင်းက ထင်ထားတာထက် သဘောကောင်း၊ ဆက်ဆံရေး ပြေပြစ်တယ် တကယ်ပါ"

"ဟုတ်ကဲ့ အားမနာပါနဲ့ ရပါတယ် ပြောပါ။ ဘယ်လိုကိစ္စမျိုးလဲ"

ကောင်းထက်လင်းပိုင်က လက်ဖက်ရည်တစ်ငုံသောက်ကာ မေးလိုက်၏။

"ဦးကောင်းထိန်လင်းပိုင်ရဲ့ ဖနီးက..."

လက်ဖက်ရည်ကို နှုတ်ခမ်းမှာတေ့ထားသော ကောင်းထိန်လင်း၏ မျက်လုံးများက ရှေ့နေဆီ စူးခနဲရွှေ့လာတာမို့ ရှေ့နေဦးသက်ထွန်း စကားစ ရပ်သွားရလေသည်။ လက်ဖက်ရည်ပုဂံလုံးကို ပုဂံပြားပေါ် ပြန်ချကာ...


www.burmeseclassic.com

www.burmeseclassic.com



''ကျွန်တော့်ဇနီးက လွှတ်လိုက်တာလား'' ဟုမေးမိသည်။

ဦးသက်ထွန်းက ခေါင်းညိတ်သည်။ လျော့သောအပြုံးတစ်ခုနှင့်ပါ အားနားတာ မျက်နှာပြင်မှာ ပေါ်လွင်၏။

''တရားဝင်ကွာရှင်းခွင့် တောင်းခိုင်းတာပါ''

ကောင်းထိန်လင်းပိုင်က စားပွဲပေါ်လက်ထောက်ထားတာ ရုပ်ပြီး ဆံုလည်ခုံကို မှီချလိုက်တော့သည်။ အတော်လေး တုန်လှုပ်အံ့ဩပုံ ရလေ၏။

''တရားဝင်ကွာရှင်းခွင့်... ဟုတ်လား''

ဦးသက်ထွန်းကို ပြန်မေးလိုက်သည်။ သူလည်း အားတုံ့ အားနာ ခေါင်းညိတ်ပြရ၏။

''ဟုတ်ပါတယ်''

ကောင်းထိန်လင်းပိုင်က ဆံုလည်ခုံမှာ ခေါင်းမှီချထားရင်းက...

''သူ့က ဘာလို့ တရားဝင်ကွာရှင်းချင်ရတာလဲ'' ဟု နားမလည် စွာ မေးမိသည်။ ဦးသက်ထွန်းက ပြောရခက်သလိုကြည့်၏။

''ကျွန်တော်သိချင်တယ်၊ ကျွန်တော်နဲ့သူ အဆင်မပြေလို့ တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းမဆိုင်ကြဘူး၊ မတွေ့ကြဘူး၊ ကျွန်တော့်ဘက်ကဘာမှုမပြောင်းလဲဘူး၊ ဘယ်အမျိုးသမီးနဲ့မှ လက်မထပ် သေးဘူး၊ သူ့ဘက်က ဘာလို့ ဒီလိုတောင်းဆိုရတာလဲ၊ ဘာကြောင့်လဲ''

ကောင်းထိန်လင်း အသံက ဒေါသစွက်သည်။

''ပြီးတော့ အိမ်ဖုန်း၊ ရုံးခန်းဖုန်း၊ ဟင်းနဲ့ဖုန်း သူအကုန်သိတယ် ကျွန်တော်ဆီဆက်ပြီး အကျိုးအကြောင်းပြောလို့ရတယ်၊ ဘာလို့ ရှေ့နေ ကတစ်ဆင့် ဆက်သွယ်ရတာလဲ''

အသံမှာ နာကြည်းကြေကွဲသံပါသည်။

''စောစောစီးစီးဗျာ၊ ကျွန်တော်အိပ်ယာနိုးတယ်၊ ရေမိုးချိုးတယ် ဘုရားရှိခိုးတယ်၊ ဒီကိုထွက်လာတယ်၊ ခင်ဗျားရောက်လာပြီး [illegible] ပြောတယ်၊ သူ ကျွန်တော့်ဘက်ကို နည်းနည်းလေးမှ [illegible] ကျွန်တော်နဲ့သူ ငါးနှစ်ကျော်ကျော် ပေါင်းလာခဲ့တာ[illegible]

www.burmeseclassic.com



လက်ငါးချောင်းထောင်ပြကာ ရင်ကွဲသံကြီးနှင့်ဆိုသည်။ ဦးသက်ထွန်းမှာလည်း အားနာစွာ နှုတ်ဆိတ်သွားရသည်။

သူ့မှာလည်း မလွှဲသာလို့သာ သူ့အလုပ်ကိုက ရှောင်လွှဲမရ ပြောပေးရမှာမို့လို့သာ အခန်းထဲဝင်လာကတည်းက ပြောရခက်စွာ အချိန်ဆွဲနေမိတာဘဲ မဟုတ်လား။

"ကျွန်တော်ဆီ ဖုန်းတစ်ချက်လောက် ခေါ်သင့်ပါတယ်ဗျာ၊ ခင်ဗျားစဉ်းစားကြည့် ဒီလောက်ကြီး စိတ်ပြတ်ရသလား"

ဦးသက်ထွန်းက သက်ပြင်းရှိုက်သည်။ ရွှေနေပိုပို ဟန်ဆယ်လိုက်ကာ...

"ကိုယ်တိုင် ပြောရမှာ အားနာလို့လားမှ မသိတာ၊ ပြီးတော့ သူက ရှင်းရှင်းလင်းလင်း ဖြစ်စေချင်တယ်"

"ဘာလို့ ရှင်းရှင်းလင်းလင်း ဖြစ်ချင်ရတာလဲ"

"ခင်ဗျာတို့လည်း တစ်ယောက်တစ်လမ်းစီလျှောက်နေကြပြီပဲ"

"ဘယ်လို"

"စည်းခြားနေကြတာ ကြာပြီလေ၊ အဆက်အသွယ်လည်း မရှိတော့ဘူး"

"တစ်ယောက်တစ်လမ်း လျှောက်တယ်လို့ ဘာကြောင့်ပြောရတာလဲ၊ သူက မိဘအိမ်ပြန်သွားတယ်၊ ကျွန်တော်က အိမ်မှာကျန်ခဲ့တယ်၊ ဒါပဲလေ ကျွန်တော်က ဘယ်လမ်းမှမလျှောက်ပါဘူး"

"ကျွန်တော် ဆိုလိုတာက..."

"တော်ပါပြီဗျာ"

ရွှေနေကို စောဒကမတက်နိုင်အောင် လက်ကာပြတာမိသည်။ ဦးအေးမြင့်က ညီသည်အတွက် လက်ဘက်ရည်တစ်ခွက် ယူလာပေးသည်။

"သောက်လိုက်ပါဦး"

နားထင်ကို လက်ထောက်ရင်း ကောင်းထိန်လင်းပိုင်က စဉ်းစားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ဒီနေ့ ကျွန်တော် အတွင်းရေးမှူးတစ်ယောက်ရွေးဖို့ ရှိနေတယ်၊ ဘာမှ ကျွန်တော့်ဘက်က မပြင်ဆင်ရသေးဘူး၊ ဒါကြောင့် နောက်နေ့မှ ဒီကိစ္စကို လာဆွေးနွေးပါ၊ သူ့ကိုလည်း ပြောလိုက်ပါ၊ ကျွန်တော်နဲ့ လာဆွေးနွေးပါလို့၊ ဖုန်းဆက်လိုက်ပါလို့၊ ပြေပြေလည်လည်ပြောရင် ကျွန်တော့်ဘက်က ဘာမဆိုလိုက်လျှောမယ်၊ သူက ကျွန်တော်ရဲ့ တစ်ဦးတည်းသောဇနီးဟောင်းပါ သူ့ကို ကျွန်တော် အနိုင်မကျင့်ပါဘူး"

ကောင်းထိန်လင်းက ဆက်တိုက်ပြောချလိုက်သည်။

ရွှေနေက မျက်နှာပျက်ပျက်နှင့် လက်ဘက်ရည်ခွက်ကိုသောက်ကာ အကြံထုတ် စဉ်းစားနေသည်။

"သူ့ဘက်က ဖုန်းဆက်မှာ မဟုတ်ဘူး"

"သူက စကားလက်ခံပြောမှာ မဟုတ်ဘူး..."

သူက တအံ့တသြနှင့် ကိုယ်ကြီးမတ်ကာ...

"ဘာလို့လဲ"

"တွေ့ရင်တောင် သူက ရုံးမှာပဲ တွေ့ချင်တယ်တဲ့"

"ဟုတ်လား"

သူ့အသံက ခြောက်ကပ်ကပ်နိုင်သည် မျက်နှာလည်း အိုမင်းရင့်ရော်သွား၏။

"ဒီလောက်တောင်ပဲလား"

နားမလည်စွာ ရေရွတ်မိသည်။ ကြေကွဲနာကျင်မှုက ရင်ထဲပြည့်လာ၏။

"ပြီးရောလေ၊ ကျွန်တော်စဉ်းစားပေးမယ်လို့ပဲ ပြောလိုက်ပါ" ဟု ခေါင်းငိုက်စိုက်ချကာ ကတိပေးလိုက်၏။

"သူက ဘာရပိုင်ခွင့်မှ မလိုချင်ပါဘူးတဲ့"

ရွှေနေက လိုလိုမယ်မယ် ထည့်ပြောထားလိုက်သည်။

"ကွာရှင်းပေးဖို့ တစ်ခုတည်းပါ"

"တော်... တော်"

ကြော့နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းထိန်လင်းပိုင်က မဲ့လိုက်၏။

''ကျွန်တော်ကို ပြန်ခွင့်ပြုပါ''

''ကောင်းပါပြီဗျာ''

ရှေ့နေဦးသက်ထွန်း ထွက်သွားသောအခါ ကောင်းထိန်လင်း အတန်ကြာအောင် ငြိမ်သက်နေသည်။

မိန်းမတွေဟာ ဒီလိုပဲလား၊ ခုလောက် ရက်ရက်စက်စက် လုပ်ရသလား၊ ညှာတာထောက်ထားမှု တစ်စက်မှမရှိ။

ဟိုတုန်းကတော့ နူးညံ့မှုတွေ၊ ကြင်နာမှုတွေ၊ လိုက်လျောမှုတွေ၊ ချွဲနွဲ့မှုတွေ... ဪ... မာယာတွေ၊ မာယာတွေ...။

လှည့်စားလိမ်ညာမှုတွေ၊ အတုရောင်တွေ၊ ဟန်ဆောင်သာယာမှုတွေ အနှစ်သာရမရှိ။ အဓိပ္ပာယ်မရှိ။ ခိုင်ကြည်မှုမရှိ။

သံယောဇဉ် အနည်းအကျဉ်းရှိလျှင်တောင် ခုလိုကြီး လုပ်ရက်မှာ မဟုတ်ပေ။ သူ ဘယ်လိုဖြစ်သွားမလဲ...ဆိုတာ တွေးပုံမရ။

အတူတူ နေလာခဲ့တဲ့ရက်တွေ၊ နွေးနွေးညှည ရက်စွဲပေါင်းများစွာ ဒါတွေအားလုံး မေ့ပစ်လိုက်ပြီလား။

တကယ်ဆို တရားဝင်ကွာရှင်းခွင့်ကို သူ့ဘက်က တောင်းဆိုလာခဲ့လျှင်တောင် လက်ကျန်မေတ္တာလေးနှင့် သူမဘက်က တားရမှာ၊ တောင်းပန်သင့်တာ။ ခုတော့ ကွာရှင်းခြင်းဆိုတာကို သွေးအေး ရဲရင့်စွာ ရင်ဆိုင်နိုင်သူက သူမဟုတ်ဘဲ သူ့ဇနီးဖြစ်နေသည်။

ကောင်းထိန်လင်းပိုင်က ခုံမှထပြီး ပြတင်းတံခါးဘေးသွားရပ်သည်။ သည်မနက် သူ ကံမကောင်းပါလား...။ မိုးလင်းစမှပဲ စိတ်ညစ်စရာ ကြုံရသည်။ သူ့စိတ်တွေ လေးလံမှုန်းကြပ်လာ၏။

စောစောတုန်းက တက်ကြွလန်းဆန်းမှုတွေ၊ နိုးကြားဖျတ်လတ်မှုတွေ၊ ပျော်ရွှင်တည်ငြိမ်မှုတွေအားလုံး ယောက်ယက်ခတ် ပျောက်ဆုံးကုန်သည်။ တရားဝင်ကွာရှင်းခြင်းဆိုတာ သူ့ရင်ကို ဟာကျ သွားစေသည်။ အပျော်အားလုံးကို ဝါးမျိုသွားသည်။

အတူတူ ပြန်ပြီးနေလိုတဲ့ဆန္ဒ ပြင်းထန်လွန်းလို့ရယ် မဟုတ်ပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် သူ့ဆီက အပြီးအပိုင်ခွဲခွာခွင့်ကို ဒီမနက်မှာ တောင်းလာမည်ဟု လုံးဝမထင်ထားခဲ့ပါ။ ပြင်ဆင်မှုမရှိခဲ့။

ရုတ်တရက် ကြားသိရသောခါ တုန်လှုပ်ချောက်ခြားသွားရသည်။ ဘာပိုင်ဆိုင်ခွင့်မှ မတောင်းဆိုဘူးတဲ့လား။

ဒါဆို ရည်ရွယ်ချက်ကဘာလဲ...

သူနှင့် ကင်းကင်းရှင်းရှင်း ဖြစ်ချင်တာဘာ့ကြောင့်လဲ။

အသစ်တစ်ယောက်ကြောင့်လား...

ဇဝေဇဝါတွေးမိလာသည်။ အိမ်ထောင်တစ်ခု ထပ်တည်ဆောက်ချင်လို့သာ မှုလို ရဲဝံ့ပြတ်သားစွာ တောင်းဆိုလာခြင်းဖြစ်မည်။

ကောင်းပါတယ်လေ...

ဒါလည်း ဖြစ်သင့်တာပါပဲ။

ကိုယ်တို့ချင်းကွဲကွာနေကြတာ ကြာပြီပဲ။

ဘာပဲဖြစ်ဖြစ် သူက မိန်းမသား။ အားကိုအားထားဆိုတာ လိုလိမ့်မည်။

မှီစရာ ရင်ခွင်တစ်ခုတော့ ရှိမှပါပဲ။

ငါးမိနစ် ဆယ်မိနစ်အတွင်းမှာ ဇနီးဟောင်းကို ဂရုဏာနှင့် နားလည်ပေးနိုင်လာသည်။

ဒေါသတွေ ငြိမ်သက်သွားသလိုလို ရှိသည်။

ပျော်ရွှင်သာယာမှုကို အသစ်တဖန် ရှာဖွေတွေ့ရှိသွားခဲ့ပြီဆိုရင်လည်း ကိုယ်က အဲဒီအပျော်တွေကို ဆုတ်ယူဖျက်စီးမယ့်လူစားမျိုး မဟုတ်ပါဘူး။ မင်းဆန္ဒတွေကို ဖြည့်ဆည်းပေးချင်တာပါ။

အထီးကျန်ဆန်ဆန် တစ်ယောက်တည်း ကျော်ဖြတ်ခဲ့ရတဲ့ နေ့ခါးခါးတွေအကြောင်း ကိုယ်လည်းသိပါတယ်။ အထူးတလည် ပြောဖို့ မလိုအပ်ပါဘူး။ ညညဆို ကိုယ်တစ်ယောက်တည်း အိမ်ထဲမှာ ခြောက်သွေ့တိတ်ဆိတ်စွာ အိပ်ပျော်အောင် ကြိုးစားခဲ့ရတာပဲ မဟုတ်လား။

သို့သော်လည်းပဲ ကိုယ်ကယောကျ်ားတစ်ယောက်၊ ခံနိုင်ရည်ပိုရှိသည်။ စိတ်ဓာတ်ပိုမာသည်။ အလုပ်တွေများစွာရှိသည်။ အပေါင်း



www.burmeseclassic.com

www.burmeseclassic.com



အသင်းများနှင့် အချိန်ဖြုန်းလို့ရသည်။

လိုအပ်ချက်တစ်ခုကို ဖြည့်စွက်စရာတွေ ထုနှင့်ထေးပါ။

တကယ်ပဲ လက်တွဲဖြုတ်ဖို့ ကြိုးစားခဲ့ပြီဆိုရင်လည်း ဒီကြိုးကို ကိုယ် အလွယ်တကူ ဖြည်ချပေးလိုက်မှာပါ။

"လျှောက်လွှာတင်ထားတဲ့ ကောင်မလေးတွေ ရောက်နေပြီ၊ အဲဒါ... ဘယ်လိုအစီအစဉ်နဲ့ ခေါ်ရမလဲ"

ဦးအေးမြင့်က မေးလာပါသည်။ ကောင်းထိန်လင်းပိုင် အတွေးတွေထဲက လူးလွန့်ထွက်လာသည်။ ရှိနေသောအချိန်ကလေးကို ရှေ့နေဦးသက်ထွန်းက ယူသွားခဲ့ပါပြီ။ သူ့အတွက် ခေါင်းခဲစရာ။

"ဒီလိုလုပ်ပါ၊ ကျွန်တော် ဒီစာရွက်တွေအတိုင်း ခေါ်မယ်ဗျာ။ မရောက်သေးရင်လည်း ကျော်ပစ်ပြီး ပြန်ခေါ်တာပေါ့"

"ဟုတ်ကဲ့"

ကောင်းထိန်လင်းပိုင်က စားပွဲမှာ ပြန်ဝင်ထိုင်သည်။ မျက်မှန်တပ်သည်။ ပထမဆုံး လျှောက်လွှာကို ငုံ့ဖတ်သည်။

"ယမင်းတဲ့ ယမင်းကို ခေါ်လိုက်ပါ"

"ဟုတ်ကဲ့"

စီဗွီလည်း တစ်ခါတည်းဖတ်၊ လူလည်း တစ်ခါတည်းခေါ်တွေ့ တပြိုင်တည်းနှင့် နှစ်ခုလုပ်ရတော့သည်။

အတွင်းရေးမှူးကလည်း မရှိမဖြစ် လိုနေတာ။ တစ်ယောက်လောက်ကိုတော့ ရွေးမှရလိမ့်မည်။ သူက ဟိုသွားဒီသွားနှင့် အတွင်းရေးမှူးမလေးက ထက်မြက်တိကျဖို့၊ ဉာဏ်ရည်မြင့်မားဖို့၊ ဆုံးဖြတ်ချက်မှန်ကန်ဖို့လိုသည်။ သို့မှသာ သူစိတ်ချရမှာ။

"ကျွန်မ... ယမင်းပါရှင်"

"အင်း... ထိုင်ပါ"

ကောင်းထိန်လင်းပိုင်က ဖြူဖြူသွယ်သွယ် ကောင်မလေးကို ကြည့်ကာ လျှောက်လွှာကို ငုံ့ဖတ်သည်။

သည်လျှောက်လွှာတွေ တစ်ထပ်ကြီးထဲက သူလိုချင်တဲ့ အရည်



www.burmeseclassic.com

www.burmeseclassic.com


အချင်းမျိုး စိတ်ချလောက်သော အတွင်းရေးမှူးမလေးတစ်ယောက် ပါနိုင်ကောင်းပါရဲ့ဟု စိတ်လျှော့ထားလိုက်သည်။

"ဦးအေးမြင့်ရေ နောက်တစ်ယောက် သိရိနွယ်တဲ့"

"ဟုတ်ကဲ့...ဟုတ်ကဲ့"

"........."

"နောက်တစ်ယောက်က မိုးမိုးတဲ့ ခေါ်ပါဦး"

"မမိုးမိုး ဝင်လို့ရပါပြီ"

"........."

"ကဲ ဒီတစ်ယောက်က ဘယ်သူ... မခင်လေး၊ မခင်လေးတဲ့ ဦးအေးမြင့်ရေ ညနေလောက်မှပြီးမှာလား"

"သိပ်မကျန်တော့ပါဘူး။ ဆယ့်လေးငါးယောက်ပါ"

"........."

နာရီလက်တံတွေ ရွေ့ကုန်သလို ကောင်းထိန်လင်းလည်း ညောင်းညာစိတ်ရှုပ်လာရပါသည်။ စိတ်ကိုဆွဲဆန့်ပြီး မတ်မတ် ပြင်ထိုင်သည်။

ဟင်း... တဖြည်းဖြည်းနှင့် သုံးယောက်လောက်သာ ကျန်တော့သည်။ မျက်မှန်ကို ခဏဖြုတ်ပြီး နားလိုက်သည်။

ဦးအေးမြင့်က အလိုက်သိစွာ ရေသန့်ဗူးနှင့်ဖန်ခွက် ယူလာပေးသည်။ ရေတစ်ခွက်ထည့်သောက်ပြီး ခဏထလျှောက်ဖြစ်၏။ ပြီးမှ စားပွဲမှာပြန်ထိုင်ကာ အလှည့်ကျသူခေါ်ဖို့ပြင်၏။

"ရွှေရနံ့"

နှုတ်ခမ်းလှုပ်ရုံရွတ်ကြည့်သည်။ ကောင်းထိန်လင်းပိုင် တစ်ချက် တွေသွား၏။ ကိုယ့်ကို မနက်တုန်းက တရားဝင်ကွာရှင်းခွင့် တောင်းခဲ့သော ကိုယ့်ဇနီးဟောင်း၏အမည်နှင့် ဘာလို့ဆင်တူနေရတာလဲ

www.burmeseclassic.com



ကိုယ့်ဖနီး အမည်က "ရွှေရတီ"

ဒါဟာ တိုက်ဆိုင်မှုလား။ ရိုးရိုးသားသားလား။

ကိုယ့်ကံတရားက စိတ်ဝင်စားအောင် ဖန်တီးတာလား။ နာမည် ဆိုတာ တစ်ထပ်တည်းတူတာတောင် ရှိနိုင်သည်။ ခပ်ဆင်ဆင် တူတာ တွေလည်း ရှိနိုင်သည်။

ရွှေရတီ၏ ညီမလေးဆို 'ရွှေရပ်လွှာ'၊ အငယ်ဆုံးမလေးဆို 'ရွှေကြိုးကြာ' ဆင်ကြတာပဲ။ ညီအစ်မချင်းတွေမို့ ဆင်တာထားပါတော့။

'ရွှေအစင်း' ဆိုတာလည်း ကျောင်းတက်တုန်းက ဆုံတွေ့ သိကျွမ်းဖူးပါသည်။ နာမည်ဆင်တာ အဆန်းတကျယ်မဟုတ်။

"ခေါ်ရတော့မလား"

ဦးအေးမြင့်က တော်တော်နှင့်စကားမစသော ကောင်းထိန်လင်း ပိုင်ကို သည်းမခံနိုင်တော့ဘဲ မေးလာ၏။

"ဦးအေးမြင့်ရေ"

"ဗျာ"

"ရွှေရနံ့တဲ့ ခေါ်ပါဦး... ရွှေရနံ့ကို"

"ဟုတ်ကဲ့... ဟုတ်ကဲ့"

ကောင်းထိန်လင်းပိုင်က အခန်းတံခါးဝကို လှမ်းကြည့်နေမိသည်။

ရွှေရနံ့ဆိုတာ ဘယ်လိုပုံစံလေးပါလိမ့်...။

ကိုယ့်အဖို့ သူ့အမည်လေးက ထူးဆန်းနေသည်။

ကိုယ်ပထမဆုံး ရည်းစားထားခဲ့သူလေးက 'ရွှေအစင်း'

ကိုယ်နှင့် ခန်းနားကြီးကျယ်စွာ လက်ထပ်ဖြစ်သူက 'ရွှေရတီ' ကောင်းထိန်လင်းပိုင်ဘဝမှာ 'ရွှေ' ဟူသော စကားလုံးလေးက စိတ်ဝင်စားမှု၊ ရင်ခုန်မှုကို ဖြစ်စေသည်။ ယနေ့တိုင် မေ့မရသော အချစ်ဦးလေးကလည်း 'ရွှေအစင်း'။ ငါးနှစ်ကျော်ကျော် အတူတူနေခဲ့ဖူး သော သံယောဇဉ်အရှိဆုံး၊ အလေးအထားရဆုံးကလည်း 'ရွှေရတီ'။

မှန်တံခါးလေးဟာကာ ညင်ညင်သာသာ ဝင်ရောက်လာသော သဏ္ဌာန်လေးက နူးညံ့နွဲ့နှောင်းလွန်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေမွှေးနံ့သင်းသင်းလေးက ကောင်းထိန်လင်းပိုင်ရှိရာ ရွှေ့လျားသွားသည်။ ခုံဘေးမှာ မတ်တပ်ရပ်ပြီး စကားမဆို နှုတ်ဆိတ်နေသည်။

ကောင်းထိန်လင်းပိုင်က တစ်ချက်ကြည့်ပြီး ကိုင်ထားသော လျှောက်လွှာပေါ် အကြည့်ပြောင်းလိုက်ပါသည်။

ကိုယ်ထင်ထားသလို မဟုတ်ပါ။

သူ့ရှေ့မှာ ရပ်နေသော ရွှေရန့်က သာမန်ရုပ်ကလေးနှင့် သာမန်အလှလောက်သာ ရှိလေသည်။ ထူးထူးခြားခြား ငေးချင်စရာကောင်းသော ရှားပါးအလှ မရှိပါ။ ရိုးရိုးသားသား ပုံစံလေးပါပဲ။

သူ သိခဲ့ဖူးသော ‘ရွှေ’များနှင့် ခြားနားသည်။

‘ရွှေအစင်း’ဆိုလည်း အမည်နှင့်လိုက်ဖက်အောင်ပင်၊ ရင်သပ်ရှုမောချင်စရာအလှကို ပိုင်ဆိုင်သည်။

ရွှေရတီဆိုလည်း သူ လက်ထပ်ယူဖြစ်အောင်ကို ဖမ်းစားနိုင်သောအလှ၊ တင့်တယ်သောအဆင်း ရှိသည်။

ရွှေရန့်ကတော့ သူတို့ကိုမမီ။ တစ်ဝက်စီပင် မမီ။

“ထိုင်ပါ”

ကောင်းထိန်လင်းပိုင် ပြောမိသည်။ ကောင်မလေး ခုံမှာ ကျို့ကျို့ကလေး ဝင်ထိုင်သည်။ စကားမဆို မျက်လွှာချနေသည်။ ကြည့်ရတာတော့ အရှက်အကြောက်ကြီးမည့်ရုပ်၊ မပွင့်တပွင့်ပုံစံကလေး၊ ဖြစ်ပါ့မလား...။ သူလိုချင်တာက ဖြတ်လတ်နိုးကြား၊ သွက်လက်ပွင့်လင်း။ အင်း...တခြားစီ။

“ရွှေရန့်နော်”

တစ်ခြားကောင်မလေးတွေလို ‘ဘယ်သူပါ’ဟု ဝင်ဝင်လာခြင်းလည်း မိတ်မဆက်၊ မြုံစိစိနှင့်၊ ဘာစိတ်ကူးပေါက်ပြီး လာလျှောက်ပါသလဲမှ။ အတွေ့အကြုံလည်း လုံးဝရှိပုံမရ။

ကိုယ့်ကို ဆတ်ခနဲ ခေါင်းညိတ်ပြသည်။

ဟောဗျာ... သေလိုက်ပါတော့။

သူ့ သူငယ်ချင်းများ မှတ်နေသလား။ နာမည်မေးတာကို ခေါင်း

www.burmeseclassic.com



ညိတ်ပြရအောင် ဘယ်လိုကောင်မလေးပါလိမ့်…။

"ဘွဲ့မရသေးဘူးပဲ"

သူရေရွတ်တာကို ငြိမ်နေသည်။ တစ်စုံတစ်ရာ ရှင်းပြပြောဆိုခြင်းမရှိ။

"လေဘာတောင် မတင်ထားဘဲ ဘာစိတ်ကူးနဲ့ အလုပ်ဝင်ချင်တာလဲ" ဟုမေးမိ၏။ ကောင်မလေးဆီက ဘာသံမှထွက်မလာသောအခါ ကောင်းထိန်လင်းပိုင် လှမ်းကြည့်မိသည်။

ပြုံးလို့ပါလား။ နှုတ်ခမ်းဖောင်းဖောင်းလေးတွေက ကလေးတစ်ယောက်လို ပွင့်လင်းရိုးသားသည်။ ဖြူစင်သန့်ရှင်းသည်။

"မင်း… ဒီအလုပ်ကိုလိုချင်တာ သေချာရဲ့လား"

မေးစေ့လေး အပြင်ထုတ်ကာ ဆတ်ခနဲ ခေါင်းညိတ်ပြသည်။

"အချက်အလက်တွေမှ မကိုက်ဘဲ"

သူ့စကားကြောင့် မျက်နှာလေးငယ်သွား၏။ ပြီးတော့ ဖျတ်ခနဲ ထရပ်သည်။ သူ့ကို မျက်လုံးလေး ထောင့်ကပ်ကြည့်ကာ လှည့်ထွက်ဖို့ ပြင်၏။

"ဒါက ဘယ်လဲ"

ကောင်းထိန်လင်းပိုင် လှမ်းမေးမိ၏။ ကြည့်ရတာ ပြန်တော့မည့်ဟန်ပန်။

"ရမှာမဟုတ်ဘူးဆိုတာ သိပါတယ်၊ တစ်ခါမှ မလျှောက်ဖူးလို့ အတွေ့အကြုံရအောင်ပါ၊ ရမယ်လို့လည်း မျှော်လင့်မထားဘူး၊ ခွင့်ပြုပါဦး"

ချာခနဲ လှည့်လျှောက်သွားပုံလေးက ပြတ်မှပြတ်။ တစ်စက်မှ တွေတွေဝေဝေမရှိ၊ လေယူလေသိမ်းကလေးက သိမ်မွေ့ချိုသာသလောက် သြဇာပါသည်။ အသံမှာ ဒီလောက် ဆွဲဆောင်အားပါတာမျိုး မကြုံဖူးခဲ့ပါ။

"နေပါဦး"

တံခါးလက်ကိုင်တွင် တင်ထားသော လက်ကလေး တန့်သွားကာ ခေါင်းလေးငဲ့ကာ ပြန်ကြည့်သည်။ နေရာမရွေ့ ရပ်နေသည်။

"စကားမှ မဆုံးသေးဘဲ ပြန်လို့မရသေးဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘက်ပြန်လှည့်လာသော ပုံစံလေးများ နွေးတုံ့တုံ့။

ကောင်းထိန်လင်းပိုင် မရည်ရွယ်ဘဲ ပြုံးဖြစ်သည်။ သူ့စိတ်တွေ ဘာကြောင့်ပေါ့ပါးသွားရသလဲ။ ဘာကြောင့် သည့်ကောင်မလေးကို ကြည့်ပြီး ပြုံးမိသလဲ။ သူ့ကိုယ်သူ ဆန်းစစ်မိသည်။

သူဆီပြန်လျှောက်လာပြီး ခုံမှာဘေးတစောင်းလေး ဝင်ထိုင်သည်။ ရှေ့ဘက်လှည့်ပြီး တည့်တည့်မထိုင်။ ယာယီခဏတဖြုတ်သဘော။ စကားဆုံးတာနှင့် ထပြန်မည်ဟု ဆုံးဖြတ်ချက် ချထားပုံ။ သူ့ကို မခန့်လောက်ပါဘူးဟုလည်း ပိုင်ပိုင်နိုင်နိုင် ယုံကြည်ထားသည်။ ကိုယ့်ကိုယ်ကို သေချာလှချည်လား၊ သည်လောက်အထိ အထင်ကြီးရသလား။ မရပါဘူးဟု အစကတည်းက စိတ်လျှော့သွေးအေးနေသည်။ ထူးဆန်းလွန်းပါလား…။

ဝင်လာသမျှ ကောင်မလေးတွေက ယုံကြည်မှုအပြည့်၊ မျှော်လင့်ချက်အပြည့်နှင့်ပါ။ မရကာမှ မရရော။ သူ့လို အားလျှော့သော မျက်နှာလေးမဟုတ်။ ဟန်ရှိသည်၊ ယုံကြည်မှုရှိသည်၊ ရဲရင့်ပြတ်သားမှုရှိသည်။

"ဘာလို့ ရမှာမဟုတ်ဘူးလို့ ထင်တာလဲ"

သူ့မေးကြည့်သည်။ သိချင်လို့ပါ။ အဖြစ်မှန်ကို နားထောင်ကြည့်ချင်သည်။ ငှက်ကလေး တေးဆိုသလို စမ်းချောင်းကလေး စီးဆင်းသံလို သာယာနာပျော်ဖွယ်အသံလေးကို သူ နားထောင်နေမိပါသည်။

"အပြင်မှာမေးကြည့်တော့ အားလုံးကဘွဲ့ရပြီးသားတွေ၊ ပြီးတော့ လှလည်းလှကြတယ်၊ အဟင်း…"

ရယ်သံလေးက မပွင့်တပွင့်၊ မျက်လုံးလေးက သူ့ဆီရောက်လာသည်။

"သူတို့ကို ကျော်ပြီး မရနိုင်ဘူးဆိုတာ သိလိုက်လို့ပါ"

"အင်း"

အမှန်တရားကို ချက်ချင်းလက်ခံနိုင်သည်။ ရှားပါးသည့် အရည်အချင်းတစ်ခုပဲ။ ထို့ကြောင့် သူနှင့်တွေ့သောအခါ စိတ်ငြိုး ချပြီးသား ဖြစ်ကာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



''ကွန်ပျူတာကော ကျွမ်းကျင်လား''

''အတွေ့အကြုံမှမရှိဘဲ၊ နောက်တော့ ကျွမ်းကျင်လာမှာပဲ''

''ဒါဆို စပီကင်န်(အင်္ဂလိပ်စကားပြော)ရော...''

''နည်းနည်းလောက်တော့ရပါတယ်''

ကောင်းထိန်လင်းပိုင် အပြုံးတစ်ခုနှင့် ခေါင်းရမ်းမိပါသည်။

''မင်း စက္ကူထရီသင်တန်း ဖွင့်မယ်ကြားလို့ လာတာတော့ မဟုတ်ပါဘူးနော်'' ဟု စ,မိသည်။ ရွှေရန့်က ခေါင်းလေးငုံ့သွားပြီး...။

''ကျွန်မလည်း အားနာလို့ ပြန်တော့မလို့ပါ။ နောက်တစ်ခါ ဆိုရင်တော့ အားလုံးပြင်ဆင်ပြီးမှ လျှောက်တော့မယ်''

ကောင်းထိန်လင်းပိုင်က သူ့ရှေ့မှ မိန်းကလေးကို ငေးကြည့်နေမိသည်။

''မင်းပုံစံက ပျော့လွန်းတယ်၊ မင်းတကယ်လုပ်နိုင်ပါမလား''

ရွှေရန့်က ပြန်မဖြေဘဲ ငြိမ်နေသည်။ တော်တော်ကလေး စဉ်းစားပြီးမှ...

''မသိသေးဘူးလေ၊ ကျွန်မမှ တစ်ခါမှမလုပ်ဘူးတာ၊ ရပါတယ်၊ ဖြစ်ပါတယ်လို့ အာမခံကတိပေးပြီးမှ မလုပ်နိုင်ရင်ရော''

သေလိုက်ပါတော့ ကောင်းထိန်လင်း။ သူ အော်ရယ်ရမလို၊ ဆူငေါက်ရမလို အူလည်လည်ဖြစ်သွားသည်၊ ဘာလဲကွာ သူ့ကို ပြန်မေးရတယ်လို့...။ အထူးအဆန်းမလေးပါလား။ သူများတွေဆို လုပ်နိုင်တာ မလုပ်နိုင်တာ အသာထား၊ ကတိတွေပေးပြီး အပြောတွေကြီး၊ ရွှန်းရွှန်းကို ဝေနေမှာ။ အလုပ်ရသွားဖို့သာအဓိက။ လုပ်ငန်းခွင်ထဲရောက်မှ ညည်းညူ နိုကပ်၊ ပေါ့ဆသွားကြတာ။

''မျှော်မှန်းလစာ မပါပါလား''

''ရှင်''

ကောင်းထိန်လင်း ရေရွတ်တာကို ရွှေရန့်က အံ့အားသင့်နေသည်။

''မျှော်မှန်းသလောက် ပေးမှာမို့လို့လား''

မေးပုံကို ကြည့်ပါတော့။ ဒီလိုမျိုးတစ်ခါမှ မကြုံဖူးခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူကလေး ပုံစံဟန်ပန်အပြောအဆိုက အင်တာဗျူးဝင်နေသော အတွင်းရေးမှူးနှင့် မတူဘဲ၊ ညည့်ခန်းမှာ အစ်ကိုနှင့် စကားပြောနေသော ညီမလေးတစ်ယောက်ပုံစံလို ဖြစ်ကာနေသည်။

"မင်းဘက်က တစ်လကို ဘယ်လောက် အသုံးစရိတ်လိုမလဲ၊ ဘယ်လောက်မှ မင်း အဆင်ပြေမလဲဆိုတာ ပြောကြည့်ပါ"

"အသုံးစရိတ်"

"ဟုတ်တယ်လေ"

ရွှေရန့်က စားပွဲကို လက်ညှိုးထိပ်ကလေးနှင့် ခြစ်ကာ...

"ဘာအသုံးစရိတ်လဲ" ဟု ပြန်မေးလာသည်။ ကောင်းထိန်လင်း သက်ပြင်းချမိသည်။

"မင်း ဘယ်သူနဲ့နေတာလဲ၊ ပိုက်ဆံ ဘယ်လောက်လိုလဲ၊ အဲဒါမေးတာကွ၊ မရှင်းဘူးလား..."

သူ့အသံက ပြတ်သည်။ စိတ်မရှည်သံ။ ရွှေရန့်က သူ့အသံ မာဆတ်ဆတ်ကို လုံးဝ ဂရုမပြုမိသလိုနေသည်။ ကောင်းထိန်လင်း မျက်လုံးရွှေကြည့်ကာ အကဲခတ်မိ၏။ သွေးအေးတာလား၊ အကင်း မပါးတာလား၊ ထုံပေပေနိုင်တာလားတော့ မသိ၊ ဖြစ်မှဖြစ်ပါ့မလား။ သူ တစ်ချက်ပြန်စဉ်းစားမိပါသည်။

"ပိုက်ဆံကတော့ မလိုပါဘူး၊ လေးလေးတို့က ဘာမဆိုလုပ်ပေး တယ်"

ကြည့်ရတာတော့ ပူပန်ပုံမပေါ်။ အရေးတကြီး ငွေလိုပုံမရ။ လခကို ပထမဦးစားပေးထားဟန် မရှိပေ။ ဒါကလည်း ပြည့်စုံနေတာကိုး။

"အိုကေ ကောင်းပြီလေ မင်းကို အစမ်းခန့်ကြည့်မယ်"

"ရှင်..."

ချက်ချင်းကြီး ဆုံးဖြတ်ကာ ပြောလိုက်သောကြောင့် ကောင်မ လေး အံ့ဩသင့်သွားပြီး မျက်နှာကလေး ဝင်းခနဲ လက်သွားသည်။

"စမ်းသပ်ကာလ သုံးလခန့်ကြည့်မယ်"

"ဟုတ်"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ အဲဒီသုံးလမှာ ကျေနပ်အားရမှုရှိရင် အတည်ခန့်မယ်"

"ဟုတ်ကဲ့ပါ"

ခုမှ နည်းနည်းကလေး အားတက်သရော ရှိလာ၏။

"ကျေနပ်မှုမရှိရင် ဆက်မခန့်ဘူး" သူ့စကားကို ခေါင်းညိတ်၏။

"ဒါပေမယ့် တစ်ခုရှိတာက ကိုယ့်ဘက်က သဘောကျလို့ အတည်ခန့်ရင် မင်း အနည်းဆုံး(၂)နှစ် အလုပ်ဝင်ပေးရမယ်"

"ရပါတယ်"

ရွှေရန်နဲ့ နှုတ်ခမ်းလေးတွေ အပျော်ကြောင့် ရယ်မြူးရိပ် သန်းသွားရသည်။ လုံးဝ ရမယ်လို့ကို မထင်တာပါ။ အပြတ်အားလျော့ပြီးသား။

"ဒါဆိုရင် ဘယ်နေ့ အလုပ် စ,ဝင်မလဲ"

"ရပါတယ်၊ ကျွန်မဘက်က အဆင်သင့်ပါပဲ"

"အင်း... သုံးရက်လောက်တော့ ပြင်ဆင်လိုက်ပါဦး"

"ဟုတ်ကဲ့... ကျေးဇူးတင်ပါတယ်"

ရွှေရန်နံ့က မတ်တပ်ရပ်လိုက်သည်။

"နေဦးလေ"

ကောင်းထိန်လင်းပိုင်မှ စကားမဆုံးသေးပဲ။

"မင်းသိပ်မလောပါနဲ့၊ စကားပြောနေရင် 'ဆုံးအောင်နားထောင်ပါ"ဟု သူ ဆိုမိတော့သည်။

"ဟုတ်"

"အလုပ်မဆင်းခင်မှာ မင်းစားပွဲပေါ်ရှိတဲ့ ကွန်ပျူတာကို မင်းလေ့လာကြည့်ပါ၊ လိုအပ်တာပြောပါ၊ ပြီးတော့ စာရင်းတွေ မှတ်တမ်းတွေ အားလုံး ဖိုင်တွဲတွေယူပြီး လေ့လာပါ၊ အဲဒါ မင်းဒီမှာ လာလုပ်ရမယ့် ပထမဆုံးအလုပ်ပဲ"

"ဟုတ်"

ရွှေရန်နံ့က မျက်နှာငယ်ကလေးနှင့် ခေါင်းညိတ်သည်။ ကောင်းထိန်လင်းပိုင်က လိုအပ်တာတွေကို စုံစုံစေ့စေ့ မှာသည်။ သည့်အခါတော့



www.burmeseclassic.com

www.burmeseclassic.com


စကားဆုံးမှ ရွှေရန်နဲ့ မတ်တပ်ရပ်လိုက်၏။

ဖွဖွပြုံးပြပြီး နှုတ်ဆက်လိုက်သည်။

တယ်ဟုတ်ပါလား။

သိပ်ခက်ခဲမယ်ထင်တာ လွယ်လွယ်ကလေး ဖြစ်လာသည်။ အိမ်က လေးလေးတို့သိလျှင် အလုပ်ရသွားတာ ယုံမှယုံပါ့မလားမသိ။ အထင်ကြီးသွားအောင် ကြွားလိုက်ဦးမည်။ ဘုန်းလှိုကိုလည်း ပြောပြရမည်။

အိမ်မှာဆို ရွှေရန်နဲ့တစ်ယောက်ပဲ အလုပ်မရှိ။ အားနေတာ။ မျက်နှာငယ်နေရတာ။ ခုတော့ ရွှေရန်နဲ့လည်း သူတို့လိုပဲ မနက်မိုးလင်းဆို အလုပ်သွားဖို့ပြင်ဆင်။ ဘယ်လောက်ပျော်စရာကောင်းလဲနော်။

အတွေးနှင့်ပင် ပျော်မြူးလာမိသည်။ ထိုကျေနပ်စိတ်နှင့် တာဝန်ကို နိုင်နင်းအောင် လုပ်ဆောင်နိုင်မှာပါ။ ဦးကောင်းထိန်လင်းကို မြင်ယောင်ကာ ပုခုံးလေးကျုံ့မိသည်။

စိတ်ကူးထဲမှာ တွေးထားတာထက် ငယ်သည်။ စိတ်ကူးထဲမှာ တွေးထားတာထက် ခန့်ညားသည်။

စကားပြော ချိုသာသည်။ စူးရှထက်မြက်သော မျက်လုံးတွေရှိသည်။ မှန်ကန်သော ဆုံးဖြတ်ချက်ကို မြန်မြန်ချနိုင်သည်။ တွေတွေဝေဝေမရှိ။ ချီတုံချတုံမဖြစ်။ တစ်ခုခုကို ရဲရဲဆုံးဖြတ်ဝံ့သည်။

ပြောစရာတစ်ခုပဲရှိသည်။ သူ့ပုံစံက ရွှေရန်နဲ့ကို အထင်ကြီးပုံမရ။ ပြီးတော့ အမိန့်ပေးချင်သည်။ ဒါဟာလည်း လျှော့တွက်ထားလို့သာ အနိုင်ပိုင်းချင်တာပါ။

ဦးကောင်းထိန်လင်း အထင်ကြီးလာအောင် ကြိုးစားပြရမည်။ သူထင်သလောက်လည်း ရွှေရန်နဲ့ မညံ့သေးပါဘူး။

ရမှာ မဟုတ်ပါဘူးဟု ထင်ထားတာလေး တစ်ခုတည်းပါ။

ကိုယ့်ကိုယ်ကို ယုံကြည်မှုမရှိတာဟု ရှုံ့ချချင်ရင်လည်း ချတော့ပေါ့လေဟု အပြုံးကလေးတစ်ဝက်နှင့် တွေးမိသည်။

အပြန်လမ်းမှာ ရွှေရန်နဲ့ ဝမ်းသာလုံးဆို့နေသည်။ အတိတ်ထဲသို့



www.burmeseclassic.com

www.burmeseclassic.com



သမင်လည်ပြန်ကြည့်လိုက်ရင် ဒီအလုပ်ရတာ ဘယ်ဇီလောက် ဝမ်းသာဖို့ကောင်းသလဲ ပိုထင်ရှားလာသည်။

ဆယ်တန်းအောင်တုန်းကလောက် မပျော်ပေမယ့်၊ ကိုဘုန်းလျှံနှင့် လက်ထပ်ပေးမည်ဟု သိရတုန်းကလောက် မပျော်ပေမယ့်... ဒီအပျော်သည် တတိယမှာတော့ ရှိနေသည်။ ရွှေရန့်ဘဝမှာ အလုပ်တစ်ခုကို ပထမဆုံး ဝင်ရောက်လုပ်ကိုင်ရမှာ။

ပိုပြီးပျော်တာက စက္ကူထရီဖြစ်ရတာပဲ။

''အတွင်းရေးမှူး''မလေးဆိုတော့ ကုမ္ပဏီမှာ အရေးပါသူတစ်ယောက်ပါ။ နယ်နယ်ရရမှ မဟုတ်တာ။

ကိုယ့်ကိုယ်ကို ဘဝင်တောင် မြင့်ချင်သည်။

***



www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၃ ]

ဘုန်းလျှံက စာဖတ်ရင်း ခါးကို တစ်ချက် ဆန့်လိုက်ခါ။

နံနက်ခင်းရဲ့ လတ်ဆတ်သောလေနုအေးလေးကိုပင် သူ့မှာ မရှူရှိုက်နိုင်။ မနက်ငါးနာရီ မတိုင်ခင်ကတည်းက စာဖတ်နေတာမို့ လူက တော်တော်ညောင်းနေပြီ။

အပြင်က အလင်းရောင်လေးက အခန်းထဲထိ ဖြာဝင်လာတာကို သတိပြုမိတာမို့ စာကြည့်မီးကို သူပိတ်လိုက်သည်။

သူ့ရဲ့အခန်းက အတော်ကျယ်ဝန်းပါသည်။ ကုတင်၊ အိပ်ယာ၊ ဘီရို၊ စာကြည့်စားပွဲနှစ်လုံး၊ ဒရင်းဘက်ကို သူ့နေရာသူ ချထားပြီးသည့်တိုင် လွတ်လွတ်လပ်လပ် လမ်းလျှောက်လို့ရသေးသည်။

ထို့ကြောင့်လည်း စာရွက်ကို လက်ထဲကိုင်ပြီး မတ်တပ်ရပ် တော့င့်တင်းနေသောဇက်ကို ဘယ်ညာတစ်ချက်ချိုး၊ ပြီးတော့ လမ်းလျှောက်ရင်း စာဆက်ဖတ်နေဖို့ စိတ်ကူးလိုက်သည်။

သူ့မှာ ဖတ်စရာ စာအကြွေးတွေ များနေသည်ဖြစ်သော်လည်း နောက်ဆုံးနှစ် ဆေးကျောင်းသားတစ်ယောက်အနေနှင့် သူ မေ့လို့

ကြောင်း...

www.burmeseclassic.com



မဖြစ်ပါ။

သို့သော် လူကတော့ မွှေ့ယာပေါ် ပစ်လှဲပစ်လိုက်ချင်သည်။ ညကလည်း ညဉ့်နက်ထားတော့ အိပ်ရေးကောင်းကောင်း မဝချင်ဘူးလေ။

ဘုန်းလျှံက သက်ပြင်းချသည်။

ထိုအခိုက်မှာပင် အပြင်ဘက်ဧည့်ခန်းဆီက ဖုန်စုပ်စက်သံ ခပ်တိုးတိုးကို ကြားလိုက်ရ၏။

သူ မျက်ခုံးပင့်ကာ လက်မှာပတ်ထားသော နာရီကိုတစ်ချက် မြှောက်ကြည့်လိုက်သည်။

''အား... ခြောက်နာရီတောင် ခွဲနေပါရောလား''

ရွှေရန့် အိမ်သန့်ရှင်းရေးလုပ်နေပြီဆိုတော့ ထမင်းတွေ ထည့်ပြီး သွားလို့သာပေါ့။

ဒါဆို သူ ရေမိုးချိုး နံနက်ခင်းစာစားပြီးတာနှင့် ကျောင်းသွားဖို့ ကွက်တိပဲ။

ထပ်ပြီး အချိန်ဖြုန်းနေလို့ မရတော့။

ဘုန်းလျှံက စာအုပ်တွေသိမ်း၊ စစ်စရာရှိတာစစ်၊ ကျောပိုး အိတ်ထဲထိုးထည့်နှင့် ခပ်မြန်မြန် လှုပ်ရှားလိုက်သည်။ ပြီးလျှင် ဆံပင် တစ်ချက်သပ်ကာ အခန်းပြင်ထွက်ခဲ့၏။

''ရွှေရန့်ကတော့ အချိန်မှန်ပဲကွာ''

ဆိုဖာပေါ်က မှီအုံးလေးတွေကို နေရာတကျ ထားသိုနေရင်းက သူ့ကို ဖျတ်ခနဲ မော့ကြည့်သည်။

''ကိုဘုန်းလျှံက နောက်ကျနေတာ''

''အေးကွာ... စာဖတ်လို့မှမပြီးတာ၊ အခုအမြန်ချိုးမှ ဖြစ်မယ်''

ဘုန်းလျှံက နံရံကပ်မှန်ထဲ သူ့မျက်နှာသူ သွားကြည့်ပြီး...

''အား... မုတ်ဆိတ်ရိပ်ရဦးမှာ မနေ့ကဝယ်လာတဲ့ ဓါး အသစ်ဗူး ဘယ်ထားမိပါလိမ့်၊ ဟာကွာ... အရေးထဲ၊ ကြီးမေ ဗျို့... ကြီးမေ...''

သူလိုချင်တာ ရှာခိုင်းဖို့ ရည်ရွယ်ချက်နှင့် ချက်ချင်းအော်



www.burmeseclassic.com

www.burmeseclassic.com


ခေါ်တော့၏။

ကြီးမေဆီက ထူးသံမကြားလျှင် သူ့မှာ မျက်မှောင်ကုပ်ကြီး ကုပ်သွားပြီး။

"ကြီးမေရေ... ဟာ ဘယ်ရောက်နေပါလိမ့်"

"ကြီးမေ ခြံထဲမှာ ကိုဘုန်းလျှံရဲ့ ခဏနေပါဦး ရွှေရန့် ရှာပေးပါ့မယ်"

ရွှေရန့်က လုပ်လက်စအလုပ်တွေကို ထားခဲ့ပြီး မုတ်ဆိတ်ရိပ်ဓါး ကူရှာပေးရပါသည်။

"ဒီမှာ ဒီစားပွဲပေါ်တင် ကိုဘုန်းလျှံမှ မသိမ်းရသေးတာ"

"ဟုတ်လား... ပေး...ပေး"

သူက မေးစေ့ကို ခရင်မ်ဖြူဖြူတွေ မြန်မြန် ပွတ်လိုက်သည်။

မနက်မိုးလင်းတာနှင့် ဒီအိမ်က လူတွေအားလုံး ဒုန်းစိုင်း ပြေးလွှားလှုပ်ရှားကြတာချည်းပါပဲ။

လေးလေးကလည်း နံနက်ခင်းလမ်းလျှောက်။ ပြီးရင် မုန့်စား၊ ရေချိုး၊ ရုံးသွားဖို့ပြင်၊ ထမင်းချိုင့်ယူ၊ ကားပေါ်တက် သူ့အစီ အစဉ်နှင့်သူ မအား။

ဒေါ်လေးကျတော့လည်း ဘာမှမထူး။ ဘုရားရှိခိုး၊ အိမ် ဗာဂီရ စီမံ၊ ရေချိုး အဝတ်အစားလဲ ဆွဲခြင်းထဲ လိုအပ်တာတွေ အပြည့်အစုံ ပါအောင်ထည့်၊ ပြီးရင် ရတနာဆိုင်ထွက်ဖို့ အချိန်မီသွား။

ကိုဘုန်းလျှံကတော့ ကျူရှင်ရော ကျောင်းရောမို့ သူ့အလုပ်က ပိုတောင်ရှုတ်သေး။

ရွှေရန့်နှင့်ကြီးမေမှာ သူတို့နှင့်အတူ ရောကာဝိုင်းဝန်း ပြင်ဆင် ပေးပြီး မောကျန်ရစ်တတ်သည်။

"ရွှေရန့်"

"ရှင်"

"ဖျော်ရည် လုပ်ထားပြီးပြီလား"

"အင်း...ပြီးပြီ ဖရဲရေခဲ့ထဲမှာ အဆင့်သင့်ပဲ"


www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ ဘာလဲ"

"သင်္ဘောသီး"

"ကောင်းတယ် ရွှေရန့်ရော စားပြီးပြီလား၊ ဘာစားလဲ"

ရွှေရန့်က ချက်ချင်းမဖြေသေးဘဲ ပါးပြင်လေးကို လက်ဝါးနှင့် ပွတ်နေကာ...

"ဟာ... ဘာလဲဆို"

"မုန့်ဟင်းခါး"

"လုပ်ပြန်ပြီကွာ ဘယ်လောက်ပဲ ပြောထားပြောထား ဒီမုန့်ဟင်းခါးပဲလား၊ ပူစပ်ပူလောင်နဲ့ ရေပ်သီးမှုန့်တွေ နင်းကန်ထည့်သေးတော့ ရွှေရန့် မျက်နှာဝက်ခြံပေါက်မှာ မကြောက်ဘူးလား"

ရွှေရန့်က မျက်နှာလေးရှုံ့ကာ ဘာမှမဖြေ။

ကိုယ်က ကြိုက်မိတာကိုး။ ဘာတတ်နိုင်မလဲ။ မနက်မိုးလင်းရင် ထမင်းကြော်စား၊ ဒါမှမဟုတ် မုန့်ဟင်းခါးစားရမှ ဗိုက်ပြည့်သည်။

ကိုဘုန်းလျှံလို လတ်ဆတ်သန့်ရှင်းသော သစ်သီးဖျော်ရည် အေးအေးလေးတစ်ခွက်ဖြင့် မရောင့်ရဲနိုင်ပါ။

"ဘရိတ်ဖတ်စ် ဆိုတာ ဘယ်လောက်အရေးကြီးသလဲ ရွှေရန့် သိသလား၊ ဒါမိုးလင်း ပထမဆုံး အစာအိမ်ထဲ ဦးဦးဖျားဖျားရောက်တဲ့ အစာကွ၊ အပူအစပ်တွေ မဖြစ်သင့်ဘူး၊ အချဉ်လည်း မဖြစ်သင့်ဘူး၊ သစ်သီးတစ်မျိုးမျိုး ဖျော်သောက်ပါဆိုကွာ၊ အဲဒီ အသီးဖျော်ရည်လေးက အူလမ်းကြောင်းနဲ့ အစာအိမ်အတွက် ဘယ်လောက် အကျိုးပြုသလဲ။ လာ... ကိုယ်နဲ့ အတူတူဖျော်ရည်သောက်တဲ့အကျင့်လုပ်"

"ဟင့်အင်း... ရွှေရန့် ဗိုက်ပြည့်နေပြီ"

သူမက တွန့်ဆုတ်ဆုတ် ငြင်းပယ်နေပြီ။

အဲဒီဖျော်ရည်က သင်္ဘောသီးတို့၊ ပန်းသီးတို့ဆို နည်းနည်း တော်သေးသည်။ ငှက်ပျောသီး ဖျော်ရည်ဆိုရင်တော့ သူမ အသေမုန်း တာ။ ဘယ်လိုမှ သောက်လို့မရ။

"လာပါ... ဒါဖြင့်လည်း လာထိုင်၊ ကိုယ်တစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



ချင်းလို့ပါ''

ဒီတော့မှ ရွှေရန့် ပါလာသည်။

ရေခဲသေတ္တာထဲက ဖျော်ရည်ဖန်ချိုင့်လေးကို ထုတ်ယူပြီး ဖန်ခွက်ထဲထည့်ပေး၏။

ပြီးလျှင် သူ့အကြိုက် ကော်ဖီခါးခါး တစ်ခွက်ဖျော်သည်။

ဘာပဲပြောပြော ဘုန်းလျှံအတွက်တော့ အဆင်ပြေပါသည်။

သမင်းချိုင့်ထဲလည်း ရွှေရန့်လက်ရာ ဖွယ်ဖွယ်ရာရာလေးပါသည်။

မနက်ခင်းလည်း သူ့စိတ်တိုင်းကျ အချိုပေါ့ပေါ့ ဖျော်ရည်အေးအေးလေး အဆင်သင့်။

ကြီးမေက တတ်နိုင်သမျှ သူ့အကြိုက် တာဝန်ယူဖြည့်ဆည်းပေးပေမယ့် ရွှေရန့်လိုတော့ အလိုက်မသိ။ အချိန်မပေးနိုင်ဘူးလေ။

ရွှေရန့်ရှိတော့ သိပ်ကို ဘဝင်ကျအဆင်ပြေနေတာ အမှန်ပါ။

ရွှေရန့်က သန့်ပြန့်မွေးကြိုင်ကာ ကျောင်းသွားဖို့အသင့်ဖြစ်နေသော ကိုဘုန်းလျှံကို အသာကလေး ခိုးမော့ကြည့်ဖြစ်သည်။

အင်း... သူဟာ...ရွှေရန့်အတွက်တော့ အိပ်မက်ထဲက မင်းသားလေးတစ်ပါးလို ပြီးပြည့်စုံနေသည်။

အရပ်မြင့်မြင့် ကိုယ်ဟန်ကျစ်ကျစ်ဖွံ့ဖွံ့နှင့် ခပ်မတ်မတ်စတိုင်လ်မျိုး ပိုင်ဆိုင်သည်လေ။ ပြီးတော့ စည်းကမ်းကြီးတာ၊ စနစ်ကျတာ၊ အနေတည်တာ၊ ဘာမဆို ဦးဆောင်ဖြေရှင်းတတ်တဲ့ စိတ်ဓာတ်မျိုးရှိတာ၊ မခိုမကပ်တတ်တာ စကားကို အပြုံးတစ်မျိုးဖြင့် ခပ်အေးအေး စိတ်ဝင်စားအောင်ပြောနိုင်စွမ်းရှိတာ။

အင်း... ရွှေရန့် မပြောတတ်တာတွေလည်း အများကြီးရှိပါသေးသည်။

ပညာတတ်ဆန်တာ၊ အကောင်းမြင်တတ်တာ၊ နားလည်မှုရှိတာ၊ အကြင်နာစိတ်ထားတတ်တာ၊ သူ့မှာရှိတဲ့အကျင့်တွေအားလုံးမှာ ရွှေရန့်အတွက် စံပြုလောက်စရာ၊ လေးစားအားကိုးဖွယ်ရာတွေသာ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ ပစ္စည်းတစ်ခုကို အထားမှားပြီး ဝိုင်းကူရှာဖွေပေးဦး အော်ဟစ်တတ်တာမျိုးလေး သူမှာ ချွတ်ယွင်းချက်ရှိပေမယ့် အဲဒီ ချို့ယွင်းချက်ကို ရွှေရန့်က သဘောပေါက်ကျမိသေးတာ။

ထိုအခါမျိုးမှာဘဲ သူဟာ အလိုမကျ ဖွတ်တရွတ်ဆန်သော ကလေးတစ်ယောက်နှင့် အလားသဏ္ဌာန်တူသည် မဟုတ်လား။

ထိုအချိန်မျိုးမှာ မျက်ခုံးလေးကျုံ့ထားတဲ့ သူ့မျက်နှာလေးက ရွှေရန့်မျက်စိထဲ ဆန်းကြယ်စွာ ကြည့်ကောင်းသည်။

အမြဲတမ်း ဆရာလုပ်တတ်သော ကိုဘုန်းလျှံ အဲဒီတစ်ခဏမှာ ကလေးဆိုးလို ဖြစ်သွားတာ။ ရွှေရန့်ရင်ထဲ နွေးထွေးစွာ သူ့ကို အဆပေါင်းများစွာတိုးလို့ ခင်တွယ်သွားစေသည်။

သူ့ရဲ့ အမှတ်မထင်အပြုအမူလေးတွေက ရွှေရန့်အတွက်တော့ အမြဲတမ်း စွဲမက်ရင်ခုန်ဖွယ်ကောင်းသလိုလို ထင်မိသည်။

ကိုဘုန်းလျှံက ကော်ဖီတစ်ကျိုက်တည်းမော့သောက်လိုက် ပြီးနောက် ကျောပိုးအိတ်ကို ကောက်လွယ်သည်။ရွှေရန့်က ထမင်းချိုင့်ကို ယူပေးလိုက်၏။

"ကဲ... ကိုယ်သွားမယ်"

သူမ ခေါင်းကို တစ်ချက်ပုတ်ကာ နှုတ်ဆက်သည်။

သူ့နောက်က လိုက်ပါကာ တံခါးဝအပြင်ဘက်ထိ လိုက်ပို့မိတာ လည်း ရွှေရန့်ရဲ့ အကျင့်ပါ။

သူ့ကားနားရောက်မှ...

"ကိုဘုန်းလျှံ"

သူကဒီဘက်ကို ဆတ်ခနဲလှည့်၍ ဘာလဲဆိုသော ပုံစံနှင့် မေးဆတ်သည်။

"အပြန်ကျရင် ကျူရှင်တဆက်တည်း သွားမှာလား"

သူက ကျောပိုးအိတ်ကို ကားထဲပစ်ထည့်ပြီး...။

"တကယ်လို့ နောက်ကျမယ်ဆိုရင် ကိုယ်ဖုန်းဆက်မယ်လို့ မေမေကို ပြောထားလေ... ဟုတ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

သူကားပေါ်တက် စက်နှိုးထွက်သွားတာကို မျက်စေ့တဆုံး လိုက်ကြည့်နေမိသည်။ သူအပြင်ထွက်သွားတာနှင့် အိမ်ကြီးက ခြောက်ကပ် ကျန်ရစ်သည်ဟု ခွေ့ရနံ့ထင်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၄ ]

ရွှေရန်နုံက ရေချိုးခန်းထဲဆောင့်ကြောင့်လေးထိုင်လျက် အဝတ်လျှော်ဇလုံထဲ ဆပ်ပြာမှုန့်စိမ်ထားသော ကိုဘုန်းလှုံ့ရဲ့ ကုတ်အင်္ကျီထူကြီးကို ဆယ်ယူလိုက်သည်။ ပြီးလျှင် ကော်လံနေရာကို သူမလက်နုနုနှင့် သေချာပွတ်လျှော်နေမိလေသည်။

သူ့အင်္ကျီကို ရွှေရန်နုံ့အမြဲတမ်းပဲ သီးသန့်လျှော်ဖွတ်ပေးသည်။

ရင်ထဲက စေတနာပါပါနှင့် လုပ်ပေးတာပါ။ ဒေါ်လေးတို့တစ်အိမ်သားလုံးဟာ သူမရဲ့ ကျေးဇူးရှင်တွေပဲ မဟုတ်လား။

အနေအထိုင်ပိရိကာ၊ အပိုးကျိုးနေတတ်ဖို့၊ ဒေါ်လေးတို့ကို ရိုသေကျိုးနွံဖို့၊ အစစအရာရာ လိမ္မာသိတတ်ဖို့တွေ မေမေ တဖွဖွမှာခဲ့တာ နားထဲကမထွက်ပါ။

ရွှေရန်နုံ့အနေနှင့် မိဘကျေးဇူး ဆပ်နိုင်ဖို့ရာ မေမေ မကွယ်လွန်ခင်က မှာကြားခဲ့တာတွေကို စွဲမှတ်လိုက်နာဖို့ပဲ ဖြစ်သည်။

ဒီအိမ်မှာ ကျိုးကျိုးနွံနွံနေဖို့နှင့် ကျေးဇူးသိတတ်ဖို့က သူမ၏ ဝတ္တရားပင် မဟုတ်လား။

ကြီးမေ သူမအဝတ်လျှော်နေတာကို ရေချိုးခန်းအဝမှ လာရပ်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး…

"အလကားသက်သက် အပင်ပန်းခံလို့ ရွှေရန့်ရယ်၊ မောင်ဘုန်းလျှံအဝတ်တွေ စက်ထဲထည့်လျှော်လိုက်ပါဆိုတာ ပြောမရဘူး"

"စက်နဲ့လျှော်ရင် စိတ်တိုင်းမကျပါဘူး၊ ကိုဘုန်းလျှံကလည်း သူ့အဝတ်အစားတွေ လက်နဲ့လျှော်မှ ပိုသဘောကျတာ ကြီးမေရဲ့ ရွှေရန့်လည်း ပင်ပန်းတာမှ မဟုတ်တာ၊ ခဏလေးရယ်"

ကြီးမေပုံစံက ပြောမရလည်းလက်လျှော့ပါရဲ့ဆိုသော ပုံစံနှင့်…။

"အေးပါ…ညည်းလေးသဘောပါ"

"ကိုဘုန်းလျှံ ဆရာဝန်ဖြစ်ရင် ဆေးထိုးအပ်ကြီးကြီးနဲ့ ကြီးမေကို အားဆေးသွင်းပေးခိုင်းပါ့မယ်…နော်"

"အမယ်လေးတော် ဖွဟဲ့…၊ မဟုတ်တာတွေ ကျုပ် တစ်သက် ဘာဆေးမှ မထိုးဖူးပါဘူး၊ မလုပ်ပါနဲ့ ကျုပ်တို့အားဆေး မလိုဘူး၊ အားမှ ရှိလွန်းလို့"

"အဟင်း…ဟင်း"

လက်တခါခါ ရှုံ့မဲ့လိုက်သော ကြီးမေကိုကြည့်ကာ ရွှေရန့်က ခေါင်းမော့ရယ်လိုက်ပါသည်။

ကိုဘုန်းလျှံပြောတာတော့ ဆေးထိုးအပ်ကို လူတော်တော်များများ ကြောက်တတ်သတဲ့။

ကြီးမေကတော့ ပြောလိုက်ရုံနှင့် ကျောချမ်းသလို ပုခုံးကြီး ကျုံ့သွားတာမို့ ပိုရယ်ရသည်။

"ဟွန်း ကျုပ်ကိုရယ်နေ ညည်းလေးအလှည့်ကျမှ သိမယ်"

ရွှေရန့် ကြည်နူးစွာ ပြုံးနေမိ၏။

သူဆရာဝန်ဖြစ်တဲ့အခါ ရွှေရန့်က သူ့ကို အစစအရာရာ ကူညီနိုင်သော ပါရမီဖြည့်ဖက် ဖြစ်စေရမည်။

သူ့ရဲ့ ပါရမီဖြည့်ဖက်ဘဝ…။

အင်း…တွေးလိုက်တာနဲ့ ရင်ဖိုသလိုလို၊ ကြောက်နေသလိုလို တကယ်တမ်း အဲလို ဖြစ်နိုင်ပါ့မလား။ အို… နောင်တစ်ချိန် ရွှေရန့်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ကိုဘုန်းလျှံတို့ရဲ့ အနာဂတ်ဟာ ဘယ်လိုလာမှာပါလိမ့်…။

ခပ်ငယ်ငယ်ကတည်းက လူကြီးချင်း ပြောဆိုပြီးသား။ သားရေး သမီးရေးကိစ္စဟာ တစ်ချိန်ချိန် မလွဲမသွေလက်ခံရမှာဘဲ။ ရွှေရန့်ဘက်က ခေါင်းညိတ်ရမှာပဲ မဟုတ်လား။

"ကောင်မလေးနော် အိမ်မှာပဲ အလုပ်တွေ သိမ်းကျုံးလုပ်ပြီး စိတ်ကူးယဉ်မနေနဲ့၊ တော်ကြာ မောင်ဘုန်းလျှံက ဆရာဝန်မချောချော လေး တွေ့သွားမှဖြင့်…"

"အာ…ကြီးမေနော် ဘာတွေလျှောက်ပြောနေတာလဲ"

ရွှေရန့် မျက်နှာလေး နီရဲသွားရသည်။

"စ,တာပါသမီးရယ်၊ မောင်ဘုန်းလျှံက လူတည်လူအေးပါ၊ မိဘစကား အမြဲနားထောင်တာပါ"

"ကြီးမေ…တံခါးဘဲလ်သံကြားတယ်၊ ကြည့်ပါဦး နွားနို့ လာပို့တာလား မသိဘူး"

"အေး…အေး"

တော်ပါသေးရဲ့။

ကြီးမေ ပြေးထွက်သွားသဖြင့် ရွှေရန့်က ပင့်သက်ကလေး ရှိုက်လိုက်သည်။ ပြီးလျှင် ရေဆေးပြီးသွားသော ရှပ်အင်္ကျီတွေကို ဝရံတာထွက်ပြီး ချိတ်ကလေးနှင့် သပ်သပ်ယပ်ယပ် ချိတ်လှမ်းလိုက်သည်။ ခြံထဲကို လှမ်းကြည့်တော့ မြက်ခင်းပြင်စိမ်းမြမြနှင့် ပွင့်နေသော ပန်း တချို့ကို စိတ်အေးချမ်းဖွယ်မြင်ရသည်။

အနီးအနားက တခြားခြံတွေလည်းပဲ လှပစိမ်းစိုနေတာပါပဲ။

ရွှေရန့်ဘဝမှာ ဒီလိုခြံကျယ်ကျယ်နှင့် တိုက်လှလှလေးပေါ် အေးအေးဆေးဆေး နေခွင့်ရတာသည်လည်း ဒေါ်လေးခင်ခင် ကျေးဇူး ပါပဲ။ ဆယ်တန်းနှစ်လယ်ခန့်မှာ ဒီအိမ်ကို ရောက်ခဲ့၊ လာခဲ့တဲ့ နေ့တစ်နေ့ ကို မရည်ရွယ်ဘဲ ပြန်တွေးတောလိုက်မိ၏။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၅ ]

"သားရေ...ထွက်ခဲ့ပါဦး၊ ဒီမှာ ဘယ်သူရောက်နေသလဲ၊ လာကြည့်..."

ဒေါ်လေး လှမ်းခေါ်လိုက်ကတည်းက ရင်ခုန်မြန်သွားရသော ရွှေရန့်မှာ ဖက်ဖူးရောင်တီရှပ်နှင့် ဒွဲပွဘောင်းဘီအနက်ရောင်စိုစိုကို ခါးပတ်ပတ်ကာ သပ်သပ်ရပ်ရပ် ကျော့မတ်အောင် ဝတ်ဆင်ထားသော အရပ်မြင့်မြင့်၊ ခပ်ချောချော လူတစ်ယောက် သူ့မရှေ့ ဖြန်းခနဲ ရောက်လာတော့ ပိုလို့ပင် လက်ဖျားတွေ အေးစက်သွားရသည်။

သူ့ကို မျက်လုံးဝိုင်းဝိုင်းလေးဖြင့် မရဲတရဲကြည့်လိုက်သော ကောင်မလေးဟန်ပန်ကြောင့် ဘုန်းလှို့ ရယ်ချင်သွားရသည်။

"ဟော့ ကောင်မလေး...ကိုယ့်ကို မှတ်မိလား"

ခေါင်းလိမ်းဆီ တမျိုးမျိုး လိမ်းကာဖြီးထားသလိုမျိုး ဆံပင်က နက်မှောင်စိုလက် သပ်ယပ်နေပြီး မွေးညှင်းတို့ ရိပ်သင်ပြီးစ [illegible] မျက်နှာချောချောမှာ ပြုံးတုံ့တုံ့ နှုတ်ခမ်းအစုံကလည်း ဆွဲဆောင်မှုရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူဟာ ကိုဘုန်းလျှံပေါ့...

သူ အဲဒီလောက်ပင် ချောမောကြည့်ကောင်းသလား။ ငယ်ငယ်ကတည်းက ထိုနာမည်ကိုကြားလျှင် ရှက်ရအနေခက်ရမလို၊ နှုတ်ခမ်းစူစိတ်ကောက်ရမလို၊ သူ့မကို မတည်မငြိမ်ဖြစ်အောင် ဖမ်းစားထားခဲ့တာ။

လူချင်းဆုံလို့မှ သူ့မျက်နှာရဲရဲမကြည့်ရဲခဲ့တာလည်း အမှန်ပါ။

ယခုတော့ ရွှေရန်နုက ကြောက်စိတ်၊ ရှက်စိတ်တွေဖယ်ကာ သူ့ကို ရဲရဲမော့ကြည့်ဖို့ ကြိုးစားရသည်။

''ဘာကြည့်နေတာလဲကွ... မမှတ်မိဘူးလား''

''မှတ်မိပါတယ်''

''တော်သေးတယ်၊ မင်းကမှတ်မိလို့။ မင်းကို တခြားနေရာမှာသာတွေ့ရင် ရွှေရန်နုမှန်း သိမှာတောင်မဟုတ်ဘူး၊ မင်း တကယ် လူကြီးမကြီးအတိုင်းပဲ၊ ဟိုတစ်ခေါက် မန္တလေးမှာ ဆုံကြတုန်းက မင်းပုံစံကဂါဝန်လေးနဲ့ တကယ့်ချာတိတ်ပေါက်စကွာ... သိလား၊ အခု အရမ်းရုပ်ပြောင်းသွားတယ်''

ဘုန်းလျှံ တကယ်ပြောလိုက်တာပါ။

အရင်တုန်းက ချာတိတ်ပေါက်စလေးနှင့် သူ့ကို သဘောတူတယ်ပြောတော့ သူက အော်အော်ရယ်တာ။

လူကို မြင်လျှင် လစ်ပြေးချင်သော ထိုကလေးမကို သူ့မှာ ရယ်ချင်ရုံထက် မပိုခဲ့တာအမှန်ပါ။

မေမေကသာ သူ့အချစ်ဆုံး သူငယ်ချင်းရဲ့သမီးမို့ ရင်းနှီးခင်မင်စေချင်တာလေ။

ယခုတော့ ဒေါ်နွယ်နီလည်း ဆုံးသွားပြီမို့ မိဘမဲ့တစ်ကောင်ကြွက်ဖြစ်နေရှာသော ရွှေရန်နုကို မေမေက သွားရောက်ခေါ်ယူလာခဲ့ပြီ။

''ရွှေရန်နုက ဆယ်တန်းတောင် ရောက်နေပြီလေ သားရဲ့''

''ဟုတ်တယ်... သူ ဆယ်တန်း''

အချိန်ကာလတွေက အမှန်ပင်ရွှေ့လျားလာခဲ့တာကိုး။ သူ့မပုံစံလေးက အရင်ကနှင့် ဘာမှမဆိုင်။



www.burmeseclassic.com

www.burmeseclassic.com


အရပ်မြင့်မြင့် ကိုယ်လုံးသွယ်လျလျနှင့် အသားအရေလေးကလည်း ဖြူနှစ်ဝင်းမွတ်လို့ပါလား။

ပန်းနုပျော့ပျော့ ရင်စေ့အင်္ကျီလေးကို အနက်ပေါ် ပန်းနုစပေါ့လေးတွေပါသည့် လုံချည်လေးနှင့် တွဲဝတ်ထားတာ ဘာမှမထူးဆန်းဘဲ ချစ်စဖွယ် တင့်တယ်နေသည်။

ဆံပင်ရှည်တို့ကို နောက်ဖက်အပြောင်သိမ်းထားတော့ နဖူးပြေပြေနှင့် မျက်နှာလေးက ပို၍ပေါ်လွင်နေသည်။

ကျစ်ဆံမြီးလေးနှစ်ဖက်ခွဲကျစ်ထားသော သူမပုံစံလေးဟာ ရိုးမလိုလိုနှင့် အမြင်ဆန်းနေသည်။

မျက်နှာလေးကတော့ ငယ်ရုပ်နည်းနည်း ကျန်နေသည်။ မပြုပြင်သော နဂိုမျက်ခုံးထူထူတန်းတန်းလေးရယ်၊ ကော့သောမျက်တောင်တို့နှင့် မျက်နက်ဝိုင်းလေးရယ်၊ ပြီးတော့ ထူထူစုစု နှုတ်ခမ်းထော်လေးရယ်။

ခြုံငုံပြောရရင်တော့ ရွှေရန့်က မိန်းချောလေးတစ်ဦးဖြစ်နေပါရော့လား။

ကိုဘုန်းလျှံက စေ့စေ့ကြည့်နေသဖြင့် ရွှေရန့်ခေါင်းလေးငုံ့သွားရသည်။

"သမီးက ဒီမှာပဲကျောင်းဆက်တက်ရမယ်လေ… အဲဒါ လိုအပ်တာတွေ သွားလိုက်လုပ်ပေးလိုက်ပါကွယ်"

"ဟုတ်ကဲ့ပါ"

"သားသူချင်းတွေထဲက ဂိုက်လုပ်နေတဲ့ တစ်ယောက်လည်း ရှာပေးဦး၊ ရွှေရန့်ကို အနီးကပ်ကြီးကြပ်နိုင်အောင်…"

"အာ…ဂိုက်ထားဖို့ မလိုသေးပါဘူး သားသူငယ်ချင်းတွေလည်း အားမှမအားတာ…"

ဘုန်းလျှံက စကားပိတ် ဆိုလိုက်သည်။

သူငယ်ချင်းကောင်လေးတွေတော့ ရွှေရန့်နှင့် မတွေ့စေချင် ဒီကောင်တွေက ပြောင်ပြောင်နောက်နောက်သမားတွေ။

အခုမှ နယ်ကရောက်လာတဲ့ ရွှေရန့် အေးအေးသူသူလေးနှင့်

ကြောင်နှစ်ကောင်တား

www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ မဖြစ်နိုင်။

''ဒါဖြင့် ဘယ်လိုလုပ်မလဲ သားကလည်း ကိုယ့်ကျောင်းစာနဲ့ ကိုယ်ပိနေတော့ သမီးစာမေးချင်ရင်...''

''ကျွန်တော် ဝိုင်းကောင်းကောင်း စုံစမ်းပြီး အပ်ပေးမှာပါ မေမေရာ စိတ်ချစမ်းပါ၊ စာမေးပွဲနီးရင်တော့ ဂိုက်တစ်ယောက်လည်း ခေါ်ပေးမှာပါ ဘာမှမပူနဲ့ ရွှေရန့် နှစ်ချင်းပေါက်စေရမယ်''

''အမယ်... မေမေ့သမီးက ဒီတွေပါချင်တာ...''

''ဟော့...မင်းတကယ်ကြိုးစားမှာလား...''

''ဟုတ်ကဲ့''

''ဒါဆိုရင် အောဒီထွက်အောင်လုပ်...၊ ဒါပဲ...''

''ဟင် အဲဒါတော့...''

''ဘာဖြစ်လဲ''

''အားလုံး ဂုဏ်ထူးရဖို့က ဘယ်လွယ်မလဲ...''

''ဟ... ဒါကြောင့်မင်းကို ကြိုးစားရမယ်လို့ ပြောနေတာပေါ့''

''ကျွန်မက ကိုဘုန်းလျှံလို ဉာဏ်ကောင်းဦးမှကိုး...''

''မင်း ကိုယ့်လို ဆရာဝန် မလုပ်ချင်ဘူးလား''

''ဟင့်အင်း...''

ခေါင်းယမ်းတော့ သူ့ရော အမေရော အံ့ဩသွားသည်။

ဆယ်တန်းအများစုက ဆေးကျောင်းအမှတ် မဝင်မှာသာမဝင်ရော ဆရာဝန် မဖြစ်ချင်တာတော့ ခပ်ရှားရှားမဟုတ်လား''

''ဘာကြောင့်လဲ''

''ဝါသနာမပါဘူး''

''ဒါဖြင့်ဘာလုပ်ချင်သလဲ''

''ဘာလဲ ကုမ္ပဏီမှာ စက္ကူထရီလား...''

''မဟုတ်ပါဘူး ရွှေရန့်က ကုမ္ပဏီထောင်ချင်တာ''

''ဟောဗျာ အမေတို့ရွှေရန့်က အလာကြီးပါလားဗျ၊ သူက ကုမ္ပဏီထောင်ချင်တာနော်...၊ နယ်နယ်ရရမဟုတ်ဘူး ဟား...ဟား''



www.burmeseclassic.com

www.burmeseclassic.com



သူမကို စချင်သလို တဟားဟား ရယ်လိုက်သော ကိုဘုန်းလျှံကို မျက်စောင်းတစ်ချက် အသာခဲမိတော့သည်။

●●●

မီးဖိုခန်းထဲ ဝင်လိုက်တာနဲ့ ပုဇွန်ကင်နံ့နှင့် ရှောက်သီးရနံ့မွှေးပျံ့ပျံ့က လှူကိုလာရောက်ဆွဲဆောင်စေသည်။

''ဟော့ ကောင်မလေး... ဘာတွေချက်နေတာလဲ''

သူ့ကိုလှည့်ကြည့်လိုက်တော့ မျက်နှာနုနုလေးမှာ ဘယ်ညာပါးနှစ်ဖက် သနပ်ခါးပါးကွက် ဝိုင်းဝိုင်းလေးတွေနှင့်။

ပြီးတော့ ထုံးစံအတိုင်း ဆံပင်တွေအပြောင်သိမ်းပြီး ကျစ်ဆံမြီးတစ်ခုထဲ ဇာတ်တုတ်ကလေး ကျစ်ထားသည်။

ထိုပုံစံ ထိုဟန်ကလေးမှာ မနက်မိုးလင်းတိုင်း သူမျက်စေ့ထဲ ယဉ်ပါးနွေးထွေးစွာ ဆီးကြိုနေတတ်ပြီ မဟုတ်လား။

''ပုဇွန်ကင်သုတ်လေ၊ ကိုဘုန်းလျှံ ကြိုက်လား''

''အခုကတည်းက မွှေးနေပြီ''

''ကြိုက်လားမေးတာကို...''

''မင်းလက်ရာမှ မစားဘူးသေးတာ''

''ဒါဆို မြည်းကြည့်...''

ပုဇွန်ထုတ်ကို ရဲနေအောင်ကင်ပြီးမှ ရှောက်သီးနှင့်သုတ်ထားတာ ရှောက်သီးကို အရည်ညစ်တာမျိုးမဟုတ်ဘဲ အဖက်ကလေးတွေဖြစ်အောင် စိတ်ရှည်ရှည်ခွာထုတ်ပြီး ငရုပ်သီးစိမ်းနိုင်၊ ချင်း၊ သကြားတို့နှင့် သုတ်ထားတာမို့ အချဉ်၊ အချို၊ အစပ်တို့က လျှာပေါ်မှာ သူ့ထက်ငါ အနံ့ငွေ့တွေ အလုအယက်ကြိုးစားနေပြီး ပုဇွန်ကင်က ဒိုင်ချုပ်သဘောဖြင့် သူ့ကို ထိန်းထားတာ။

www.burmeseclassic.com



"ဘယ်လိုနေလဲ"

"ဆိုး... ဂွတ်"

"တကယ်လား"

ခေါင်းညိတ်ပေမယ့် သူ တရှုံ့ရှုံ့တရှုံ့တရှုံ့ ဖြစ်သွားတာမို့ စပ်တာ ကတော့ သေချာသည်။

"စပ်ရင် ကြာဆံချက်ပူပူလေးသောက်လိုက်"

"အား...ပိုဆိုးမှာပေါ့၊ ရွှေရန်နဲ့တို့ကတော့ ငါ့ကိုနှိပ်စက်နေပြီ"

"အမယ်...စေတနာနဲ့ပါနော်...ကိုဘုန်းလှိုင်ပဲ ခေါင်းတွေကိုက် တယ်၊ နှာစေးတယ်ဆိုလို့ တမင် အစပ်ကလေး လုပ်ပေးတာကို..."

"ဟုတ်ပါတယ်ဗျာ ခင်ဗျားလေးစေတနာကို သဘောပေါက်ပါပြီ ကျုပ်ရောဂါက ဆေးသောက်ဖို့တောင် လိုမယ်မထင်တော့ဘူး"

ပြုံးစိစိစိုက်ကြည့်သဖြင့် ရွှေရန်နဲ့က မျက်စောင်းချိုလေးရွယ်သည်။

ကျောင်းပိတ်ရက်မို့ သူကြိုက်တာတွေ ချက်ကျွေးချင်မိတာ ကျောင်းသွားရင် ချိုင့်ထဲမို့ ဟင်းရည်လည်း ထည့်မရ၊ စားကောင်းဖို့ထက် အဆင်ပြေဖို့ ဦးစားပေးရတာ မဟုတ်လား။ သူက ဂျီးမဲ့ထူပေမယ် ကိုယ်က ဖွယ်ဖွယ်ရာရာ စီမံပေးချင်တာ။

ရွှေရန်နဲ့ စိတ်ကူးတွေက ရှင့်အတွက် ရယ်ချင်၊ ပြုံးချင်စရာပဲလား ဒီထက်ပိုနက်တဲ့ နှလုံးသားကြမ်းပြင်တစ်နေရာကို စူးစိုက်ကြည့်တတ်ရင် နက်ရှိုင်းတဲ့ ပင်လယ်ကြမ်းပြင်လိုမျိုး ထူးခြားဆန်းကြယ်တဲ့အရာတွေ ရှိနိုင်တယ်နော်...

ရှင် စိတ်မဝင်စားဘူးလား...

အမှန်ကို ဖြေရဲခဲ့ရင်ပေါ့နော်။

ရွှေရန်နဲ့ရဲ့ နှလုံးသားနုနုမှာ သူ့ပုံရိပ်ကို အမြတ်တနိုးကိုးကွယ် စွဲမက်မိပါပြီ။

တနေ့တခြားတိုး၍ တိုး၍ ခင်တွယ်ပိုမိပါပြီ။

ရှင်းသန့်တဲ့ သူ့ပုံစံလေး ရိုးသားတဲ့ သူ့လုပ်ရှားမှုအမူအယာလေး ဖြူစင်တဲ့စိတ်သဘောထား၊ ခန့်ညားတဲ့ ဂုဏ်သိက္ခာ၊ အကြင်နာနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ချင်းစာတရားတို့ ပျော်ဝင်နေတဲ့ စကားသံ ချိုချိုအေးအေး ကြည်ကြည်လေးတွေ...၊ အို... သူနှင့်ပတ်သက်သမျှ အရာအားလုံး ဟာ ရှေ့ရန့်အတွက် အထင်ကြီးလေးစားအားကိုးစရာ မက်မက် မောမော စွဲစွဲလန်းလန်းနှင့်မြတ်နိုးကိုးကွယ်စရာပင် ဖြစ်နေပါတော့ သည်။

ကြော့ခင်နှစ်ကောင်စာပေ
www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၆ ]

``ဟိတ်၊ ဘာငေးနေတာလဲ''

``မငေးပါဘူး''

ရှက်စနိုးလေး မျက်နှာလွှဲသွားတာမို့ ဘုန်းလျှံရင်ထဲ မချင့်မ
ပါးကလေးပင် ဆွဲလိမ်ချင်စိတ်ပေါက်သည်။

သိပ်မလှပေမယ့် အဲဒီမျက်နှာလေးကို ကိုယ်ချစ်သည်။ သို့ေ
မယ့် သူကလေးက အခုမှဆယ်တန်း သိပ်ငယ်သေးတယ်၊ ပြီးတော့
ကိုယ်တို့မိသားစုထံ လာရောက်မှီတွယ်နေရသူလေး၊ မှီခိုစရာမဲ့သူလေး

ဘုန်းလျှံက ပင့်သက်ကို အသာခိုးရှိုက်သည်။

``ရွှေရန့်''

``ရှင်''

``စာကျက်နော်... ဒီနှစ်ပေါ့လို့မရဘူး''

``ဟုတ်''

သူက လက်ညှိုးတစ်ချောင်းထောင်ပြီး ကြိမ်းဝါးသလိုမျိုး

``ဘာဘာ ညာညာတွေလည်း စိတ်မကူးနဲ့''

``ရှင်... ဘာကိုပြောတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ ဒါတောင်မသိဘူးလား၊ရည်းစားမထားနဲ့လို့ပြောတာ"
ရွှေရန်နှုတ်ခမ်းလေးက ပြုံးသွားသည်။
စိတ်ပူစရာ မရှိတာကိုပဲ...
ရွှေရန်နှလုံးသားမှာ ဟို...အစောကြီးကတည်းက နေရာလပ် မရှိဘူးရှင့်... သိရဲ့လား။
တစ်ချိန်ချိန် လက်ထပ်ပေးမယ်လို့ လူကြီးတွေပြောထားတဲ့ ကောင်လေးပဲ နားထဲကထုတ်မရဘဲ၊ အဲဒီလူကိုပဲ ကျွန်မစိတ်ကူး၊ ကျွန်မ နှလုံးသားထဲ နေရာပေးထားတယ်...သိရဲ့လား။
"ကြားလား"
သူက ထပ်မေးသဖြင့် ခေါင်းညိတ်ပြမိသည်။
"ကတိပေး၊ မထားပါဘူးလို့..."
"ရွှေအရန့်ကို ဘယ်သူကြိုက်မှာမို့လဲ"
"ကြိုက်မယ့်လူ ရှိရှိမရှိရှိကွာ၊ မင်းနော် ဈေးမဆစ်နဲ့၊ ကလေးက ကလေးလိုနေ စာတစ်ခုပဲ အာရုံစိုက်ကြိုးစားရမယ်၊ အားလုံး ဒီ မထွက် တောင် အနည်းဆုံး ဒီ သုံးခုပါရမယ်...ဒါပဲ"
သူကလေးက ပုခုံးကျုံ့ပြသည်။
ရည်းစားမထားဖို့တော့ ကတိတောင်းထားမှုရမည်။ ဖွင့်ပြောခွင့် မရသေးရင်လည်း စိတ်ချခွင့်တော့ ရထားချင်သေးသည်။
"ရွှေရန် စာကြိုးစားမှာပါ၊ လေးလေးကိုရော ဒေါ်လေးခင်ကိုရော ကတိပေးထားပြီးသားပါ"
သူက မျက်ခုံးကြီးပင့်လိုက်ကာ...
"ဘာ ဒါဖြင့်...စာတော့ကြိုးစားဖို့ ကတိပေးနိုင်တယ်၊ ရည်းစား ထားဖို့တော့ အာမ,မခံနိုင်ဘူးဆိုတဲ့သဘောလား..."
"ဟင်..ရွှေရန်ဖြင့် အဲလိုမပြောဘဲနဲ့"
ကြည့်လေ နှုတ်ခမ်းစေ့ပြုံးထားတဲ့ မျက်နှာလေးက ဘာအဓိပ္ပာယ် မှန်းကိုမသိ။
"မရဘူး... ရှင်းရှင်းပြော"



www.burmeseclassic.com

www.burmeseclassic.com



သူမက မျက်စောင်းတစ်ချက်ဖြင့်…

“မထားပါဘူး ဆိုမှ”

“ပြီးရော…ပြီးရော ဒါကတိပဲနော်”

ဘုန်းလှိုင်မျက်နှာလေးမှာ ကျေနပ်မှုဖြင့် ဝင်းပချိုကြည်သွားရသည်။ ထို့နောက် ထမင်းစားခန်းထဲက ထွက်သွားမလို့ ပြင်သဖြင့် ရွှေရန့်က အရဲစွန့်ကာ…

“ကိုဘုန်းလှိုင်”

“ဟင်”

သူကပြန်လှည့်ကြည့်သည်။

ရွှေရန့်က ခပ်တိုးတိုးလေး…

“အဲလို ကတိမျိုး ကျွန်မဘက်ကလည်း တောင်းရင်ရော”

ဘုန်းလှိုင် ဆက်ခနဲဖြစ်သွားသည်။

သူ့မျက်လုံးတွေကို ရွှေရန့် ရင်မဆိုင်ရဲ။ ရင်တထိတ်ထိတ်ခုန်လာကာ မျက်လွှာချထားမိသည်။ သူက တစ်လှမ်းနှစ်လှမ်းပြန်လျှောက်လာသည်။ နီးကပ်လာသောသူ့ကို ရွှေရန့် မျက်လွှာပင့်မကြည့်ရဲ။

လူတစ်ကိုယ်လုံးကို ထုပ္ပရုက်ရွဲခြင်းက လွှမ်းခြုံထားပြီး သူ့အနားက ပြေးထွက်သွားချင်မိတော့၏။

သူကလည်း ငြိမ်သက်စိုက်ကြည့်နေကာ ဘာမှမပြော။ ထိုအချိန်ကစလို့ ရွှေရန့်နှင့်သူနှင့်ကြားမှာ နားလည်မှုတစ်ခု ရသွားသည်ဟု ထင်မိသည်။

ဘုန်းလှိုင်က သူမဟန်ပန်လေးကို အသည်းယားလှစွာ နားရွက်ကလေး ဆွဲလိမ်ပစ်လိုင်ရင်း…

“လူလည်မလေး…”



www.burmeseclassic.com

www.burmeseclassic.com


အခန်း [ ၇ ]

လက်ထဲကဖိုင်ကို စားပွဲပေါ်ချလိုက်ပြီးတာနဲ့ ဘုန်းလျှံ မျက်လုံးတွေက သူမကိုရှာဖွေလိုက်မိသည်။

အိမ်ထဲ ဝင်လာကတည်းက ရွှေရန့်ကို မတွေ့ရတော့၊ သူ့စိတ်ထဲ တစ်ခုခုလိုသွားသလို ခံစားရသည်။

အေးဆေးသော အရိုးခံမျက်နှာလေးကို မမြင်ရဘဲ မနေနိုင်။

ညှော်ခန်းမှာ မေမေပဲရှိတာမို့ သူက မေးလိုက်မလို့ ပါးစပ်ပြင်ပြီးမှ ဖေဖေ့ပုံစံကြည့်ရတာ အပြင်တစ်နေရာရာ သွားမည့်ပုံမို့…

"အမေတို့က ဘယ်လဲဗျ"

"သားအန်ကယ်အိမ်လေ ဖေကြီးလည်း ဒီနေ့ ရုံးပိတ်ရက်ဆိုတော့…"

"ရွှေရန့်ကရော "

"သမီးလည်း မေမေတို့နဲ့လိုက်မှာ"

"ဗျာ… သူပါလိုက်မယ်"

ဘုန်းလျှံမျက်နှာလေး ရှုံ့မဲ့သွားရသည်။

သူမက ဘာကိစ္စ လိုက်ဦးမှာလဲ၊ အိမ်မှာ အေးအေးဆေးဆေး



www.burmeseclassic.com

www.burmeseclassic.com



စာကျက်ပါတော့လား။ ဆယ်တန်းဆိုတာ ဘယ်မျှအရေးကြီးသလဲ သူမလည်း သိတာပဲ။

"မေမေတို့ကလည်းဗျာ ဖေကြီးလည်းပါမယ် ရွှေရန်နုကပါ လိုက်ဦးမယ်ဆိုရင် အိမ်မှာဘယ်သူကျန်မှာလဲ၊ သားကို ဘယ်သူ ထမင်းပွဲပြင်ပေးမှာလဲ မမိုက်ပါဘူး"

"ကြီးမေရှိတယ်လေ သားရဲ့ ရွှေရန်နုလေးတစ်ခါတလေ အပြင်ထွက်ရအောင် အတင်းခေါ်ထားရတဲ့ဥစ္စာကွယ်"

ဘုန်းလျှံ မျက်နှာပို၍ ဆူပုတ်သွားသည်။ သူမကရော ကျောင်းပိတ်ရက်ကလေး ကိုယ့်အိမ်ကိုယ် မပျော်ပိုက်ဘူးလား။

သူတောင် ကျူရှင်ကလွတ်တာနဲ့ အိမ်ကိုတန်းပြန်လာခဲ့သေးတာပဲ။

ကိုယ်ရဲ့ ပျော်ရွှင်စိတ်ချမ်းသာခြင်းဟာ အိမ်မှာပဲရှိသည်။ သူမ မျက်နှာလေးကို ကြည့်ပြီး သာယာနာပျော်ဖွယ်အသံလေးကို ကြားနေရခြင်းအပေါ်မှာ ကိုယ်ရဲ့စိတ်တွေ ပျော်ဝင်နစ်မြုပ်နေသည်။

နွဲ့နှောင်းသော ဟန်ပန်လေးနှင့် ကိုယ့်အနား တစ်ရွေ့ရွေ့လှုပ်ရှားသွားလာနေတာလေးကို ချစ်သည်။

ရှင်းရှင်းပြောရရင်တော့ သူမကိုယ့်အနားရှိနေတာ ကိုယ့်ဘဝရဲ့ အစိပ္ပါယ်ပြည့်စုံမှုတစ်ခုပါပဲ။

"မေမေ ကြီးမေက နေ့လည်နေ့ခင်းဆို သူ့ဘာသာ အိပ်ပျော်နေတာပါ"

ဘုန်းလျှံ စောဒကတက်မိ၏။

"အေးပါသားရယ် သားဒီလို ဂျီကျတတ်မှန်းသိလို့ ရွှေရန်နုကလည်း သားအတွက်ထမင်းပွဲ ခူးခပ်ပြင်ပေးခဲ့ပြီးသားပါ"

မေမေ့ကိုပြောလည်း ထူးမှာမဟုတ်ပါ။

အပေါ်တက်လာပြီး ရွှေရန်နုကို ရှာသည်။

"ရွှေရန်နု"

"ရှင်...လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



ထုံးသံလေးကြားရုံဖြင့် ရင်ထဲ အနည်းငယ်အေးသွားရသည်။

အခန်းထဲက ထွက်လာသော သူက မျက်မှောင်ကြီးကုပ်၍ စေ့စေ့ကြည့်လိုက်သည်။

ကြည့်စမ်းပါဦး အလှတွေပြင်ထားလိုက်တာ သူမဆံနွယ်ပျော့ပျော့စင်းစင်းလေးတွေက ဖြန့်ချထားရင် ဒီလောက်လှသလား။သူတစ်ကယ်မထင်မိ။

မျက်နှာကို ပန်းရောင်ဖျော့ဖျော့လေး လိမ်းချယ်ထားပြီး နှုတ်ခမ်းလေးက ဖူးသစ်စနှင်းဆီငုံကလေးနှင့်တူသည်။

အင်္ကျီနှင့်လုံချည်က အသားအိအိပေါ် အလွှာပါးလေးတစ်ထပ်ထပ်ထားသော ခပ်ဆန်းဆန်း နှစ်ထပ်ဖက်ရှင်ကလေးပါပဲ။

ဘုန်းလှျံ မျက်စိထဲမှာ နတ်သမီးလေးတစ်ပါး ရပ်နေသလားထင်ယောင်မှားမိ၏။

ရွှေရန်နုံက သူ တည်တည်ကြီး စိုက်ကြည့်နေသဖြင့် အလှတွေပြင်ထားမိတာကို စိတ်မလုံစွာ မျက်နှာလေးငုံ့ချလိုက်မိ၏။

"ဒါဘယ်သွားမလို့လဲ"

သူ့ဆီက ခပ်မာမာအသံ ထွက်လာတော့ ပို၍ပင် ရင်တုန်သွားရသည်။

ရွှေရန်နုံ ဘာများအပြစ်လုပ်မိပါလိမ့်။

သူ့အပေါ် မြတ်နိုးယိုကျိုးစိတ်နှင့် သူ မကြိုက်တာ ဘာမှလည်း မလုပ်ခဲ့ပါ။

"ဒေါ်လေးတို့နဲ့ အပြင်သွားဖို့ပါ"

"သိပ်ပြီး လိုက်သွားချင်တယ်ပေါ့"

"ရှင်"

သူ့ကို အလန့်တစ်ကြား မော့ကြည့်မိသည်။ အမှန်တော့ ဘုန်းလှျံက အလိုလိုစိတ်တိုမိတာ သက်သက်ပင်၊ အနုကယ်တို့အိမ် သွားမယ်ဆိုတာ သိလည်းပဲ သူမနာလို။ သူမပါတဲ့ လမ်းခင်းတော်ကို ရွှေရန်နုံလေးက လှလှပပပြင်ဆင်ပြီး သွားမှာကို သူ စိတ်မချ။ ခြင်တော့

www.burmeseclassic.com



အမှန်အတိုင်းဝန်ခံရရင် အဲဒီအိမ်မှာ သူ့ရဲ့ညီအစ်ကိုဝမ်းကွဲ သုံးယောက် ရှိသည်။

တစ်ယောက်က မကြာခင် မင်္ဂလာဆောင်ဖို့ ဒိတ်ယူထားပြီးသား မို့ ထားလိုက်ဦးတော့ ကျန်နှစ်ယောက်က လူလွတ်ပင် မဟုတ်လား။

ပြီးတော့ ဒီကောင်တွေက ရုပ်လည်းဖြောင့်သည်။ သူနှင့် ရွှေရန်း တို့ကို လူကြီးတွေ သဘောတူထားတဲ့ကိစ္စကို အရိပ်အမြွက်လောက် သိတယ် ဆိုပေမယ့်လည်း ယောကျ်ားလေးဆိုတော့ လှလှပပလေးမြင်ရင် အနည်းဆုံးတော့ မျက်စေ့လေးနဲ့ ငေးမိကြမှာပဲလေ။

"ကိုယ်တစ်ယောက်တည်း အိမ်မှာကျန်ခဲ့မယ်၊ ထမင်းစားတော့ လည်း ပျင်းခြောက်ခြောက်နဲ့..."

"တစ်ခါတလေပဲ ကိုဘုန်းလျှံရယ် ရွှေရန်းက ကိုဘုန်းလျှံ ကြိုက်တဲ့ဟင်းတွေ ချက်ထားပါတယ်၊ ထမင်းလည်းပြင်ပြီးသားပါ၊ အုပ် ဆောင်းလေးဖွင့်ပြီး စားရုံပဲကို..."

"ဟာကွာ ဘယ်တူမလဲ ရွှေရန်း အနားမှာမရှိရင် မစားတတ်ဘူး နေခဲ့ပါကွာ၊ မေမေ့ကို မလိုက်တော့ဘူးလို့ ပြောလိုက်ကွာ နော်..."

သူ ချော့ချော့မော့မော့ တောင်းဆိုလိုက်တော့ ရွှေရန်းရင်ထဲ ပြောင်းဆန်အောင် ကြည်နူးလိုက်မိသွားရသည်။

သူထမင်းစားရင် အနားမှာ လိုအပ်တာဖြည့်ပေး၊ ဟင်းခတ်ထည့် ပေး၊ ငါးရိုးနွှင်ပေး အဲကွန်းမရတဲ့အခါ ယပ်တောင်လေးနဲ့ တစ်ဖျပ်ဖျပ် ခတ်ပေး၊ ဒါတွေအားလုံး ချစ်လို့ မြတ်နိုးလို့ အားကိုးတွယ်တာလို့ဆိုတာ သူသိနေပြီလား။

အချစ်ဆိုတာ ရောင်ပြန်ဟပ်တတ်လား။

"ဘယ်လိုပြောရမလဲ၊ အခုမှမလိုက်ဘူး သွားပြောရင် ရွှေရန်းကို စိတ်ဆိုးမှာ... ကိုဘုန်းလျှံရဲ့"

"ခင်ဗျား တစ်ကယ်မလိုက်ချင်ရင် မခက်ပါဘူးဗျာ၊ ခေါင်းမူးလို့ ဘာညာပြောပေါ့"

ဘုန်းလျှံက သင်ပေးပြီးမှ သူဘာသာ ရယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မညာပါဘူး အမှန်အတိုင်းပဲပြောမယ်"

"ဟော့... ကောင်မလေး"

သူတားမရခင် သူ့ရှေ့ကနေ လှစ်ခနဲ ပြေးထွက်သွားသည်။

ဘုန်းလျှံက ဆံပင်တွေထဲ လက်ထိုးဖွရင်း ခပ်ရှက်ရှက်ပြုံးနေမိသည်။

ပြီးတော့ အဝတ်အစားလဲရင်း အပြင်က မေမေတို့အသံတွေ ခပ်ထိတ်ထိတ် နားစွင့်ထားမိသည်။

ရွှေရန့် ချန်နေရစ်တာ သေချာတော့ သူရင်ထဲ လှိုက်ခနဲ ကျေနပ်ပျော်ရွှင်သွားရသည်။

သူ့ကိုယ်သူလည်း တိတ်တဆိတ် ဂုဏ်ယူလိုက်မိသေး၏။ ကြည့်လေ... ရွှေရန့်လေးက ကိုယ့်စကား နားထောင်တယ် မဟုတ်လား။

အဝတ်အစားလဲ၊ ပြင်ဆင်ပြီးကာမှ တခြားမိန်းကလေးသာဆို ဘယ်အလျှော့ပေးပါ့မလဲ။

ချက်ချင်းပင် သူ အနိုင်ယူမိသလား တွေးမိလျက် ဘုန်းလျှံ စိတ်မကောင်း ဖြစ်သွားရသည်။

ညနေကျရင်တော့ သူမ သွားချင်တဲ့ တစ်နေရာရာကို ကိုယ်တိုင် လိုက်ပို့ပေးဦးမှပဲ။

ရင်ထဲကျိတ်ကာ ဆုံးဖြတ်မိသည်။

ရွှေရန့်က လေးလေးတို့ကားလေး ထွက်သွားတာကို လက်ပြ နှုတ်ဆက်ပြီးမှ တိုက်ထဲပြန်ဝင်ခဲ့သည်။

ပြီးလျှင် အခန်းထဲဝင်ပြီး အိမ်နေရင်းတီရှပ်အဖြူနှင့် ပါတိတ် လုံချည်အနက်လေး ပြောင်းလဲဝတ်ဆင်လိုက်သည်။ ဆံပင်တွေကို [illegible] ခပ်မြင့်မြင့်စည်းနှောင်လိုက်၏။ ပြီးတော့ မိတ်ကပ်ပြေပြေနှင့် မျက်နှာ[illegible] ကို မှန်တင်ခုံရှေ့ သွားရပ်ကြည့်မိသည်။

ဆယ်ကျော်သက် ကောင်မလေးတစ်ယောက်ရဲ့ [illegible] ကြားရသည်။

ပြီးတော့ မှန်ထဲမှာ ရှက်ပြုံးလေးတစ်ခု။



www.burmeseclassic.com

www.burmeseclassic.com



ကိုဘုန်းလျှံရယ်...

အထင်ကြီး လေးစားအားကိုးစွာ ချစ်မိပြီထင်ပါရဲ့၊ ကျွန်မဘဝရဲ့အရာရာဟာ ရှင်တစ်ယောက်တည်းကိုပဲ ဖြစ်ပါတယ်ကွယ်။ တစ်နေ့နေ့တော့ ဒါကို ရှင် ယုံကြည်လာရလိမ့်မယ်။

"မွှေရနံ့ရေ..."

ဟော... ခေါ်နေပြီ။

အခန်းအပြင် ထွက်လာပြီးမှ ဇက်ကလေးပုကာ ခြေလှမ်းတုန့်မိသည်။

ကျွန်မ အရမ်းသိသာနေပြီလား...

ရှင့်ကို ချစ်မိပြီဆိုတာ ရှင့်မေမေတောင် ရိပ်မိလောက်တယ်နော် ဒုက္ခပါပဲ။

ခေါ်လေး ကြည့်သွားတဲ့မျက်လုံးရယ် ခေါင်းညိတ်လိုက်တဲ့အပြုံးရယ်...

အင်း... ရှင်ရော... အဲလိုပဲပြုံးဦးမှာလား။

"မွှေရနံ့"

"လာပါပြီ... ဘာလို့ ဒီလောက်တောင် အော်နေတာလဲ"

"ကိုယ် ဗိုက်ဆာပြီ"

"စားနှင့်ပါလား"

"ပြောထားပြီးပြီလေ ခင်ဗျားနဲ့ အတူတူမှဆိုတာ"

"ဆရာဝန်ပဲ ဖြစ်တော့မယ်"

"ဘာဆိုင်လဲ အဲဒါနဲ့"

"ကလေးကျနေတာပဲ"

"ကလေးမဟုတ်လို့ ခက်နေတာ၊ နားလည်ရတယ်၊ သိတတ်ရတယ်၊ ဆင်ခြင်ရတယ်၊ ထိန်းသိမ်းရတယ်၊ ပြီးတော့ ဟန်ဆောင်ထားရတယ်၊ အဲဒါတွေ ဘယ်လောက် ရင်မောဖို့ကောင်းသလဲ၊ ခင်ဗျားက သိမှာမဟုတ်ဘူး"

ဘုန်းလျှံက ခံစားချက်ကို ခပ်တိုးတိုး ရင်ဖွင့်ညည်းညူလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

သူကလေး စာကြိုးစားချိန် ဖွင့်မပြောသေးဟု တင်းထားရသည် မဟုတ်လား။

"ကိုဘုန်းလျှံ "

"ဟင်"

"ခုန ဘာလို့ စိတ်ဆိုးတာလဲ၊ ဘာလို့လိုက်မသွားစေချင် တာလဲ"

"အမှန်အတိုင်း ပြောရမလား "

"အင်း… အမှန်ပဲသိချင်တာ"

"ရွှေရန့်က သိပ်လှနေလို့"

"မဖြစ်နိုင်တာကြီး"

"ဟ… ကိုယ်မျက်စိထဲ လှလို့လှတယ်ပြောတာ"

"အို… အဲဒါပြောတာမဟုတ်ဘူး အကြောင်းပြချက်က အဓိပ္ပါယ်မရှိဘူးလို့"

"ဘာလို့ အဓိပ္ပါယ်မရှိရမှာလဲ၊ သိပ်ရှိတယ် ဟိုအိမ်မှာ ဘယ်သူ တွေရှိလဲ ခင်ဗျားလေးသိလား"

"ကိုဘုန်းလျှံရဲ့ ဖတ်စ်ကာဆင်တွေဆို ရွှေရန့်မှမမြင်ဖူးသေးတာ"

"မြင်ဖူးချင်လား"

ပြုံးထွေ့ထွေ့အမေးကြောင့် မျက်စောင်းရွယ်မိ၏။ ဒီလောက် ဒီဇာကြောင်လိမ့်မယ်လို့များ အစကမထင်မိပါဘူး။

"အဲဒီထဲမှာ ကိုညီဆိုတာက ရှေ့လမင်္ဂလာဆောင်ဆို ဒေါ်လေး က ရွှေရန့်ကို အဖော်ခေါ်မယ်တဲ့၊ မြရိပ်ညိုဟိုတယ်လည်း ရောက်ဖူး အောင်တဲ့ သိလား၊ အဲဒီကျရင်ရော ကိုဘုန်းလျှံ တားဦးမှာလား မင်္ဂလာဆောင်တော့ ရွှေရန့်လည်း သွားချင်သေးတယ်။ ဒီရောက်မှ တစ်ခါမှ မင်္ဂလာဆောင်မသွားရသေးဘူး"

"နေရာတကာပါတယ်ကွာ ဆယ်တန်းဆိုတာ ကိုယ့်ကျောင်းသားဘဝ နံပါတ်တစ် ဖြစ်ရမယ်။ တခြား ပွဲလမ်းသဘင်တွေ ခဏမေ့ထားလိုက်

www.burmeseclassic.com



လုပ်မနေနဲ့''

''စိတ်ပုပ်လိုက်တာ''

''ဘာစိတ်ပုပ်လဲပြော ဒီကောင်က စေတနာနဲ့ ဂုဏ်ထူးတွေ အများကြီး ထွက်စေချင်တယ်၊ အဲဒီအောင်မြင်မှုမျိုး ဘယ်လောက် သွေးနားထင်ရောက်လည်း ခံစားဖူးစေချင်တယ်၊ ကိုယ့်တုန်းကဆို တော့ပ်တန်းထဲဝင်ခဲ့တော့ မေမေတို့ အရမ်းမျက်နှာပွင့်တယ်ကွ ဒီလား ကျောင်းရော၊ မြို့နယ်ရော၊ တိုင်းရော ဆုပေးပွဲတွေ၊ ဂုဏ်ပြုပွဲတွေ အင်တာဗျူးတွေ၊ ညစာစားပွဲတွေ အား... များမှများ၊ ဆက်နေတာပဲ တစ်ပွဲပြီးတစ်ပွဲ၊ ကိုယ်တော့ အဲဒီကတည်းက ကိုယ့် ကိုယ်ကို ယုံကြည် မှုရသွားတယ်။ အဲဒီအချိန်မှာရသွားတဲ့ စိတ်အင်အားဟာ ဘယ်လောက် စွမ်းအားကြီးသလဲ ကိုယ်တစ်ကယ် ပြောမပြတတ်ဘူး။''

ဘုန်းလျှံသည် သူ၏ကိုယ်ရည်ကိုယ်သွေး တောက်ပမှုအတွက် အမြဲတမ်း ကျေနပ်ဂုဏ်ယူသူတည်း။

''ရွှေရန်နဲ့ကြားဖူးတာတော့ စာအရမ်းတော်တဲ့လူတွေက သိပ် ဆဲလ်ဖစ်ရှိ ဖြစ်တယ်၊ သူတို့မှာ သူ မတူတဲ့ ပရောက်ဒ်လည်း ရှိတယ်၊ တော်ရုံတန်ရုံလူကို သူတို့လောက်သိတယ်၊ တတ်တယ်လို့ကို မထင်တော့ ဘူး။ အမြဲတမ်း အထက်စီးနေရာ ယူလိုက်တယ်''

''ဟ... သက်သက်ဖြုတ်နေပါလား''

''ကိုဘုန်းလျှံကို ဝေဖန်တာ မဟုတ်ပါဘူး''

''ဘာပဲဖြစ်ဖြစ်ကွာ ကိုယ်ကတော့ မင်းကိုစာတော်စေချင်တယ်''

''ရွှေရန်နဲ့မှ ကိုဘုန်းလျှံလို ဉာဏ်မကောင်းတာ''

''ဆင်ခြေတွေမပေးနဲ့''

''တစ်ယောက်နဲ့တစ်ယောက် အိုင်ကျူချင်းတူမလား ကဲ''

''တူတူ မတူတူ ရအောင်လုပ်၊ ကဲ... ဒီဘယ်နှစ်ခုရမလဲပြော''

''အို... ဘယ်မသိလဲ''

''ဘာလို့ မသိရမလဲ ဒီအချိန်ဆိုရင် ကိုယ့် အခြေအနေ ကိုယ် မှန်းလို့ရနေပြီ''

www.burmeseclassic.com

www.burmeseclassic.com



"ရွှေရန်နဲ့ အောင်ရင်တော်ပြီ"

"ကျွတ် ဒီလောက်ပြောနေတဲ့ကြားက မင်းကွာ မဖြစ်သေးပါဘူး။ စပယ်ရှယ်ဗိုင်းတစ်ခု အပ်ပေးမယ် ဂိုက်လည်း ကိုယ် ရှာတော့မယ်။ ဒါပဲ..."

သူသည် ရွှေရန်နဲ့ပညာရေးကိစ္စနှင့် ပတ်သက်ပြီး အမြဲလှုပ်လှုပ်ရှားရှား တက်တက်ကြွကြွရှိသည်။

တကယ်တမ်း သူမှန်းသလောက် မဖြစ်နိုင်ဘူးဆိုတာ ရွှေရန်နဲ့ ကိုယ့်ဘာသာ သိနေသည်။

သို့ပေမယ့် သူကျေနပ်အောင် ကြိုးစားတာတော့ ကြိုးစားကြည့်ရပါဦးမည်။

စာကျက်ရင်း အိပ်ခဲ့ရင်တောင် ကိုဘုန်းလှ၍ ဖြစ်စေချင်သလို မဖြစ်မှာစိုးစိတ်နှင့် မျက်စေ့ကို အတင်း ပြူးကျယ်ထားခဲ့ရသည်။

သူ မနက်စောစော စာဖတ်နေရင် ရွှေရန်နဲ့လည်း ကိုယ့် အခန်းထဲကိုယ် စာအုပ်နှင့်မျက်နှာ မခွာရဲပါ။

အိပ်ချင်ပြေအောင် အချဉ်ထုပ်စားလျှင်လည်း သူက ဆိုးဆေး ပါမယ်၊ ဗိုက်အောင့်လိမ့်မယ်၊ ဘာညာဆူတတ်သေးတာမို့ သူ မမြင် အောင် ခိုးစားရသည်။

သူကတော့ ရွှေရန်နဲ့ကို တကယ် အဆင့်အတန်း မြင့်မားစေချင် ဘာပါ။

သို့ပေမယ့် ရွှေရန်နဲ့က သူမှန်းသလောက်ဖြစ်ဖို့ မလွယ်ဘူးလေ။ မိဘမရှိ တစ်ကောင်ကြွက်ဘဝမှာ ရင်ထဲအားငယ်စိတ်က အစဉ်အမြဲ ခိုအောင်းနေသည်။

ထို အားငယ်ခြင်းကိုရော သူသိပါရဲ့လား။

သူ့လို စိတ်ဓာတ်အင်အားမျိုး ရွှေရန်နဲ့မှာ ရှိနိုင်ပါ့မလား။ ...
ပြောလွန်းတော့လည်း ဒီဆယ်တန်းကို ထူးချွန်ပြောင်မြောက်အောင် ဖြေချင် လိုက်တာ။

ဇောတွေကပ်ပြီး အအိပ်ပျက် အစားပျက်လာတော့လည်း ရွှေရန်နဲ့

www.burmeseclassic.com



က ဖျားလိုက်သေးသည်။

ကြီးမေက သူ့နေမကောင်းတာ အရင်ဆုံး စ,သိပြီး။

"မောင်ဘုန်းလှျံရေ ရွှေရန့်ကို ကြည့်ပြောပါဦး"

"ဗျာ... သူဘာဖြစ်လို့လဲ"

"နေမကောင်းတာ မီးဖိုချောင်းထဲလာပြီး အဝတ်လျှော်ဦး မတဲ့လေ"

"ဟဲ့... ငါ့ခါးကို ဘာလို့ ဆိတ်တာလဲ ညဦးလေးမှ ငါ့စကား နားမထောင်တာ"

ရွှေရန့်က ကြီးမေနောက်မှာ ပုန်းနေလိုက်သည်။ မသိစေချင် ပါဘူး။ ရေးကြီးခွင်ကျယ်ဖြစ်မှာစိုးသည်။

"ဒီဘက်ကို ထွက်လာပါဦး"

ရှပ်အင်္ကျီထူထူ ဝတ်ထားပေမယ့် မျက်နှာလေးနွမ်းကာ ကုတ် ချောင်းချောင်းဖြစ်နေသော ရွှေရန့်က သူ့ကို မရဲတရဲမော့ကြည့်လိုက်သည်။

"နေမကောင်းတာ ဘာလို့ မပြောလဲ"

"အဖျားကြီးတာမှ မဟုတ်ပဲ"

"မဖျားတာက ဒီအသံလား"

"အသံဝင်တာ အအေးနည်းနည်း မိသွားလို့ပါ"

"ခင်ဗျားပဲ ဆရာလုပ် သိလား၊ ကဲ ဆေးခန်းသွားမလားပြော ကျူရှင်မသွားခင် ပို့ပေးခဲ့မယ်"

"မသွားပါဘူး"

သူက ရွှေရန့်နဖူးကို ညင်သာစွာ စမ်းသပ်သည်။ ရင်ထဲ လှိုက်ခနဲ ငိုချင်သွား၏။ ပျော်လို့ငိုချင်တတ်သလား ရွှေရန့်လည်း မသိတော့ပါဘူး။

သူ့လက်ချောင်းလေးတွေမှာ အကြင်နာပါသည်။ နဖူးကို တယုတယလေး ထိတွေ့လိုက်တာ ရင်ထဲဘယ်လောက် အားရှိသွားရ သလဲ မပြောပြတတ်ပါ။

"ဟန်ဒရက်လောက်တော့ ရှိမယ်ထင်တယ် ဆေးခန်း မသွား



www.burmeseclassic.com

www.burmeseclassic.com



ချင်လည်း ဆေးတော့သောက်ရမယ်နော်၊ ကိုယ်ပေးခဲ့မယ်၊ ဟုတ်ပြီလား''

ရွှေရန့်က ခေါင်းလေးညိတ်သည်။

''ပြီးတော့ အနားယူရမယ် အခုရက်ထဲ ညဉ့်နက်အောင် စာမကျက်နဲ့ ကြားလား''

''မကျက်လို့ မရဘူး စာမေးပွဲက အရမ်းကပ်နေပြီ''

''ဖြေနေတုန်းဖြစ်ရင် ပိုဆိုမယ်...၊ ကိုယ်ပြောတာ နားထောင် စမ်းကွာ၊ သိပ်ခေါင်းမာတာပဲ''

သူက ဆေးနှင့်ကော်ဖီပူပူကို ကိုယ်တိုင်တိုက်သည်။ ရွှေရန့် စိတ်ထဲမှာတော့ သူ့ရဲ့ကြင်နာဂရုစိုက်မှုကို ခံယူခွင့်ရတာ သိပ် ကံကောင်း တာပဲဟု တွေးတောကျေနပ်နေမိသည်။

နောင်တစ်ချိန်ကျရင်လည်း ရွှေရန့်အတွက် သူလိုလူတစ်ယောက် အနားမှာရှိရင် ဘာမှ ပူစရာမလိုဘူးနော်။

နေမကောင်းရင်လည်း အဆင်သင့်ကလေး ပြုစုယုယခံယူရုံပင်။ စိတ်ကူးနှင့် အတော်ကြည်နူးသွားရပါသည်။ အနွေးထည်ဝတ်ပြီး စောင် ခြုံကွေးလိုက်၊ မျက်လုံးမှိတ်ထားလိုက်တဲ့အထိ၊ အေးဆေးကြင်နာ သော ဟန်မူရာနှင့် သူ့အကြည့်ချိုချိုများကို မြင်ယောင်ရင်ခုန်ဆဲပါ။

ရွှေရန့်အတွက် သူဟာ နေမင်းတစ်ဆူလို တောက်ပအစွမ်း ထက်ပြီး လမင်းတစ်ဆူလို ရင်ကိုအေးမြ နှစ်သက်စေသည်။

စာမေးပွဲဖြေခါနီး ဖျားလိုက်သောကြောင့်ရော၊ ရွှေရန့်ကိုယ်တိုင် စိတ်ပျက်အားလျော့ သွားသောကြောင့်ရော ဖြေဆိုရတာ သိပ်အားမရ တော့ပါ။

ရွှေရန့် မျက်နှာညှိုးနေတော့လည်း တစ်အိမ်သားလုံးက ဝိုင်းဝန်း အားပေးခဲ့ပါသည်။

''အောင်ရင်ပြီးတာပဲ သမီးရယ် ဘာလုပ်မလဲ ဘုန်းလျှိုကို ကြည့်တာနဲ့တင် ဒေါ်လေးတော့စိတ်ကုန်နေပြီ။ သူ့ခမျာ နေ့မအိပ်ညမအိပ် ပင်ပန်းလိုက်တာ ''

''ရွှေ ရန့်လည်းတွေ့သားပဲ ဆေးကျောင်းဆိုတာ နံမည်သာ

www.burmeseclassic.com


ကြီးတာ လူက စာနဲ့ပိပြီး ဘယ်လောက်ရင်မောဖို့ ကောင်းသလဲ''

''ရွှေရန့်ကလည်း ဆေးကျောင်းဝင်ချင်တာမဟုတ်ပါဘူး''

''ဒါဖြင့် ဘာဖြစ်ချင်တာတုန်း''

''အမှတ်များချင်တာ''

''အေးလေ ဘာရည်ရွယ်ချက်နဲ့ အမှတ်များချင်တာလဲ ကွန်ပျူတာတက်ဖို့လား''

ရွှေရန့်က ခေါင်းယမ်းလိုက်သည်။

''မဟုတ်ပါဘူး ကိုဘုန်းလျှံက အမှတ်လေးရာ ကျော်ရမယ်ဆိုလို့ပါ''

''ဟောဗျာ ဖြစ်မှဖြစ်ရလေ''

ရွှေရန့်မှာ ငိုချင်ပြင်းပြ မျက်ရည် ရစ်ဝိုင်းလာရသည်။ အောင်ရုံလေးကပ်အောင်ရင် သူက အထင်သေးဦးမှာလား၊ သူ့လိုတော်တဲ့၊ ထက်တဲ့မိန်းမမျိုးမှ သူက ချစ်ခင်လက်တွဲချင်မှာလား။

ထိုသို့ဆိုလျှင်တော့ ရွှေရန့်က စံချိန်မီမှာ မဟုတ်ပါ။

အစကတည်းက သူတို့အရိပ်မှာ လာရောက်မှီခို အားကိုးနေရတာ။

ရွှေရန့် တကယ်စိုးရိမ်တာကတော့ သူ မချစ်မှာကိုပင်။

သူချစ်အောင် ဘယ်လိုနေရမလဲ... ဘာတွေပြုပြင်ရမလဲ။ ဂုဏ်ထူးတွေ တသီကြီးထွက်လာအောင်တော့ ရွှေရန့်လည်း မလုပ်နိုင်။ တစ်ခြားကိစ္စ တတ်နိုင်တာမှန်သမျှတော့ သူ့သဘောကျ တော်အောင်၊ ထူးချွန်အောင် လုပ်ပြချင်တာ အမှန်ပါပဲ။

သူနှင့်ပတ်သက်လျှင် ရွှေရန့်နှလုံးသားက အတော်မာနကင်းကင်းဖြင့် ချစ်ခြင်းကိုသာ ဖြစ်စေသည်။


www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၈ ]

"ဟော့ ကောင်မလေး ဒီမနက် အောင်စာရင်းထွက်တာ သိရဲ့သားနဲ့ ဘာလို့ပုန်းနေတာလဲ"

ကိုဘုန်းလှိုင်က နံနက် ဝေလီဝေလင်းမှာပင် အော်ကျယ် အော်ကျယ်နှင့် သူမကို လာရှာသည်။

"ကြောက်လို့တဲ့ သားရေ"

အဖေက ဝင်ဖြေပေးသည်။

"ဘာကြောက်စရာလဲဗျာ သူဖြေနိုင်သားပဲ"

ရွှေရန်နု မျက်နှာလေးက စိတ်ပျက်လှုပ်ရှားမှုနှင့် တကယ်ပဲ ဖြူဖျော့နေသည်။

ညကတည်းက သူငယ်ချင်းတွေ ဖုန်းဆက်ကြကတည်းက အိပ်မပျော်နိုင် ဖြစ်သွားခဲ့တာ။

မနက်လင်းရုံရှိသေး လမ်းထဲက ဆယ်တန်းကျောင်းသားရှိတဲ့ အိမ်တွေ လှုပ်လှုပ်ရွရွဖြင့် ကားတွေဝင်ချည်ထွက်ချည် ဖြစ်နေတာကိုသူမ ရင်ခုန်စွာ နားစွင့်နေမိသည်။

ဘယ်သူမှ ဘာမှမပြောကြတာ ရွှေရန်နုရဲ့ နံမည်မှာ အောင်



www.burmeseclassic.com

www.burmeseclassic.com



စာရင်းမှာ မပါလို့လား။

တွေးရင်းက စိုးထိတ်လာသည်။

တကယ်များ အောင်စာရင်းထဲ မပါခဲ့ရင်...

ဘုရားရေ...အောင်ပါစေ...ရွှေရန့် ဆယ်တန်းကို လွတ်လွတ်ကျွတ်ကျွတ် အောင်မြင်ပါစေ။

ဆုတောင်းမိတာလည်း ဘယ်နှစ်ကြိမ်မှန်း မရေတွက်နိုင်။ ဒီနေ့ မိုးသောက် ဘုရားရှိခိုးချိန် အကြာဆုံးပင်။

"ဟော့ သွားကြည့်မယ်လေ ဘာလုပ်နေတာလဲ အဝတ်အစားလဲ"

ကိုဘုန်းလှိုင်အော်လိုက်မှ သတိဝင်ကာ တုန်ခနဲ ဖြစ်သွားရသည်။

"ဟင်းအင်း...ရွှေရန့် မကြည့်ရဲဘူး"

သူက စိတ်တိုသွားရသလို မျက်မှောင်ကြီးကုတ်ကာ...

"ဘာလဲကွာ"

အထူးသဖြင့် ကိုဘုန်းလှိုင်နှင့် အတူတူ သွားမကြည့်ရဲ၊ ရွှေရန့် စာမေးပွဲကျမှာထက် အထင်သေးသွားမှာကို ပိုကြောက်သည်။

မေမေက ပေကတ်ကတ် ငြိမ်ကုပ်တွန့်ဆုတ်နေသော ရွှေရန့်ကို သနားလာပုံဖြင့်...

"ကဲပါ...သားရယ်...သားအရင်သေချာအောင် သွားကြည့်ခဲ့ပါလား၊ ပြီးမှ သမီးကိုလာခေါ်"

ရွှေရန့် မျက်နှာဝင်းလက်သွားသော်လည်း

"ဟာဗျာ မရပါဘူး။ သူပါလိုက်ခဲ့ရမယ် သူ့အောင်စာရင်း သူကိုယ်တိုင် ကြည့်မှဖြစ်မှာပေါ့၊ လာ..."

"ခဏနေပါဦး"

"မရဘူး လာဆိုလာ"

ကိုဘုန်းလှိုင်က သူမလက်ကို အတင်းအကျပ်ဆွဲခေါ်၏။

ရွှေရန့်က ခပ်ငယ်ငယ်ကတည်းက အောင်စာရင်းကြည့်ဖို့ ကြောက်တတ်ခဲ့တာ။

အိမ်ကလူတစ်ယောက်ယောက်က သွားကြည့်ပြီး ကိုယ့်ခုံနံ



www.burmeseclassic.com

www.burmeseclassic.com



ပါတ်ပါပြီဆိုမှ ကိုယ်ကစိတ်ချလက်ချ လိုက်သွားကြည့်ချင်တာ။ ယခုလည်း ရင်ထဲတဒိတ်ဒိတ်မြည်အောင် ခုန်နေသည်။

ကိုဘုန်းလျှံက ကားတံခါး ဖွင့်ပေးပြီမှ သူမလက်ဖျားလေးကို တစ်ချက် ဆုပ်ညှစ်အားပေးကာ...

"လက်ဖျားတွေ အေးစက်နေတာပဲ...ဒီလောက်ပဲ ကြောက်ရသလား"

"အင်း"

"ရွှေရန်နဲ့ အောင်ပါတယ်ကွာ ကိုယ်အာမခံရဲတယ်"

သူကခပ်ပြုံးပြုံးစနေကာ ကားကို အေးအေးလူလူပင် မောင်းလာသည်။

ရွှေရန်နှံမှာတော့ စကားပင်မပြောနိုင်။ ကြော်ငြာဘုတ်ကြီးရှေ့မှာ လူတွေတိုးဝှေ့နေတာမြင်တော့ ရင်တစ်ခုန်ခုန်ဖြင့် ခြေဖျားလက်ဖျားတွေ ပိုအေးလာသည်။

သူက ရွှေရန်နှံ့လက်ကို အတင်းဆွဲခေါ်ကာ တိုးဝှေ့ရှာဖွေလိုက်သည်။

"တွေ့ပြီ...တွေ့ပြီ ဒီမှာ၊ တစ်ငါးခွန် ရွှေရန်နှံ့တဲ့၊ ဟာ... အင်္ဂလိပ်စာတောင် ဒီ ပါလိုက်သေးတယ်..."

ရွှေရန်နှံမှာ စာရွက်ပေါ်က ကိုယ့်အမည်ကို အသက်မျှော်ဘဲ စိုက်ကြည့်နေသည်။

အပျော်စိတ်နှင့် ရင်ထဲဆောင့်ခုန်လာသည်။ ပြီးတော့ ချက်ချင်းလိုပင် အားငယ်လာ၏။

"ကိုယ်ပြောတာပဲ အေးအေးဆေးဆေး အောင်ပါတယ်လို့ကဲ ဘာကျွေးမလဲပြော..."

လူအုပ်ထဲက ပြန်ထွက်လာတာနှင့် သူကဝမ်းသာအားရ ရွှေရန်နှံ့ လက်ကလေးကို ဆုပ်ကိုင်လှုပ်ရမ်းလိုက်သည်။

"ကိုဘုန်းလျှံ"

"ပြောလေ"

ကြော့ပိုးကောင်တစေ

www.burmeseclassic.com

www.burmeseclassic.com



"ရွှေရန့် ကံမကောင်းဘူးနော်"

သူမအသံလေးက တကယ်ပဲ တိမ်းတိမ်ဖျော့တော့နေသည်။

"ဘာဖြစ်လို့"

"ဒီက... ဒီက တစ်ခုပဲထွက်တယ်"

"အဲဒါဘာဖြစ်လဲ... အမှတ်ပေါင်းက များနိုင်ပါသေးတယ်"

"ဒါပေမယ့် ကိုဘုန်းလျှံ စိတ်ဆိုးတယ်မဟုတ်လား၊ ရွှေရန့်ကို စိတ်ပျက်သွားတယ် မဟုတ်လား"

"ဟောဗျာ"

တစ်ချိန်လုံး မျက်နှာလေးငယ်နေတာ ဒါကြောင့်လား ကလေးမရယ်...

ဘုန်းလျှံက သူမဦးခေါင်းလေးကို လက်ဝါးနှင့် အုပ်ကိုင်လှုပ်ယမ်းလိုက်မိသည်။

ကောင်မလေးရယ်...

ကိုယ်ဒီလောက် မင်းကိုစိတ်ပျက်ဖို့ဆိုတာ မဖြစ်နိုင်ဘူး။

ဘာကြောင့်မှ မဖြစ်နိုင်တော့ဘူးကွာ သိလား။

ဘာလို့လဲဆိုတော့ မင်းကို ကိုယ်ချစ်မိနေပြီ။

"အဓိပ္ပါယ်မရှိတာကွာ ကိုယ်က ဘာကြောင့်စိတ်ဆိုးရမှာလဲ ခင်ဗျားလေးတော်တာကို ချီးမွမ်းဖို့ပဲရှိတယ်၊ အင်္ဂလိပ်စာ ဂုဏ်ထူးပါဖို့ဆိုတာ လွယ်သလား၊ ခင်ဗျားလို ပျော့စိစိလေးက အောင်တာပဲတော်လွန်းလှပြီ"

"ဟင်... ဒါဆိုကိုဘုန်းလျှံက ရွှေရန့်ကို စာမေးပွဲအောင်ဖို့တောင် မလွယ်ဘူးလို့ ထင်ထားတာပေါ့"

"ဟာ...မဟုတ်ပါဘူး ပြဿနာပဲ"

"အဲဒါတော့ ကိုဘုန်းလျှံ လျော့တွက်တာပဲ၊ အထင်သေးတာပဲ"

"မဟုတ်ပါဘူးဆိုကွာ သိပ်စကားများတာပဲ၊ လာ ပြန်ရအောင်"

လက်ဖျားလေးကို သူလာဆုပ်ပြန်သဖြင့် ရွှေရန့် ရင်ဖိုသွားရ၏။

စောစောတုန်းက အောင်စာရင်းဖောက်ပနေသဖြင့် သိပ်မသဲ



www.burmeseclassic.com

www.burmeseclassic.com



ကွဲလှသော်လည်း ယခုတော့ဖြင့် ကိုယ့်လက်ကလေး သူ့လက်ဖဝါးထဲ ရောက်နေတာ မလွန်အမင်း ကြည်နူးရင်ခုန်စရာကောင်းလှတာ ရွှေရန် မငြင်းနိုင်တော့ပါ။

●●●

ရွှေရန် ဝရံတာမှာရပ်နေတုန်းပင် ခြံထဲသို့ ကားတစ်စီးဝင်လာသည်။ ကိုဘုန်းလျှံ သူငယ်ချင်းရဲ့ကားပါ။

ကိုဘုန်းလျှံကို လိုက်ပို့ပေးတာ၊ သူ ကားပေါ်ကဆင်း လက်ပြ၊ သူ့ဟန်မူရာတွေကို ရွှေရန် ငေးမောကြည့်နေမိ၏။ ကားလေး ပြန်ကွေ့ထွက်သွားတော့ သူ တိုက်ထဲ ဝင်ရောက်ပျောက်ကွယ်သွားသည်။

"ရွှေရန်"

သူ့ခေါ်သံကြားပေမယ့် ရွှေရန်မထူး။ ဝရံတာမှာပဲ ငြိမ်ငြိမ်လေးရပ်၍ နားစွင့်နေသည်။ သူဘယ်ကပြန်ပြန် အသံကြားတာနှင့် အပြေးလာကြိုနေကျမို့ မတွေ့တာနဲ့ သူရှာမှာဘဲဟု ရွှေရန်က ယုံကြည်နေသည်။

ခဏနှင့် ရောက်မလာတော့ လည်ပင်းလေးလိမ်ကာ အထဲဘက်သို့ အသာချောင်းကြည့်မိသည်။

"ဟော့…"

"အမေ့"

ဖြုန်းခနဲ အနားကပ်၍ အော်လိုက်သဖြင့် လန့်သွားရသည်။

"ဘာလို့ ပုန်းနေတာလဲ"

"ဘယ်မှာ ပုန်းလို့လဲ"

"ကိုယ်ပြန်လာတာ တွေ့ရဲ့သားနဲ့ ဘာလို့ အောက်ဆင်းမလာတာလဲ… ကဲ"

ရွှေရန် နှုတ်ခမ်းလေးက ပြုံးလာရသည်။

ကျွန်မကို မတွေ့ရင် ရှင် ချက်ချင်းရှာတာ၊ တစ်ကြော်ကြော်



www.burmeseclassic.com

www.burmeseclassic.com



ခေါ်နေတာလေး နားထောင်ချင်သေးလို့ပါကွယ်။ ကျွန်မတစ်ယောက်တည်းသာမဟုတ်ဘဲ ရှင်လည်း ကျွန်မအပေါ် သံယောဇဉ်ရှိတယ်ဆိုတာ ကျွန်မလည်း သိချင်တာပေါ့။

ဘုန်းလှိုက ရေချိုးပြီးစ သနပ်ခါး ပါးကွက်ပါးပါးလေးနှင့် သူမပုံစံ အေးမြမြလေးကို ချစ်မဝစွာ စိုက်ကြည့်နေသည်။

ဆံနွယ်လေးတွေ ဝဲလွင့်နေတာလေးကလည်း သိပ်ချစ်ဖို့ကောင်းတာပဲ။

မျက်စိထဲမှာ သူမလေးဟာ တစ်စထက်တစ်စ ပိုလို့ကြည့်ကောင်းလာရပါရောလား။

ဝင်းအိစိုနှစ်နေသော အသားကလေးတွေက ညနေခင်းနေရောင်ဖျော့ဖျော့မှာ ပို၍ဝင်းပနေသလို ထင်မိသည်။

"ရွှေရန့်"

"ရှင်"

သူစိုက်ကြည့်နေသဖြင့် ရွှေရန့်မှာ မနေတတ်စွာ မျက်နှာပူနွေးလာရသည်။

"စာမေးပွဲအောင်တဲ့နေ့က ကိုယ်ဆုချမယ်လို့ ပြောခဲ့တာ မှတ်မိလား"

"အင်း"

"အခုကိုယ်ဝယ်လာခဲ့ပြီ"

"ဘာလဲဟင်"

"သိချင်လား"

"အင်း...သိချင်တာပေါ့၊ ဒါပေမယ့် အဖိုးတန်ကြီးဆိုရင်တော့ ရွှေရန့် မယူချင်ဘူး"

သူက ရတနာဘူးလိုဟာလေးကို အိတ်ထဲက ဆွဲထုတ်လိုက်သဖြင့် ကြိုတင်ပြောထားမိသည်။

"အဖိုးတန်တယ် မတန်ဘူးဆိုတာ ဘာကိုပြောတာလဲ နှိုက်ဆကိုလား"



www.burmeseclassic.com

www.burmeseclassic.com


"စိတ်မဆိုးနဲ့ဦးနော် ရွှေ ရန့်က အားနာလို့ပါ"

"ဘာ ဒါဆိုရင် ကိုယ်ပေးတာကို လက်မခံဘူးလား၊ ငြင်းမလား ပြော…"

သူ အတည်ပေါက်နှင့် စိတ်တိုသွားသလို ငေါက်ဆတ်ဆတ်လေး မေးတော့လည်း ရွှေရန့် မျက်နှာချိုသွေးလျက်…

"ကျွန်မ မှားသွားပါတယ် ကိုဘုန်းလျှံရယ်၊ မျက်နှာကြီးက အဲလောက် တင်းမထားပါနဲ့၊ တကယ်တော့ ကိုဘုန်းလျှံ ဘာလက်ဆောင် ပေးပေး ရွှေရန့် မငြင်းပါဘူး၊ လက်ခံမှာပါ၊ အမြတ်တနိုးနဲ့ လက်ခံမိမှာပဲ ကျေနပ်ပြီလား"

သူက ရွှေရန့် နှာသီးဖျားလေးကို တစ်ချက် ဆွဲညှစ်လိုက်ပြီး…

"ဒါဆို ဝတ်ကြည့်၊ ဆွဲကြိုးလေး အရင်ဆုံး ကိုယ်ချိတ်ပေးမယ်"

သူက ကတ္တီပါဘူးအနီလေးကိုဖွင့်ကာ အထဲမှ ပလက်တီနမ် ကြိုးမျှင်လေးကို ထုတ်ယူလိုက်သည်။

ပြီးတော့ ရွှေရန့်လည်ပင်းမှာဝတ်စေပြီး နောက်ဘက်က ချိတ် ကလေးကို ခပ်ဖြည်းဖြည်းတပ်ပေးသည်။

ရွှေရန့် လည်တိုင်ဝင်းဝင်း မွတ်မွတ်လေးမှာ အဖြူရောင် ပလက်တီနမ် ကြိုးလေးကြောင့် အဆများစွာ လင်းလက်သွားရသည်။

ဘုန်းလျှံကိုယ်တိုင် သဘောကျ ကျေနပ်မိသဖြင့် သူမ ဂုတ်သား လေးကို လေနှင့်ဖွဖွ မှုတ်လိုက်မိသည်။

"ကြိုက်လား"

"အင်း"

"လာ…လာ မှန်သွားကြည့်လိုက်ဦး"

ကျွန်းကနုတ်ဘောင်နှင့် ကိုယ်လုံးပေါ် ကြည့်မှန်ရှေ့သို့ သူ ဆွဲခေါ်လာသည်။

"ဘယ်နှယ်လဲ"

"လှတယ်နော်"

ရွှေရန့်က သူ့လည်တိုင်ပေါ်က ကြိုးကလေးကို လက်ချောင်း


www.burmeseclassic.com

www.burmeseclassic.com



လေးနှင့်စမ်းရင်း ကျေနပ်ပျော်ရွှင်သွားမိသည်။

ကိုဘုန်းလှိုင်က သူမ ဘယ်လက်ကောက်ဝတ်ကို ဆွဲယူပြီး ပလက်တီနမ် လက်ကောက်အပျော့ကလေး ဝတ်ပေးပြန်သည်။ ပြီးတော့ နားကွင်း . . .

နားပေါက်ထဲသို့ နားကွင်းလေးချိတ်ပေးတာ လုံးဝမနာကျင် ငြင်သာသေသပ်သည်။

သူ တယုတယဝတ်ဆင်ပေးပုံက သူချစ်သူတစ်ယောက်လို

ရွှေရန်နံ့ကို ပွင့်ပွင့်လင်းလင်း ဘာမှမပြောပေမယ့် သူ့အမူအရာ သူ့ဆက်ဆံရေးမှာ ချစ်သူတစ်ယောက်လို အမြဲ ကြင်နာဟန် ပေါက်နေ သည်။

"ပလက်တီနမ်က သိပ်ဈေးကြီးတာမို့ ကိုဘုန်းလှိုင် ပိုက်ဆံ တွေအများကြီး ကုန်သွားမှာပေါ့။ တစ်ခုတလေဆိုလည်း ရပါပြီ။ ဘာဖြစ် အများကြီး လျှောက်ဝယ်တာလဲ"

"စကားမများနဲ့ကွာ၊ ဒီမှာ ခင်ဗျာလေးနဲ့ ဘယ်လောက်လိုက် သလဲ ကြည့်ပါလား"

မှန်ထဲမှာ အကြည့်ချင်း ဆုံမိကြသည်။

သူ့ မျက်လုံးထဲက အချစ်တွေကို ရွှေရန်နံ့မြင်သည်။ ရွှေရန်နံ့ မျက်လုံးထဲက အချစ်တွေကိုလည်း သူမြင်မှာပါ။ သူသည် စိတ်လှုပ်ရှား သွားသလို ရွှေရန်နံ့ ပုခုံးလေးကို ဆုပ်ကိုင်လိုက်သည်။

ရွှေရန်နံ့လည်း အမှတ်မထင် ရင်တုန်သွားရပါသည်။ ထို့နောက် သူက သက်ပြင်းချကာ လက်ကိုပြန်ရုပ်သွားသည်။

ရွှေရန်နံ့လည်း ရှက်ရွံ့အနေခက်စွာ သူပေးထားတဲ့ လက်စွပ်လေး ကို လက်ချောင်းတွေထဲ စွပ်ကြည့်လိုက် ပြန်ဖြုတ်လိုက် ဆော့ကစားနေ သည်။

သူနှင့်ရွှေရန်နံ့ကြားမှာ ပြောစရာစကား မရှိတော့သလို တိတ်ဆိတ် သွားရသည်။

ခဏနေတော့ သူက ရွှေရန်နံ့ကို ငေးစိုက်ကြည့်နေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်တိုသူ ထိန်းထားပုံပင်။

ရွှေရန့်က ခေါင်းလေးငုံ့ထားလျက်သာ…

"လက်စွပ်ကို လက်မမှာ မဝတ်နဲ့နော်"

"ဘာလို့လဲ"

နှစ်ယောက်လုံး အသံတွေ မှုမမှန်ချင်။ တခြားစကား ပြောင်းပြောရပေမယ့် ရင်ထဲကမေတ္တာဆိုတာ ထိန်းချုပ်ဖို့အခက်သားပင်။

"အရေးကြီးတဲ့အာရုံကြောတချို့ လက်မမှာရှိတယ်ကွ၊ တင်းကျပ်တဲ့ စည်းနှောင်မှုမျိုး ဖြစ်မှာစိုးလို့ တခြားလက်ချောင်းတွေမှာ စွပ်တာက်သန်းကြွယ် ကောင်းသားပဲ"

"မကောင်းပါဘူး"

ရွှေရန့်က မျက်စောင်းလေး မဝင့်တဝင့်နှင့် ရေရွတ်သည်။

"ဘာလို့ မကောင်းတာလဲ"

ပြောရင်ကောင်းမလား မပြောရင်ကောင်းမလား ရွှေရန့် စဉ်းစားသည်။ ပြီးမှ စိတ်ရှုပ်သလို။

"သူများတွေက အင်္ဂတေ့ချိ လုပ်ထားတယ် ထင်မှာပေါ့"

"ဟောဗျာ"

သူက သဘောကျ ပြုံးရယ်လိုက်လေသည်။

"ထင်ချင်ထင်ပါစေလား ရွှေရန့်ရယ် ပိုတောင်ကောင်းသေးဗျာ"

"ဟင်း"

ရွှေရန့်က ရှက်ရှက်နှင့် သူ့အနားက ခြေလေးဆောင့်ကာ ထွက်သွားသည်။

ကလေးဆန်ဆန် ချစ်စဖွယ်အမူအယာလေး သူ့ကို ဆိုးနွဲ့ စိတ်ကောက်ချင်တဲ့ ပုံစံလေး။

ဘုန်းလျှံကျော် နှုတ်ခမ်းလေးကိုက်၍ ကြည့်နေမိသည်။

ကိုယ်က ချစ်ပါတယ် ကောင်မလေးရယ်…

ဒါပေမယ့် မင်းကိုအများကြီး ငဲ့ညှာရသေးတယ် မဟုတ်လား။ ဖေဖေက ကိုယ်တို့နှစ်ယောက်ကို စေ့စပ်တာမျိုး မလုပ်ပေးဘူး။



www.burmeseclassic.com

www.burmeseclassic.com



မင်းရဲ့ ဂုဏ်သိက္ခာအတွက် ထင်ပါတယ်။

ကိုယ်ဆရာဝန် ဖြစ်ပြီဆိုမှ တစ်ခါတည်း လက်ထပ်ပေးမှာ တဲ့ဗျာ။ ကိုယ်လည်း ဒီအချိန်တွေ မြန်မြန်ကုန်စေချင်ပြီ။

ဘုန်းလှိုု စိတ်ထဲမှ မချင့်မရဲ ရေရွတ်ပြေရှင်းနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၉ ]

စာဖတ်ရတာ ညောင်းညာလာသဖြင့် ဘုန်းလျှံ ခြံထဲဆင်းခဲ့သည်။ ပထမတော့ ရွှေရန့်ကို သူမတွေ့မိ။

နောက်မှပန်းအိုးတွေကြားထဲ စပရေးဂန်းနှင့် ရေဖြန်းနေတာ လှမ်းတွေ့တာမို့ အနားသို့ လျှောက်သွားလိုက်မိသည်။

"ခင်ဗျားလေးက ဒီမှာကိုး..."

"ဘာလိုလို့လဲ ကိုဘုန်းလျှံ၊ ရွှေရန့် ဘာလုပ်ပေးရမလဲ"

"သူ့အပင်တွေပဲ ဂရုစိုက်နေတယ်ကွာ"

"ကိုဘုန်းလျှံကျတော့ စာပဲကျုံးဖတ်နေပြီး"

"မနက်ဖန် စာမေးပွဲတစ်ခု ရှိတယ်လေ"

"ဒါဖြင့် ဘာလို့ ဆင်းလာသေးလဲ"

"ပျင်းတယ်ကွ၊ ပြီးတော့ ရွှေရန့်နဲ့လည်း စကားပြောချင်သေးတာပေါ့"

"မတွေ့ရတဲ့သူတွေ ကျနေတာပဲ"

"တွေ့ရပေမယ့်...၊ အင်း...ကိုယ် ဘယ်လိုပြောရမလဲ"

"မပြောနဲ့တော့ သိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို တကယ်နားလည်လား၊ အဲဒါဆိုရင် သိပ်ဝမ်းသာတယ်ကွာ၊ ရွှေရန့်က ချစ်ဖို့ကောင်းတယ်"

"တော်ပါနော်"

နှုတ်ခမ်းကလေး စူထော်လိုက်ပုံကို အသည်းယားမိသည်။ ရွှေရန့်က စပရေးဂန်းလေးကို ထားပြီး နှင်းဆီအိုးတွေဆီ လှမ်းကြည့်နေမိသည်။

ပြီးနောက် နှင်းဆီတစ်ပွင့် သွားပြီးဖြတ်ယူလာခဲ့သည်။ အိမ်ပေါ်ကို တစ်ချက်လှမ်းကြည့်ပြီး ဘယ်သူမှမတွေ့ရမှ ပန်းကို ချိတ်ကလေးနှင့်တွယ်ပြီး. . .

"ကိုဘုန်းလှို့"

"ကိုယ့်ကိုထားပြီး ဘာတွေလျှောက်လုပ်နေတာလဲ"

"သိလည်းမသိဘဲနဲ့"

ရွှေရန့်မျက်နှာလေး ရှက်စနိုးဆန်လှ၏။ ဘုန်းလှို့ပါ အလိုလိုရင်ခုန်လာသည်။

"ကိုယ်သိချင်တယ်၊ ပြောပါဦး"

"မနေ့က ကျေးဇူးတင်တာ မပြောခဲ့မိဘူး၊ အခု ပြောမယ်နော်"

"ရပါတယ်. . . ဒါလား"

"ရှိသေးတယ်"

ရွှေရန့်က သူ့ရှေ့မှောက်သို့ ရိုရိုလေး လာရပ်သည်။ ပြီးလျှင် သူ့အကျီရင်ဘတ်မှာ ပန်းကလေးတစ်ပွင့် ထိုးပေး၏။

ဘုန်းလှို့ အသက်ပင်မရှူမိ။

နီးကပ်နေသော သူကလေးမျက်နှာကိုသာ သတိလက်လွတ် စိုက်ကြည့်နေမိသည်။

"ရွှေရန့်လက်ဆောင်နော်၊ နွမ်းသွားလည်း လွှင့်မပစ်ရဘူး"

"ကိုယ် သိမ်းထားမှာပါ"

ကောင်မလေးရယ် ဒီပန်းကလေးလိုပဲ မင်းကိုလည်း ကိုယ့်ရင်မှာ အမြဲမှီကပ်နေစေချင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုဘုန်းလျှံရယ်...

တစ်နေ့နေ့မှာ ကျွန်မရဲ့ သတို့သားဖြစ်ခဲ့ရင်လည်း ရှင်ဝတ်ထားတဲ့ တိုက်ပုံဖြူလွလွပေါ်မှာ အခုလိုပဲ ကျွန်မကိုယ်တိုင် ပန်းကလေးတစ်ပွင့် ကပ်ချိတ်ပေးမယ်နော်...။

www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၁၀ ]

ကိုတုန်းလျှံက မီးပွိုင့်မှာ ကားရပ်ထားစဉ် ကက်ဆက် ခလုတ်ကို ဖိလိုက်၏။

အချစ်လေး…မယုံဘူးလား… ငါချစ်တာမင်းပဲ…

ငါ့နှလုံးသား လှိုင်းထလို့ သက်ပြင်းများ ရှိုက်မိတယ်…

ဖွင့်လက်စ တေးသီချင်းလေးက သူမအာရုံကို လန်းဆန်း သွားစေသည်။

ရှေ့နောက်ဝဲယာမှာ ကားတွေ တစီတတန်း ရှိနေပေမယ့် ရွှေရန့်တို့ရဲ့ ကားလေးထဲမှာတော့ နှစ်ယောက်တစ်ကမ္ဘာပါပဲ။

မနက်ပိုင်း နေပူ၊ ကားရှုပ်တာမှန်ပေမယ့် ကားထဲမှာ အဲယား ကွန်းကြောင့် အေးမြနေသည်။

ပြီးတော့ အရေးကြီးဆုံးတစ်ချက်က နှစ်ယောက်လုံး ကြည်နူး ရွှင်ပြနေတာပဲ။

အတူတူသွားရသော လမ်းခရီးလေးတွေက အမြဲတမ်း ပျော်ရွှင် ရောကောင်းသည် မဟုတ်လား…။

ရွှေရန့်က မကြာမကြာ ခိုးကြည့်သလို သူကလည်း ရွှေရန့်ဘက်



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးလေး ရွှေကြည့်ပြီးတိုင်း ပြုံးစေ့စေ့ ဖြစ်နေသည်။

အချစ်က လူကို အလိုလိုနေရင်း ပျော်ရွှင်စေနိုင်တာ တကယ်ပဲလား...။

ထိုသို့ဆိုလျှင်တော့ ဘုန်းလျှံနှင့် ရွှေရန်နံ့တို့ အချစ်စစ်ကို ခံစားမိကြပြီ။

ဒီကောင်းကင်ကြီးထဲ ပျံသန်းနေရင်းနဲ့...

ဟိုး... မိုးကုတ်စက်ဝိုင်း အမြင့်ဆုံးနားအထိ...

သူ့အချစ်မြဲပါ့မလား...

ကိုဘုန်းလျှံ...

ကျွန်မတို့ နှစ်ယောက်ရဲ့ အနာဂတ်ခရီးတစ်ခုကို ကြိုတင်လှမ်းမျှော်ကြည့်လို့ ရနိုင်ပြီလား။

ကျွန်မအတွက်တော့ နောက်ထပ် ရှင့်လိုယောက်ျားမျိုး မရှိနိုင်တော့ဘူး။ ရှင်ဟာ ကျွန်မဘဝရဲ့ အထွက်အမြတ် အားထားရဆုံးချစ်သူပါ။

အဖော်ကွဲတဲ့... ငှက်ကလေးလို

အချစ်ရယ်... ချန်မထားခဲ့နဲ့ကွယ်

အရှင်းဆုံး ပြောစမ်း။ အိုး... ငါ့ချစ်ခရီးလမ်း

မောင်ရဲ့နောက်က တကောက်ကောက်လိုက်ခဲ့မယ်

မိန်းကလေးဘဝ သိလိုက်စမ်း...

တေးသွားလေးကို လိုက်ဆိုညည်းချင်အောင် နှလုံးသားက နူးညံ့ပျော့ပါးနေသည်။

"ကိုဘုန်းလျှံ"

"ဟင်"

"ကားတွေ ကျပ်နေတယ်နော်"

"ရွှေရန့် အိုက်နေလို့လား"

"မအိုက်ပါဘူး၊ နောက်ကျနေမှာစိုးတာ"

"ရပါတယ်၊ နောက်ကျလည်း ကိစ္စမရှိပါဘူး၊ မေမေ ထမင်းကြိုစောင့်နေမှာပဲ"

www.burmeseclassic.com



"ဟင်းနံ့ဖုန်း ထုတ်ရတာ အလုပ်ရှုပ်လား"

"နည်းနည်းတော့ စောင့်ရတာပေါ့၊ ရုံးကိစ္စကိုး၊ ပြီးတော့ ဘဏ်မှာငွေသွင်းတာတို့၊ ဘာတို့နဲ့ တစ်ရက်တည်း အပြီးလုပ်မယ်ဆိုရင် ညနေတော့ စောင်းသွားမှာပဲ"

"တကယ်"

သူက နောက်ဆုံးနှစ်ရောက်ပြီမို့ ဟင်းနံ့ဖုန်းကိုင်ချင်ပြီဆိုတာ ကြောင့် လေးလေးက လျှောက်ထားတဲ့ဖုန်းကျလာတော့ သူ့ကို ကိုယ်တိုင် သွားထုတ်နိုင်းတာ။

ရွှေရန့်ကတော့ သူနှင့်အပြင်ထွက်ရပြီးရောဆိုပြီး အတူတူ လိုက်လာခဲ့တာ။

ပန်းဆိုးတန်းရုံးကို ရောက်တော့ လေးလေးတပည့် ကိုထူးကျော် ကြီးက ကြိုတင်စောင့်နှင့်သည်။

လျှောက်လွှာဖြည့်စွက်တာ၊ လက်မှတ်ထိုးတာ၊ မိတ္တူကူးတာ၊ လျှောက်လွှာပြန်ထပ်တာ၊ `နာမည်ခေါ်လိုက် ဟိုဘက်စားပွဲကနေ ဒီဘက် စားပွဲရွေ့ရပ်လိုက်၊ ရုံးကိစ္စတို့ထုံးစံ မတ်တပ်မတ်တပ်နှင့် လူအုပ်ကြားထဲ အတော်ချွေးပျံ၊ စိတ်အိုက်ရပါသည်။

ရွှေရန့်လည်း သူ့အပါးက မခွာ။

ရွှေရန့်တို့ နှစ်ယောက်ကို အခြားလူတွေ ကွက်ကြည့်ကွက် ကြည့်...။

"စောင့်ရဦးမှာ ရွှေရန့် သွားထိုင်နေ"

"တစ်ယောက်တည်း ထိုင်မစောင့်ချင်ပါဘူး"

"ခက်တာပဲ ကိုယ်ကလက်မှတ်ထိုးရဦးမှာ လူတွေများနေတာ ကွာ"

"ရပါတယ်"

ပြောမရသဖြင့် ဘုန်းလျှံ လက်လျှော့လိုက်သည်။ သူကလေးကို ခေါ်ခဲ့မိတာ မှားပြီ၊ သူကလေးပါ ရောပြီး ပင်ပန်းနေရပြီ။ ချွေးစို့နေသော မျက်နှာလေးကို သနားကြင်နာစွာ အားပေးပြုံးနှင့် ခဏခဏ ငုံ့ကြည့်



www.burmeseclassic.com

www.burmeseclassic.com


မိသည်။

ရွှေရန့်ကလည်း သူ့ချွေးပျံနေတာကို လက်ကိုင်ပုဝါနှင့် သုတ်ပေးလိုက်ချင်သည်။ သို့ပေမယ့် လူတွေအများကြီးကြားထဲမှာမို့ မလုပ်ရဲ။

"ဒါပြီးရင် အောက်ခဏ ပြန်ဆင်းမယ်"

"အင်း"

စာရွက်ပြန်ထွက်လာတော့ သူနှင့်ရွှေရန့် ဝမ်းသာအားရ လူအုပ်ထဲက ပြန်တိုးထွက်ခဲ့သည်။

လှေကားအစွန်းလေးမှာရပ်တော့ ရွှေရန့်က ခြေဖျားထောက်ကာ သူ့နားသယ်စပ်ကလေးကို လက်ကိုင်ပုဝါနှင့်တို့ကာ ချွေးသုတ် ပေးလိုက်သည်။ သူကရယ်ရွှင်မြူးသော မျက်နှာလေးနှင့် ရွှေရန့်လက်ကို ဆုပ်ကိုင်လိုက်၏။

"အမောပြေသွားတာပဲကွာ"

ခုတော့လည်း ရွှေရန့်လေးပါလာတာ သိပ်ကိုမှန်တာပဲ။ စိတ်ညစ်တယ်ဆိုတာ ကိုယ့်မှာမရှိတဲ့စကားလုံးမျိုး ဖြစ်သွားတယ်။

အဲဒါ မင်းကြောင့်ပါ ရွှေရန့်ရယ်...။

မင်းဟာ ကိုယ့်ရင်ထဲ အစဉ်အမြဲ ရှင်လန်းအားတက်စေတဲ့ အထူးအဆန်းကောင်မလေးတစ်ယောက်ပဲ။ မင်းကြောင့် ကိုယ်အမြဲ ပျော်ရွှင်ကျေနပ် နှစ်သိမ့်ရတယ်။

သူက ရွှေရန့်လက်ကို မေ့ချင်ယောင်ဆောင်သလို ပြုံးစေ့စေ့နှင့် ဖြေမလွှတ်ပေးတော့ပေ။

အအေးဆိုင်လေးမှာ ထိုင်တော့ ရွှေရန့်မှာ ရင်ခုန်မပြယ်နိုင်သေး။ သူ့မျက်နှာမော့ကြည့်မိပြန်ရင်လည်း တစ်ဦးနှင့်တစ်ဦး မျက်လုံးတွေက လွှယ်လွှယ်ခွာမရ။

ထိုနေ့က သူပြောသလိုပင် ညနေလေးနာရီလောက်မှ မိုဘိုင်းလ်ဖုန်း လက်ထဲရောက်သည်။ စက္ကူဗူးကို ဖွင့်ကာ ဖုန်းကိုထုတ်ယူကိုင်တွယ်လိုက်ရတော့လည်း ပင်ပန်းတာတွေ ပြေပျောက်သွားသလိုပင်ရှိသည်။

"စမ်းကြည့်မယ်နော်၊ ရွှေရန့်က ဟိုလှေကားအဆင်းလေးမှာ

www.burmeseclassic.com



သွားရပ် ကိုယ်ဒီက ခေါ်မယ်''

''အင်း အင်း...''

ရွှေရန့်က လေးလေး ဟင်းနှာမှုန်းနှင့် သူခေါ်တာကို စောင့်သည်။

''ဟယ်လို ရွှေရန့်''

''ရှင်''

''ရပါတယ် အေးဆေးပဲ၊ ကိုယ့်ရဲ့မိုဘိုင်းနဲ့ ပထမဆုံးပြောရတာ ရွှေရန့်နော်၊ ကိုယ်မေ့မှာ မဟုတ်ဘူး၊ ပြီးတော့...

''.........''

''ဟင်... ဘေးမှာ လူတွေနဲ့ သူလျှောက်ပြောနေတယ်၊ ကြည့်စမ်း''

ရွှေရန့်မှာ ရှက်စနိုးနှင့် လေ့ကားထိပ်နားက သူ့ကို မကြည့်ရဲတော့ပဲ ကျောလေးပေးကာ နားထောင်နေမိသည်။ ရင်တွေလည်း တဒိုင်းဒိုင်း ခုန်နေလိုက်တာ။

''ကိုယ့်ဘဝမှာ နံပါတ်တစ်ဦးစားပေး၊ ပထမဆုံး အလေးအနက် အထားဆုံးကလည်း ရွှေရန့်ပဲ သိလား၊ ရွှေရန့်က ကိုယ့်အတွက် မရှိမဖြစ် အရေးအကြီးဆုံးပဲကွာ၊ သိလား...''

ရွှေရန့်က တိတ်နေသဖြင့်...

''ဟော့... ကိုယ်ပြောနေတာ ကြားလား''

''ဟုတ်ကဲ့''

''ဒါဖြင့် ကိုယ့်ဆီ ပြန်ခေါ်''

ခုလေးတင် သိရသော နံပါတ်အသစ်ကလေးကို ရွှေရန့်က နှိပ်သည်။

''သူက ဟဲလို အချစ်လားဟု ပြောင်ချော်ချော် ထူးသည်။ သူ့အသံ ခပ်တိုးတိုးလေးက ရွှေရန့်ကို အသက်ရှူ မှားစေသည်။ ရှင်ချစ်တာထက် ပိုပါတယ် ကိုဘုန်းလျှံရယ်...

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၁၁ ]

သူမှာ ကိုယ်ပိုင်သုံး ဟင်းန်ဖုန်း ရှိနေပြီးနောက်ပိုင်း သူ့ဆီ ဖုန်းဆက်သော အပေါင်းအသင်း သူငယ်ချင်းတွေ ပိုမိုများပြားလာသည်။

ထိုအထဲမှာ ညတိုင်းလိုလို တစ်ရက်မပျက် ဖုန်းခေါ်တတ်တာကတော့ သူနှင့်အတန်းတူ ဆရာဝန်မလေးတစ်ယောက်ပါ။ ထိုဖုန်းခေါ်သံကြားပြီဆို သူက တစ်ယောက်တည်းသီးသန့် ဝရံတာထွက်ပြောသည်။

ဒါမှမဟုတ်လည်း ခြံထဲဆင်းပြောသည်။

စကားပြောတဲ့အခါလည်း သူ့မျက်နှာလေးက ပျော်ရွှင်မြူးတူးနေတတ်သည်။

ရယ်သံချိုချိုတွေ ကြားရတတ်သည်။

ရွှေရန်သည် စိတ်ထင့်သော်လည်း ဘာမှမမေးခဲ့ပါ။ သို့ပေမယ့် တရေးနိုးညတွေ ထိုအကြောင်း စဉ်းစားမိပြီဆို ရင်ထဲအားငယ်မှုတွေနှင့် မွန်းကျပ်လာတတ်သည်။

အဲဒီအမျိုးသမီးလေးက ဘယ်လိုရုပ်ကာမျိုးရှိပါလိမ့်

ရွှေရန် မြင်ဖူးချင်လာသည်။

ဆရာဝန်မလေးဆိုသော ပညာဂုဏ်တစ်ခုဖြင့်ပင် သူမ အရည်



www.burmeseclassic.com

www.burmeseclassic.com



အသွေးက တောက်ပလှပြီ။ နောက်ထပ် ဘာတွေရှိဦးမလဲ၊ ဆက်မတွေး ချင်တော့ပါ။ ရွှေရနံ့မှာ ပင့်သက်ခိုးလေးသာ ရှိုက်မိပါတော့သည်။

"တီ... တီ..."

ကားဟွန်းသံကြောင့် ရွှေရနံ့က ရေပိုက်ကို ခဏပိတ်၍ ဝင်း တံခါးကို ဖွင့်ပေးလိုက်သည်။

အစိမ်းရောင် ဒေးဝူးကား ပြောင်လက်လက်ကလေးတစ်စီး မောင်းလာသူက မျက်မှန်တပ်ထားသော အမျိုးသမီးကလေးတစ်ယောက်။

ပင့်မော်နေသော မျက်နှာလေးကတော်တော်လှသည်။ သူမ နံဘေးကနေ ကားကို ဘီးလှိမ့်ရုံလေးမောင်းကာ ကားမှန်တစ်ဖက်ကိုချရင်း

"ကိုဘုန်းလျှံ ရှိလား"

"ဟုတ်ကဲ့... ရှိပါတယ်"

သူမက အပြုံးလေးနှင့် ခေါင်းဆတ်သည်။

ပြီးတော့ ဆင်ဝင်အောက်ဆီ ခပ်ဖြေးဖြေးမောင်းသွား၏။

ဟန်မူယာကလေးက ငေးမောကြည့်ချင်လောက်အောင် စတိုင်လ်ကျသည်။

ကားတံခါးဖွင့်ပြီး လေဒီရှူးဖြူဖြူစီးထားသော ခြေထောက် ကလေး ဦးဆုံးအပြင်ဘက်ထွက်လာသည်။ ပြီးတော့ မြင့်မားသွယ်လျတဲ့ မော်ဒယ်ဂဲလ်လို ကိုယ်လုံးလေး...၊ အသားလေးကလည်း ဝင်းပဖြူနေ နေသည်။ အထူးခြားဆုံးကတော့ သူမကျောပြင်ဆီမှာ ကတ္တီပါ တဘက်ကြီးကစ်ထည် လွှမ်းခြုံထားသလို ပြောင်လက်နူးညံ့ရှည်လျားတဲ့ ဆံပင်တစ်ထွေးကြီး... ပေါင်လယ်ခန့်ပင်မက။

ရွှေရနံ့ဆံပင်လှတယ်ဆိုတာ သူ့တဝက်မပို။ ဝတ်ထားပုံလေးက လည်း ကိုယ်ခန္ဓာအလှကို ထင်ရှားပေါ်လွင်စေတဲ့ နှစ်ထပ်ဂါဝန် ရှည်ရှည် အိအိလေး...။

ရွှေရနံ့ ငြိမ်တွေငေးမောနေမိစဉ်... ကိုဘုန်းလျှံပြေးထွက်လာ သည်။

"ဟာ... နီလာပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ပျောက်နေတော့ ကျွန်မက လာဖမ်းရတာပေါ့"

"မဟုတ်ပါဘူး၊ ဒါ ဒီရက်ထဲ အပြင်ကိစ္စလေးတွေ ရှုပ်နေလို့ပါ၊ လာလေ... အထဲဝင်"

နီလာ့ကို ဖိတ်ခေါ်ရင်း... ဘုန်းလျှံက ရွှေရန့်ကို မြင်တာမို့...

"ဟော့ ရွှေရန့်... လာဦး"

ရွှေရန့်က သူတို့နားသို့ လျှောက်လာသည်။

"ဒါ ငါပြောဖူးတဲ့ ရွှေရန့်လေ...၊ ရွှေရန့် သူက နီလာကျော်တဲ့"

"ဟုတ်ကဲ့"

"နှင့်ညီမက ချောသားပဲ"

ရွှေရန့်က နှုတ်ခမ်းလေးစေ့ကာ ပြုံးမိသည်။

ဆံပင်တွေဖွာပြီး၊ သနပ်ခါး ပျက်တစ်ဝက်, ကျန်တစ်ဝက်နှင့် သာမန်ဘလောက်စ်အင်္ကျီပွပွနှင့် ထမီအနားတွေ ရေစိုနေသော ရွှေရန့် ပုံစံက ရုပ်ရှင်ထဲမှာဆို မင်းသမီးနံဘေးက ဇာတ်ပို့ဇာတ်ရံလောက်ပင် အရောင်အသွေး ရှိပါ့မလား။

ဒါကို ချောတယ်ဆိုတော့လည်း...

"ကျေးဇူးတင်ပါတယ်... မမကမှ ကြည့်မဝအောင် လှနေတာပါ၊ အေးအေးဆေးဆေး ထိုင်ကြဦးနော်... ရွှေရန့် ရေချိုးလိုက်ဦးမယ်"

"ရတယ်... ရတယ်၊ လုပ်ပါ..."

ရွှေရန့်ဝင်သွားတော့ နီလာက ညှော်ခန်းဆက်တီမှာ ထိုင်လိုက်ရင်း...

"နှင်တို့အိမ်လေးက အေးနေတာပဲ"

"ကြီးမေရေ... ညှော်သည်ဖို့ တစ်ခုခု လုပ်ပေးပါဗျို့"

ဘုန်းလျှံက အတွင်းဘက်သို့ လှမ်းအော်ရင်း တဆက်တည်း...

"ဩြော်... မမေးရသေးဘူး အပူလား၊ အအေးလား နီလာ"

"အမယ်... အပူ့အအေးလေးနဲ့ ရမလား၊ နီလာက [illegible] စားမှာ"

"ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နီလာလည်း ဘယ်လိုဖြစ်နေမှန်း မသိပါဘူး ဘုန်းလျှံရယ် စထရက်တွေ သိပ်များနေတယ်၊ စာကို ဖတ်မရဘူး၊ နင်ရှင်းပြတာလေး တွေပဲ ခေါင်းထဲရောက်တယ်၊ နင်ရှင်းပြမှပဲ ငါဖတ်လို့ အဆင်ပြေတယ် အားကိုးပါရစေဟယ်... နင်နဲ့အတူတူ စာလာဖတ်မယ်နော်..."

"အေးပါ၊ ငါပဲ အာညောင်းရဦးမှာပေါ့"

နီလာက ကိုယ်လေးလှုပ်ယမ်းကာ ရယ်လိုက်သည်။

ဘုန်းလျှံက စိတ်ရှည် သဘောကောင်းလေးမို့ သူမ သိပ်ခင် တွယ်နေပြီ...။

သူ ပြောပြနေတာလေးတွေ နားထောင်ရရင် စာက ကျက်ဖို့ တောင် မလိုတော့၊ ချက်ချင်းရလွယ်၊ မှတ်သားလွယ်သည် မဟုတ်လား။

ပြီးတော့... နီလာကိုယ်တိုင်ကလည်း သူ့မျက်နှာလေးကြည့်ပြီး သူ့နှုတ်ခမ်း အဖွင့်အပိတ်လေးတွေကိုငေးကာ သူပြောသမျှ နားထောင်ချင် သည်။

သူ့မစိတ်တွေ ကြည်နူးပေါ့ပါး အေးမြလွန်းလို့ပါ။

ဆံပင်တွေ သပ်သပ်ယပ်ယပ်ဖြီးကာ အိမ်နေရင်းစွပ်ကျယ် လက် ပြတ် အနက်လေးနှင့် ကချင်ပုဆိုးမှောင်မှောင်လေး ဝတ်ထားတဲ့ သူ့သဏ္ဌာန်ဟာ နီလာ့မျက်စိထဲ ဘာမှမဟုတ်ဘဲ ဆန်းကြယ်ကြည့် ကောင်းလှသည်လေ။

"ဒီနေ့ နင်ရောက်လာတာ အတော်ပဲ နီလာ"

"ဘာလို့လဲ..."

"အိမ်မှာ မြီးရှည်ချက်တယ်ကွ"

"ဟယ်... ဟုတ်လား၊ ငါက မြီးရှည် အရမ်းကြိုက်တာ၊ နင် စားပြီးပြီလား... ငါနဲ့အတူတူစားရမယ်နော် ဒါပဲ..."

"အေးပါ... ဘယ်လိုညှိသည်မှန်းကို မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း... ဟင်း..."

ရွှေရန့်က ဖွန်း,ခက်ရင်းတွေ လက်သုတ်ပုဝါနှင့်သုတ်ရင်း တိုးညှင်းသော ရယ်သံသဲ့သဲ့ကို နားစွင့်နေမိသည်။

ဩော်... ကိုဘုန်းလျှံ...

ဒီလောက်လှတဲ့ နတ်မိမယ်လက်က လွတ်နိုင်ပါဦးမလား။

ရွှေရန့်သည် နီလာကျော်ကို စတင်မြင်ဖူးတဲ့နေ့ကစလို့ သူမတို့ရဲ့ အနာဂတ်မျှော်လင့်ချက်အပေါ် သံသယဝင်လာသည်။ ယုံကြည်ချက်တွေက မထင်မှတ်ဘဲ ပျက်ပြားလာသည်မှာ မယုံချင်စရာ...။

ကိုဘုန်းလျှံက သူနှင့် ဂုဏ်ရည်တူသော ဆရာဝန်မ ချောချောလေးကို ပိုမို သဘောကျမယ်ဆိုရင်... သိပ်ထူးဆန်းမလား။

ခံနိုင်ရည်ရှိဖို့ ကြိုတင်ပြင်ဆင်ရတော့မလား။

ကိုဘုန်းလျှံကို လက်လွှတ်ဆုံးရှုံးရရင်ရောဆိုတဲ့ မေးခွန်းကို သူမစိတ်ထဲ အကြိမ်ကြိမ် မေးမြန်း ပူလောင်ကျွမ်းနေခဲ့တာ ကြာပြီ။

သိပ်ပြည့်စုံ ချမ်းသာတဲ့ ဆရာဝန်မလေးနှင့်တော့ မယှဉ်ပါရစေနဲ့ ကိုဘုန်းလျှံရယ်...

ပြီးတော့မှ ရှင်က သူ့ကို ရွေးချယ်မယ်ဆိုရင် ကျွန်မနလုံးသား ကွဲအက်ကြေမွသွားလိမ့်မယ်။

ဒါပေမဲ့... မရက်စက်ပါနဲ့လို့ရယ်တော့...ကျွန်မ တောင်းပန်မှာ မဟုတ်ဘူး။

"ရွှေရန့်..."

"ရှင်"

"အတူတူ လာစားကွာ"

"ကျွန်မ စားပြီးပြီ"

ရွှေရန့်က ဘုန်းလျှံကို မကြည့်ဘဲ ပြောလိုက်သည်။

"အရမ်းကောင်းတယ်နော်၊ ဒါ...ရွှေရန့်လက်ရာလား"

"ဒါပေါ့...သူက အချက်အပြုတ်ဝါသနာပါတယ်၊ ပြီးတော့ သူလုပ်ထားတဲ့ သီးစုံဂျယ်လီ စားကြည့်ဦး... လျှာလည်သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အိုး… ဒီလောက်တောင်ပဲလား၊ နီလာက စားရတာတော့ ကြိုက်ပါတယ်၊ ဒါပေမဲ့… မီးဖိုချောင်ဝင်ရမှာ ပျင်းတယ်၊ တို့ဘဝကို မီးဖိုချောင်ထဲ ကုန်ဆုံးသွားမှာ သိပ်ကြောက်တာပဲကွာ၊ သိလား…"

ရွှေရန့်က မျက်နှာမပျက်အောင် ထိန်းလိုက်ပါသည်။

ကျွန်မကတော့ မီးဖိုချောင်ထဲ အချိန်ကုန်မှာ မကြောက်ပါဘူး။ ကျွန်မဘဝရဲ့ အချိန်တော်တော်များများကို လင်ယောကျ်ားနဲ့ သားသမီးတွေအတွက် ပေးလိုက်ဖို့ ဆုံးဖြတ်ထားတယ်၊ ဘာဖြစ်သေးလဲ…ဟုသာ ရွှဲ့ပြောရတော့မလား။

တိတ်တဆိတ် လှည့်ထွက်သွားသော ရွှေရန့် ကျောပြင်လေးကို လိုက်လံငေးကြည့်နေမိကာ ဘုန်းလှိုုလည်း ဘာကို ဖြေရှင်းရမှန်းမသိတော့ပါ။

လောလောဆယ်တော့ နီလာ့စကားသံ တီတာချိုနွဲ့လေးတွေသာ နားထဲ တိုးဝင်နေသည်။

ရွှေရန့်မှာ မကြည့်ချင်သော်လည်း မြင်လျှက်သား…

နီလာကျော်ရဲ့ ချိုနွဲ့သော အမူအယာ၊ သူတို့ချင်း ပုခုံးချင်းတိုက် ရယ်မောလိုက်တာ၊ ရွှေရန့်နားမလည်သော ဆေးပညာဘာသာရပ်တွေအကြောင်း ပြောကြ၊ ဆွေးနွေးကြ၊ ငြင်းခုံကြတာ၊ ကိုဘုန်းလှိုု ပုခုံးကို လက်သီးဆုပ်နှင့် ထုလိုက်တာ၊ ပြီးတော့ အတူတူ ရယ်မော. ကားပေါ်တက် ထွက်ခွါသွားကြတာ…။

ဟိုတစ်ခါ ကြီးမေပြောတဲ့စကားကို ရွှေရန့် ပြန်သတိရသည်။ သူလို ဆရာဝန်မချောချောလေး တွေ့သွားရင်ရောတဲ့။

အခုတော့ လိုက်ဖက်ညီတင့်တယ်သူလေးကို ကိုဘုန်းလှိုု တွေ့ပြီလား…။

အင်းလေ… ရွှေရန့်ဟာ ဒေါက်တာရွှေရန့် မဖြစ်နိုင်ပေမယ့် ခပ်ညံ့ညံ့ မိန်းမတစ်ယောက်တော့ မဖြစ်ချင်ပါ။

စူးရှထက်မြက်သော မိန်းမတစ်ယောက်တော့ ဖြစ်ကိုဖြစ်ရမည်။ ထိုစဉ်ကစလို့ ရွှေရန့်နှလုံးသားမှာ ဒဏ်ရာတစ်ခုနှင့်အတူ ဘဝမှာ



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်ဖြစ်ထွန်းချင်သော ဆန္ဒတွေ ပေါ်ပေါက်လာတော့သည်။

သူမ ဒီအိမ်ကလေးထဲမှာဘဲ အချိန်ကုန်ခံ စိတ်လေမနေချင်တော့ပါ။

သူမ အလုပ်တစ်ခုခု လုပ်မှဖြစ်မည်။

အစကတည်းက အဝေးသင်ပဲ ယူထားမိတာမို့ အပြင်အလုပ်တစ်ခုခုဝင်ဖို့ ကျိတ်ပြီးဆုံးဖြတ်လိုက်သည်။

လေးလေးနှင့် ဒေါ်လေးခင်ကတော့ သူမသဘောကျ, သူမဆန္ဒအတိုင်း ခွင့်ပြုမှာ သေချာသည်။

စိတ်ကူးထဲမှာ သူမဟာ အရေးပါ၊ အရာရောက်သော ကုမ္ပဏီစားပွဲ တစ်နေရာမှာ ခတ်မတ်မတ်လေး ထိုင်လျက်...။

ပြီးမှ သူမစိတ်ကူးကို သူမဘာသာ ပြုံးရယ်လိုက်မိသည်။

ထိုအချိန်ကတော့ လူဆိုတာ စိတ်ကူးထဲကအတိုင်းလည်းပဲဖြစ်ချင်ရင် အလွယ်လေး၊ ကံတရားက မယုံနိုင်ဖွယ် ဖေးမကူညီတဲ့အခါမှာ အခက်အခဲမရှိ ဖြစ်မြောက်အောင်မြင်သွားတတ်ကြောင်း သူမမသိခဲ့သေးပါ။

www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၁၂ ]

ဘုန်းလှျံက ကြမ်းပြင်ချောချောမှာ ဟိုတက်,သည်ဘက်လျှောက်ကာ စာဖတ်နေရင်းက ရွှေရန့်လှုပ်ရှားမှုကို မျက်လုံးထဲက မြင်နေရသည်။

ထမင်းစားခန်းနှင့် ဧည့်ခန်းထောင့်မှာ ဂန္ဓမာပန်းစည်းများပြီးတော့... ဖန်ပန်းအိုးလှလှတစ်လုံး၊ ကတ်ကြေး၊ ဆူးတုံး၊ သတင်းစာစာရွက်၊ သောက်ရေပူးနှင့် ရေတစ်ပူး... စုံစေ့အောင်ချထားပြီး၊ စာအုပ်ရှည်ကြီးတစ်အုပ် ငုံ့ကြည့်ကာ,ကြည့်ကာနှင့် ကြိုးစားနေရှာသည်။ ဟိုး... တလော တုန်းက ပန်းအလှပြင်သင်တန်းတက်ပြီးနောက်ပိုင်း မကြာမကြာ ပန်းအိုးထိုးလေ့ရှိတာ သိထားသည်။

ခုလည်း ဘာအတွက်မှန်း မသိ၊ ပန်းအိုးထိုးဖို့ စာအုပ်ပြန်လှန်ဖတ်နေတာ သေချာပါသည်။ လမ်းလျှောက် စာကျက်နေသောဘုန်းလှျံကို ကျောပေးထိုင်နေ၏။ ဘုန်းလှျံကလည်း အနားသွားထိုင်, စကားသွားပြောလျှင် စာကျက်ပျက်မှာစိုးသဖြင့် မျက်လုံးနှင့်သာ ဂရုတစိုက် ကြည့်နေမိပါသည်။

ရွှေရန့်က မနက်ဖန်ဆို အလုပ်စ,ဝင်တော့မှာ။ ခါတိုင်းလို အိမ်မှာ နေ့တိုင်းရှိမှာမဟုတ်။ အချိန်ပြည့် သူ့အပေါ် ဂရုစိုက်ကာ



www.burmeseclassic.com

www.burmeseclassic.com



လိုလေသေးမရှိ လုပ်ကိုင်ပေးနိုင်မှာ မဟုတ်တော့ပါ။ ဖေဖေကသာ ရွှေရန်နုံကို အလုပ်ဝင်စေချင်တာ၊ သူကဖြင့် အိမ်မှာပဲ နေစေချင်သည်။ သို့သော် ရွှေရန်နုံကိုယ်တိုင်ကလည်း အလုပ်ဝင်ဖို့ အားတက်သရော ရှိနေတာကြောင့် သူ မတားဖြစ်တော့ပေ။ နားမလည်နိုင်တာ တစ်ခုက ဖေဖေ့ကုမ္ပဏီမှာ မလုပ်စေဘဲ၊ အခြားနေရာတစ်ခုမှာ လျှောက်စေတာကိုပါ။

ဖေဖေ့ဆီမှာဆို အားလုံးက လူရင်းတွေ၊ ရွှေရန်နုံကို ဖေဖေ့မွေးစားသမီးမှန်း၊ ဘုန်းလျှံ၏ ဇနီးလောင်းမှန်း အားလုံးသိကာ လေးစားချစ်ခင်ကြလိမ့်မည်။ ဟိုမှာဆိုတော့... အားလုံး သူစိမ်း၊ အသိအကျွမ်းမပါ။ ရွှေရန်နုံအတွက် အဆင်မှ ပြေပါ့မလား...၊ နေမှ နေတတ်ပါ့မလား။ သူတွေးပြီး ပူပန်နေမိသည်။ ဒါဟာ စိတ်မချနိုင် ခြင်းများလား။

စာအုပ်ကိုပိတ်ကာ စိတ်ထဲမှာ အလွတ်ရရွတ်မိရင်းက ဂန္ဓမာရိုးတံကို ခပ်စောင်းစောင်းလေး ကတ်ကြေးနှင့် ဖြတ်ကာနေသော ရွှေရန်နုံကို စူးစိုက်ကြည့်နေမိသည်။ သူ ရွှေရန်နုံကို ဘာပြောသင့်သလဲ။

ဖေဖေ့,မေမေတို့က ပတ်ဝန်းကျင်အသစ်တစ်ခုနှင့် ဆက်ဆံစေချင်၍သာ ခုလိုစီစဉ်ကြတာ။ သူကတော့ မလွှတ်ရက်ပေ။ မျက်စိရှေ့မှာဘဲ ထားချင်သည်။ စိတ်ထား နူးညံ့သိမ်မွေ့သော၊ ဘာမဆိုယုံလွယ်သနားတတ်သော ကောင်မလေးမို့ သူ စိုးရိမ်သည်။ ညီမရင်းလေးလိုလည်း သံယောဇဉ်ရှိသည်။ ဇနီးလောင်းလေးလိုလည်း တန်ဖိုးထားမြတ်နိုးသည်။

ရွှေရန်နုံရယ်...

တစ်ခါမှ မသိဘူးတဲ့ သူစိမ်းတွေ၊ မယဉ်ပါးသေးတဲ့ပတ်ဝန်းကျင်မကျွမ်းကျင်သေးတဲ့အလုပ်တွေ၊ အားလုံး အသစ်တွေချည်းပါပဲ။ [illegible] နေသားကျပါ့မလား, အားလုံး ပြေလည်ပါ့မလား။

အိမ်မှာပဲ နေစေပြီး ရွှေရန်နုံဆန္ဒကို ပိတ်ပင်တားမြစ်လျှင်လည်း အနိုင်ကျင့်ရာ ကျဦးမည်။ မိဘတွေမရှိကတည်းက မွေးစားညီမလေးအဖြစ် ကြင်နာသနားခဲ့ရတာ၊ ဂရုဏာနှင့် ဖေးမစောင့်ရှောက်ခဲ့ရတာ။



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းလျှံက ဖတ်စရာစာတွေ တစ်ပုဒ်ပြီးတစ်ပုဒ် ပြီးသွားသလို ရွှေရန်နဲ့လည်း ဂန္ဓမာပန်းအိုးနှစ်လုံး ထိုးပြီးသွားသည်။

ခါးလေးဆန့်ပြီး သူ့ပန်းအိုးကို ရှုထောင့်စုံက လှည့်ပတ်ကြည့်ပြီး စစ်ဆေးနေသည်။ ခဏလေးသာ သင်ခဲ့ပြီး လှတ,ပတဖြစ်အောင် လုပ်တတ်သွားတာ ရွှေရန့် ဉာဏ်ကောင်းလို့ပါပဲ။

ဖေဖေ့ကုမ္ပဏီမှာပဲ အလုပ်ဝင်ဖို့ သူတိုက်တွန်းသင့်လား… အလုပ်ရသွားတာကို ပူပူနွေးနွေး ဝမ်းသာမဆုံး ရှိနေရှာကာ တက်တက် ကြွကြွ ပျော်ပျော်မြူးမြူး အခြေအနေလေးကို ရိုက်မချိုးရက်ပေ။

စိတ်လည်းမကူး၊ ပိတ်ပင်တာမျိုးလည်း မလုပ်ရက်။

သူ့ရင်ထဲမှာ ဒွိဟဖြစ်ကာနေသည်။ တားရခက်, မတားရခက်ပါ။

ဖေဖေ,မေမေတို့က စိတ်ချစွာ၊ ယုံကြည်စွာလွှတ်သော ကိစ္စမှာ သူက ဝင်တားတော့ရော ကောင်းပါ့မလား။ ရွှေရန့်ကို ဖေဖေတို့က လုံးဝ ယုံကြည်စိတ်ချသည်။

လူကြီးဖော့စကား နားထောင်မှာ၊ ဘုန်းလျှံကိုသာ တသတ်မတ် တည်း ခေါင်းထဲထည့်ထားမှာ အားလုံးကို ယုံထားသည်။

သူရော… သူ၊ ဘုန်းလျှံကရော ရွှေရန့်ကို မယုံဘူးလား… သူ ပြန်စဉ်းစားကြည့်မိကာ မေးမိသည်။

ရွှေရန့်ကို ယုံပါသည်၊ အကြွင်းမဲ့။ သို့သော်… ဘာကိုမှန်းမသိ အလိုမကျဖြစ်ကာနေသည်။ မယုံလို့ စိတ်ပူတာမဟုတ်။

သူ့ခံစားမှုကို သူလည်း သေချာနားမလည်တော့ပါ။

ဖေဖေ့အနားမှာဆိုရင်တော့ တစ်မျိုးပေါ့။ ဖေဖေ့မျက်စိရှေ့မှာဆို ရွှေရန့်ကို ဘယ်သူမှ အကြည့်လေးနှင့်ပင် စော်ကားရဲမှာမဟုတ်။

သူ့အတွေးတွေ လွှန်နေတုန်းမှာပဲ ပန်းအိုးနှစ်လုံးကို စားပွဲပေါ် သွားတင်လိုက်ပြီး၊ ကြမ်းပြင်ပေါ်က လက်ကျန်ပစ္စည်းတွေ၊ အမှိုက်တွေ သိမ်းယူနေတာ မြင်ရသည်။

''ကိုဘုန်းလျှံရေ… ဟောလစ်လား,ကော်ဖီလား''

နောက်ဆုံး လက်ကျန်စာအုပ်လေးကို ကောက်ယူကာ လှည့်



www.burmeseclassic.com

www.burmeseclassic.com



မကြည့်ဘဲ မေးလာတော့သည်။ သူ တကြည့်ကြည့်ဖြစ်နေတာ သိပုံမရ။

ဘုန်းလှိုက ခြေထောက်တွေညောင်းနေပြီမို့ ခုံမှာသွားထိုင်သည်။

''ရွှေရန်''

''ဟွန်း''

နှုတ်ခမ်းလေးစူကာ အသံထွက်ရုံထူးသည်။

''လာပါဦး... ထိုင်စမ်းပါ''

''ခဏလေး... ကော်ဖီဖျော်ခဲ့လိုက်မယ်လေ''

ဘုန်းလှို သက်ပြင်းမောနှင့် ခေါင်းညိတ်သည်။ ရွှေရန်က လှည့်ထွက်လာခဲ့ရင်း ကပ်ပါလာသော မျက်လုံးညိုတွေကို သိနေသည်။ ခံစားမိသည်။

သူ စာကျက်နေရင်း လှမ်းကြည့်,လှမ်းကြည့် လုပ်နေသည်။ ဘာဖြစ်လို့ပါလိမ့်...။ ပြောစရာရှိတာ သေချာသည်။ သူ့ပုံစံက စိတ်အနှောက်အယှက် ဖြစ်နေပုံရသည်။ ရွှေရန် အလုပ်ဝင်တော့မှာကို ဝမ်းသာအားရပြောပြမိတော့ သူ့မျက်နှာက ပျော်ရမည့်အစား ပျက်နေသည်။ ဝမ်းသာပုံမရ။ လွယ်လွယ်ရမယ်မထင်လို့သာ မတားလိုက်တာ ပေါ်လွင်နေသည်။

ဘုန်းလှိုကိုကြည့်ရတာ ရွှေရန် အလုပ်ဝင်ရမှာကို ဘဝင်မကျ ရှိနေပုံပါ။ ဘာလို့ ခုလိုဖြစ်နေရတာလဲ။

ကော်ဖီဖျော်နေရင်းက ပြုံးမိသည်။

သူ ဝန်တိုနေမျှောနေတာလား။ ရွှေရန် အပြင်ထွက် အလုပ်လုပ်မှာကို စိတ်မချဖြစ်နေတာလား။ သဲသဲကွဲကွဲမသိပေမယ့် အရိပ်အမြွက် လောက်တော့ သိနေပါပြီ။

သူ တားမြစ်ခဲ့ရင်ရော...၊ ခွင့်မပြုရင်ရော...

ရွှေရန် ဆတ်ခနဲ ဖြစ်သွားသည်။

တောင်းတောင်းပန်ပန် ပိတ်ပင်မှာလား၊ အမိန့်နှင့် သံ... ဟန့်တားမှာလား၊ ဘယ်လိုပဲတားတား တားမှတော့ ရွှေရန် ... မတတ်နိုင်။ သူ့စကားကို နားထောင်လက်ခံလိုက်ရုံသာ။

...

www.burmeseclassic.com



သူ့ကိုဆန့်ကျင်ဖို့ ပြဿနာလုပ်ဖို့ အခြေအတင်ငြင်းခုံဖို့ စွမ်းအား သတ္တိမျိုး မရှိပါ။ သူ့ကို လေးစား၊ အားကိုး၊ ကြည်ညိုလွန်းခဲ့တာကြာ တောင် ကြာခဲ့ပါပြီ။ သူ့စကားဆို ရွှေရန့် မပယ်ရှားပါ။

ဒီအလုပ်မှမဟုတ်၊ ဘာကိုပဲဖြစ်ဖြစ် ဘုန်းလှိုင်မကြိုက်လျှင် ရွှေရန့် ရှေ့ဆက်မတိုးချင်ပါ။ ရောက်သည့်နေရာ တန့်ခနဲရပ်သည့်ကာ နောက်ဆုတ် ပါမည်။ စဉ်းစားတွေဝေနေမှာ မဟုတ်။

ရွှေရန့်က ကော်ဖီနှစ်ခွက် ဖျော်ထည့်ကာ ယူလာခဲ့သည်။ စိတ်အေး,လက်အေးပါပဲ။ ရွှေရန့်ဆိုတာ ဘုန်းလှိုင်စကားကို အမြဲ နားထောင်၊ လိုက်လျော ဖြည့်ဆည်းပေးချင်သူပါ။ ဘာများ မကျေနပ်စရာ ရှိမလဲ။ လုံးခြုံနွေးထွေးသော မေတ္တာရိပ်ဟာ ရွှေရန့်အဖို့တော့ အရာရာနဲ့ လဲနိုင်ပြီးသားပါ။

ဘုန်းလှိုင်ရှေ့မှာ ဝင်ထိုင်ပြီး၊ ကော်ဖီချပေးမိသည်။

"အလုပ်ဝင်ရတော့မှာ ပျော်နေလား"

သူ့ဆန္ဒ၊ သူပြောချင်တာကို နောက်ပို့ပြီး၊ ပထမဆုံး ရွှေရန့် စိတ်ကို တီးခေါက်ကြည့်လာ၏။ ပြောရခက်နေလို့ပဲလား။

"စောစောကအထိ ပျော်ပါတယ်"

"ဘယ်လို"

"ညည့်ခန်းမှာ ပန်းအိုး မထိုးခင်ကအထိ ပျော်နေခဲ့တယ်"

"အခု မပျော်တော့ဘူးလား"

"ဟုတ်တယ်... အခု မပျော်တော့ဘူး"

"ဘာလို့လဲ"

"ဒီကိစ္စအတွက် ကိုဘုန်းလှိုင် စကျက်ရင်း စိတ်အနှောက် အယှက် ဖြစ်နေတယ် မဟုတ်လား"ဟု သေချာစွာမေးသည်။

ကိုယ့်အတွင်းစိတ်ကို ထွင်းဖေါက် သိမြင်တတ်လှချည်လား။ ဒက်ခနဲ ပိုင်ပိုင်နိုင်နိုင် ပြောချနိုင်သော ထူးခြားသည့် နားလည်မှုတစ်မျိုး ဘယ်အချိန်ကတည်းက ရနေခဲ့ပါလိမ့်။

"တားမယ်ဆိုရင်... နမျောနေမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကို နှမျောရမှာလဲ"

ရွှေရန်က တိုးတိုးကလေး ဆက်ပြောလာသည်။

"ကိုဘုန်းလှိုက ရှေ့မတိုးစေချင်ရင် ရွှေရန် ပြန်လှည့်မှာပါ"

ယတိပြတ်ဆိုလာသည်မို့ ချီတုံ့ချတုံ့ ဖြစ်ရသူက ဘုန်းလှို။

သူ အပြတ်ကြီးလည်း မတားရက်ပါ။

"မဟုတ်သေးပါဘူး"

သူ လက်ကာပြမိသည်။ စဉ်းစဉ်းစားစားနှင့် အကောင်းဆုံးကို ရွေးချယ်မိသည်။

"အစမ်းဝင်ကြည့်တာပဲ ရပါတယ်လေ"

မယုတ်မလွန် ဆိုမိ၏။ ဖေဖေ့၊မေမေ ပြီးတော့... ရွှေရန်၊ သုံးယောက်စလုံးက သည်ကိစ္စကို ဝမ်းသာနေကြတာ။ သူ မဖျက်ဆီးသင့်ပါ။ မဖျက်ဆီးရက်ပါ။ ရိုးသားပွင့်လင်းစွာ တစ်ယောက်ကိုတစ်ယောက် လေးစားနားလည်စွာတည်ဆောက်ထားသော မိသားစုလေးဦးပါ။ သူ တစ်ဦးတည်းဆန္ဒကို ရှေ့ပို့ပြီး မဆုံးဖြတ်သင့်ပါ။

သူ့စိတ်တွေ အနည်ထိုင် ငြိမ်သက်လာ၏။ နောက်တော့မှ တားလည်း နောက်ကျသွားမည့် ကိစ္စမျိုးမရှိ။ ရွှေရန့်က သူ့စကားဆို တသွေမတိမ်း နားထောင်ပြီးသား။ ဘယ်တော့မှ ထော်လော်ကန့်လန့် မလုပ်တတ်ပါ၊ နာယူလွယ်သည်၊ နာခံလွယ်သည်။

"ရွှေရန့် သူများတွေကြားထဲ မျက်နှာငယ်နေမှာမို့လို့ပါ"

ရွှေရန့်က သဲ့သဲ့ကလေးရယ်သည်။

"အကြောင်းပြချက်တွေ မလိုပါဘူး၊ ရွှေရန့်မှ စောဒက မတက်ဘဲ ကိုဘုန်းလှို့ရဲ့၊ ပြီးရော မဟုတ်လားလို့..."

ဘုန်းလှိုမျက်နှာက ခုမှ တိမ်စင်လလို ကြည်မြသွားတော့သည်။

"ရွှေရန့် အလုပ်ဝင်ဖို့ သဘောတူပါတယ်"

"တကယ်..."

"တကယ်ပါ"

ကော်ဖီခွက်လေး နှုတ်ခမ်းမှာတေ့ကာ ဘုန်းလှိုက ဆို[illegible]သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂန္ဓမာအိုးနှစ်ခုကို လှမ်းကြည့်ကာ...

"ဘာအတွက်လဲ... ဘယ်သူ့ပွဲလဲ"ဟု မေးမိသည်။

"လေးလေးက မနက်ဖန် အစည်းအဝေးရှိလို့..."

"ဩော်... ဟုတ်လား"

"ရွှေရန်နဲ့ လွယ်လွယ်ပဲဂန္ဓမာသုံးလိုက်တယ်၊ လှရဲ့လားဟင်..."

"လှပါတယ်"

"မနက်ဖန်ကျရင် ဒီထက်လှမှာ... အပွင့်မညီသေးဘူး"

ရွှေရန်နဲ့ပြောလို့သာ... သူတော့ သတိမထားမိပါ။ နားလည်မလည်။ သူ့ခေါင်းထဲမှာ သူ့စာတွေပဲ ရှိနေသည်။ လူနာတွေအကြောင်း အတွင်းကလီစာတွေအကြောင်း၊ ဆေးဝါးတွေအကြောင်း... ဒါတွေပဲ။ တစ်ခါတလေ ရွှေရန်နဲ့ကိုပင် မေ့ကာနေမိသည်။

ဂန္ဓမာကို ဘာလို့သုံးသလဲ။ ဂန္ဓမာသုံးတာကို လွယ်လွယ်ဟု ဘာကြောင့် ပြောသလဲ၊ နှင်းဆီကို ဘာလို့ မသုံးသလဲဆိုတာတွေ သူ မသိပါ။ သိဖို့လည်းမကြိုးစား၊ ကြိုးစားဖို့လည်း အချိန်မပေးအားပါ။

"ရွှေရန်နဲ့"

"ဟင်"

"ပျက်ကွက် လစ်ဟင်းတာတွေရှိရင် နားလည်ပေးပါ"

သူ သတိရတာ ပြောထားမိသည်။ တောင်းပန်စကားခေါ်မလား ရှင်းပြတယ် ခေါ်မလား။ စိတ်ထဲမှာ နိုင်နိုင်မာမာရှိတာကို လှစ်ဟဝန်ခံတယ် ခေါ်မလား... တစ်ခုခုပဲ။ ရွှေရန်နဲ့က အလွန်တရာ သိတတ်သူကလေးပါ။ သီတင်းကျွတ် မတွေ့ရလည်း ဘာမှမပြော၊ သင်္ကြန်မလည်ရလျှင်လည်း အပြစ်မဆို။ မွေးနေ့လာလည်း တိတ်တဆိတ်၊ သူ့အပေါ် အရမ်းကို ကောင်းရှာသည်။ တစ်နှစ် တစ်ခါ နှစ်ခါလောက်သာ ဘုရားလိုက်ပို့ဖြစ်တာမျိုး ရှိသည်။

မင်္ဂလာပွဲ၊ မွေးနေ့ပွဲ၊ အလှူပွဲလမ်းသဘင်ဆို မေမေနှင့်ပဲ သွားရတာများသည်။ သည့်အတွက် သူ့ကို လုံးဝ မငြူစူ၊ အငြိုငြင် အလိုက်သိသည်။ ဘေးကနေ အစဉ် လိုအပ်တာမှန်သမျှ ဖြည့်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြောစရာပင် မလို။ တွေးမိတိုင်း အားတုံ့အားနာ ဖြစ်ရသည်။

မျက်လွှာချ ငြိမ်သက်လျက်ရှိနေသော ရွှေရန့်ကို သူက ပြောမိပါသည်။

"သောက်လိုက်ပါဦး... အေးသွားလိမ့်မယ်"

သူဖျော်လာသော ကော်ဖီနှင့် သူပြန်ပြီး ညည့်ခံတာကို သဘောကျစွာ ရယ်လေသည်။ ဘယ်ဘဝ ရေးရေစက်ကြောင့် သည်လိုမိန်းကလေးမျိုးနှင့် ဆုံရတာပါလိမ့်။ ဒီလို ရေးရေစက်ကို ဘဝဆက်တိုင်းသာ ပိုင်ဆိုင်ချင်သည်။ အတိုင်းမသိ ကျေနပ်သည်။

"မနက် ဘယ်သူပို့မှာလဲ"

"လေးလေး"

"ဒါဆို စောစောထရမှာပေါ့...၊ ထမင်းဗူး ပိုလာပြီ"

"ရပါတယ် ကိုဘုန်းလျှံရဲ့"

"သိပ်လည်း ပင်ပန်းမခံနဲ့၊ လိုအပ်တာရှိရင် ချက်ချင်းပြော အဆင်မပြေတာရှိရင် ချက်ချင်းပြော၊ ကြားလား..."

အစ်ကိုကြီးတစ်ယောက်လို မာန်ပါစွာပြောသည်။ စောစောတုန်းကလို ချစ်သူကို အတွေတွေနေလိုသော စိတ်ပူပုံမျိုးလေး မဟုတ်။

ဘုန်းလျှံ ဘာပဲပြောပြော တော်ရုံတန်ရုံကိစ္စဆို ရွှေရန့်ကရင်ထဲမျိုချထားမိမှာပါ။ သူ့အတွေးနှင့်သူပိုက ပင်ပန်းလွန်းသော ဘုန်းလျှံကိုအပူမပေးချင်ပါ။ စိတ်ဒုက္ခရောက်မှာ စိုးပါသည်။ ပြီးတော့ ဘုန်းလျှံက အစစအရာရာအတွက် စိုးထိတ်သောကရှိနေတာ သူ စိတ်မအေးဘဲ ရှိနေမှာ ရွှေရန့်ကြောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၁၃ ]

''သမီးရေ...ဖုန်းလာနေတယ်၊ ပေး ဒေါ်လေးထည့်လိုက်မယ်

''ရတယ်ဒေါ်လေး... ကြီးမေထည့်ပါလိမ့်မယ်''

လေးလေးအတွက် ကော်ဖီဖျော်ပြီး ဓါတ်ဘူးထဲထည့်နေတာ

''ဘယ်သူလဲဟင် ဒေါ်လေး''

''မမေးမိပါဘူး သမီး''

''ဟုတ်ကဲ့ သမီးသွားပြောလိုက်မယ်''

ရွှေရန်နံက ဖုန်းဘေးနား ရောက်သွားသည်။

''ဟယ်လို... ရွှေရန်နံပါ''

''ဟုတ်ကဲ့... ကျွန်တော်ပါ ကောင်းထိန်လင်း''

''ဟင်''

လုံးဝထင်မထားသောဖုန်းမို့၊ အံ့အားသင့်သွားရသည်။ အစောကြီးရှိသေးတာ နောက်ကျ၍ ဖုန်းဆက်ခေါ်တာ မဖြစ်နိုင်။

''ရွှေရန်နံ''

''ဟုတ်ကဲ့''

''ဒီနေ့ အလုပ်စဝင်မှာနော်''

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"နွေးထွေးစွာ ကြိုဆိုပါတယ်"

သူ့စကားတွေကို ခုထက်ထိ နားမရှင်းသေးပါ။ ဒုံးဝေးတာလား၊ လိုက်မမီတာလား။ သူ ဒီအလုပ်ဝင်မယ့် စက္ကူထရီမလေးကို ဒီလိုပဲ ကြိုဆိုနှုတ်ဆက် ပြောဆိုတတ်သလား။ ဘယ်လိုပါလိမ့်။

"ရွှေရန့်... အလုပ်စဝင်မယ့်နေ့မှာ ကျွန်တော်မရှိဘူး၊ ကျွန်တော် ဒီနေ့ မလာဖြစ်ဘူး၊ လာရင်လည်း ညနေလောက်မှ ရောက်မယ်"

ခုမှပဲ နားလည်သွားတော့သည်။ သူ ဒါကြောင့်ဖုန်းဆက်တာကိုး။

"ရွှေရန့်ကို အားလုံးက နွေးထွေးစွာ ကြိုဆိုမှာပါ၊ စိတ်အေးအေး ထားပါ၊ အလုပ်တွေမြင်ပြီး ခေါင်းမူးမသွားနဲ့ဦး... တဖြည်းဖြည်း ကျွမ်းကျင်လာမှာပါ။ ဒီနေ့ ရွှေရန့် အလုပ်စ,ဝင်ဝင်ချင်းနေ့မှာ ကျွန်တော် မရှိတာကို ခွင့်လွှတ်ပါ"

ရွှေရန့်က သူပြောသမျှ နားထောင်နေမိပါသည်။

"ရွှေရန့်... ငြိမ်နေပါလား၊ ဘာလဲ အားငယ်သွားလို့လား"

"ရပါတယ်... ကျွန်မ ပြေလည်အောင် နေတတ်ပါတယ်"

"ဒါဆို ကျွန်တော် စိတ်ချပါပြီ"

သူက ချက်ချင်းပဲ ဖုန်းချသွားသည်။ မီးဖိုဆောင်ထဲ ပြန်ဝင်လာသောအခါ ဒေါ်လေးက 'ဘယ်သူလဲ'ဟု သိချင်စွာမေးသည်။

"အလုပ်ရှင်သူဌေး"ဟု ပြန်ဖြေကာ လုပ်စရာရှိတာ သွက်သွက်လုပ်နေလိုက်၏။ ဒေါ်လေးက...

"ဘာတဲ့လဲ..."ဟု ထပ်စူးစမ်းသည်။

"သူ...ဒီနေ့ မလာဖြစ်ဖူးတဲ့"

"ဪ... ဟုတ်လား"

ဒေါ်လေး ဘာမှထပ်မမေးတော့ပါ။ ရွှေရန့်လည်း ပြင်ဆင်စရာရှိတာ ပြင်ဆင်ပြီးမှ ရေမိုးချိုး၊ ဘုရားရှိခိုးကာ ထွက်လာခဲ့ပါသည်။

ပထမဆုံးနေ့မို့ ရင်ထဲမှာ တလှုပ်လှုပ်နှင့် ပျော်သလိုလို ကြောက်သလိုလို၊ စိုးရိမ်ခြင်းတစ်ဝက်၊ ကျေနပ်ခြင်းတစ်ဝက်နှင့်

www.burmeseclassic.com



မျက်နှာလေး ငယ်နေသည်။ လေးလေးက ကားပေါ်မှာ အားပေးစကား ဆိုသည်။ ဒေါ်လေးကလည်း နှစ်သိမ့်သည်။

သည်လိုနှင့်ပဲ ရွှေရန့် ဦးကောင်းထိန်လင်းပိုင်၏ ရုံးရှိရာ ရောက်လာခဲ့တော့သည်။ ကိုယ့်ကိုယ်ကို ယုံကြည်မှုတွေ ဘယ်နှစ်ရက်ကြာမှ ရှိလာမလဲ မသိ၊ ခုတော့ စိုးတထိတ်ထိတ်...။

အရာရာကား အသစ်တွေချည်းပါပဲ။

ထိုအသစ်များအားလုံးကို လက်ခံရင်ဆိုင်ဖို့ အားမွေးထားရသည်။ စိတ်တင်းထားရသည်။ သတ္တိ ထည့်ထားရသည်။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၄ ]

များပြားလွန်းသော ကိန်းဂဏန်းစာရင်းဇယားတွေရယ်၊ မှတ်တမ်းဖိုင်တွဲတွေရယ်၊ ကွန်ပျူတာတစ်ခုရယ်၊ နှစ်ချုပ်တွေရယ် စားပွဲပေါ်မှာ ပြန့်ကျဲကာ တကယ်ပဲ ခေါင်းတွေမူးဝေလာရသည်။

ဖုန်းမြည်တာကို မှတ်သားပြောဆိုရတာ၊ ဧည့်သည်ရောက်လာလျှင် ချက်ချင်း ဧည့်ခံစကားဆိုရတာ၊ လိုအပ်သမျှ မှတ်သားပေးရတာ…

ဒါတောင် အချို့လုပ်ငန်းတော်တော်များများက ရှေ့ရန်နှင့်မဆိုင်။ ခွဲဝေယူထားပြီးသား။ ရှေ့ရန်က နားလည်ဖို့၊ သိရှိထားဖို့သာ လိုသည်။ သို့မှသာ ချက်ချင်း ဆုံးဖြတ်ချက်ပေးနိုင်မှာ။

''တူမကြီးရေ… ကော်ဖီလား၊ လက်ဖက်ရည်လား၊ ဦးလေးမှာပေးမယ်၊ ပြော…''ဟု ဦးအေးမြင့်က ဝင်လာပြီးမေးသည်။

ဦးကျောင်းထိန်လင်းပိုင် မရှိပေမယ့် ဦးအေးမြင့်က အနားမှာနေပြီး လိုအပ်တာပြောပြသည်၊ လုပ်ပေးသည်။

''ရပါတယ် ဦးလေးရယ်… မသောက်ချင်သေးပါဘူး''

ကွန်ပျူတာရှေ့မှ ထလိုက်ပြီး ပြူတင်းပေါက်ဘေး သွားရပ်သည်။

www.burmeseclassic.com



"ဘယ်ဟုတ်မလဲ တူမကြီးရဲ့၊ ဆရာမှာသွားပါတယ်"

"ရွှေရန်နဲ့ အားမနာတတ်ပါဘူး၊ သောက်ချင်ရင် ပြောပါ့မယ်"

ဦးအေးမြင့်က ခေါင်းညိတ်ပါသည်။

"ဦးကောင်းထိန်လင်း ဘယ်အချိန်လောက် ရောက်မလဲ မသိဘူးနော်၊ ဘာမှလည်း မပြောဘူး၊ဖုန်းလည်း ဆက်မလာဘူး"

တွေးရခက်စွာ ရွှေရန်နဲ့ မေးမိတော့သည်။ ခုလိုပဲ အလုပ်တွေပစ်ကာ ဖုန်းပင်ဆက်ဖော်မရဘဲ အပြင်ထွက်နေကြလား၊ ပစ်စလက်ခတ် မနိုင်လွန်းဘူးလား၊ မပေါ့ဆလွန်းဘူးလား။

"ဆရာ ဒီလိုမသွားတတ်ပါဘူး၊ ဒီနေ့က အရေးကြီးလို့ပါ နောက်ပြီး စိတ်ထိခိုက်တာလည်း ပါမှာပေါ့။ မျက်နှာမကောင်းဘူး..."

"ရှင်"

ဦးအေးမြင့်စကားက ဆန်းသည်။ စိတ်ဝင်စားစရာကောင်းသည်။

"ဘာဖြစ်လို့လဲဟင်"

"ဒီနေ့ သူ့ဇနီးနဲ့ ကွာရှင်းကြမယ်လေ"

"ဟင်... ဟုတ်လား"

ဦးအေးမြင့်က သိသမျှ အကျဉ်းချုံးကာ ပြောပြသည်။ ဦးကောင်းထိန်လင်းပိုင် ဇနီးနှင့်ကွဲကွာနေတာ ဒီနေ့တော့ တရားဝင်ကွာရှင်းရတော့မှာ၊ ဦးကောင်းထိန်လင်းပိုင်ဘက်က မပြတ်သားနိုင်တာ၊ စိတ်မကောင်းဖြစ်နေတာ၊ ဒေါသလည်းဖြစ်နေတာ၊ အားလုံးပါပဲ။

"သူတို့ မညီကြဘူးလားဟင်"

စပ်စပ်စုစုပဲ မေးမိတော့သည်။ မအောင့်အီးထားနိုင်တော့ပါ။

"ဒေါ်ရွှေရတီက မာနကြီးတယ်လေ"

"ရွှေရတီ"

တိုးတိုးကလေး ရေရွတ်အံ့သြမိပါသည်။

"ရုပ်ကလည်းချော၊ပိုက်ဆံကလည်းရှိ၊ မာနကလည်း ထိပ်..."

ဦးအေးမြင့်က သုံးသပ်နေ၏။

ရွှေရန်နဲ့ ငိုင်တွေသွားရသည်။ ရင်ထဲမှာ တော်တော်လေး



www.burmeseclassic.com

www.burmeseclassic.com



ထိနိုက်သွားသည်။ လုံးဝမတွေးမိသော ကိစ္စမျိုးကြီးပါလား။ မနက်ကတည်းက မေးပြန်ရင်လည်း စပ်စုရာကျမှာစိုးလို့။

"ဖြစ်မှဖြစ်ရလေ…၊ ရွှေရန့် တကယ်ပဲ စိတ်မကောင်းဘူး"

ဦးအေးမြင့်ကိုပဲ ဖွင့်ဟမိသည်။ အနားမှာရှိတာက ဦးအေးမြင့် မဟုတ်လား။

"ရွှေရန့် လုပ်ဝင်တဲ့နေ့မှ ဖြစ်ရတယ်လို့"

"ဒါကတော့ ကြုံကြိုက်မှု တစ်ခုပါကွယ်"

ရွှေရန့်က ဦးကောင်းထိန်လင်းပိုင်၏ စားပွဲရှိရာ လှမ်းကြည့်မိသည်။ အလုပ်တွေအားလုံး လှည့်မကြည့်နိုင်ဘဲ ပစ်သွားခဲ့ရတာကို နားလည်သွားသည်။ ဂရုဏာလည်း သက်မိပါသည်။

သူတို့ ပြေလည်ကြပါ့မလား…၊ တကယ်ကွာရှင်းလိုက်ကြမှာလား၊ တရားဝင်ကွာရှင်းလိုက်ကြပြီဆို ဦးကောင်းထိန်လင်းပိုင် ဘယ်လိုဖြစ်လာမလဲ…၊ ရင်မချိတာကို အံကြိတ်ခံစားပြီး ဟန်ဆောင်အပြုံးနှင့် ရောက်လာမှာလား…၊ အရှိအတိုင်း ခပ်ဆွေးဆွေး ရောက်လာမှာလား…၊ ဒေါ်ကြီးမောကြီး ဖြစ်လာမှာလား…၊ ဒါမှမဟုတ် အိမ်ကိုပဲ တိတ်တဆိတ် ပြန်သွားမှာလား…။

လာချင်မှ လာဖြစ်မယ်ဟု ကြိုတင်အသိပေးထားခဲ့တာတော့ အမှန်ပါ။ ဒီလိုနေ့၊ ဒီလိုအချိန်၊ ဒီလိုအဖြစ်ကို ဘယ်သူက မတုန်လှုပ်၊ မခြောက်ခြားဘဲ သွေးအေးရယ်မောနိုင်မှာတဲ့လဲ။

ရွှေရန့်ရဲ့ ပထမဆုံးနေ့ဟာ ဦးကောင်းထိန်လင်းပိုင်ဘဝအတွက် နာကျင်စရာ၊ ကြေကွဲစရာ အကောင်းဆုံးနေ့များလား…။

ဘာလို့များ တစ်ရက်လောက် နောက်မရွှေ့ရတာလဲ။

ရွှေရန့် စဝင်ဝင်လာချင်းနေ့မှာ ဦးကောင်းထိန်လင်းပိုင် တည်တည်ငြိမ်ငြိမ်ရှိနေတာကိုပဲ မြင်ချင်တာပါ။ သောကဝေဒနာတွေ တနင့်တပိုးနဲ့ အပူငွေ့ဟပ်၊ ငယ်ထိပ်မြေပေါက်ဖြစ်တာကို မတွေ့ချင်၊ မကြုံချင်ပါဘူး…၊ တကယ်ပဲ ဝမ်းနည်းမိပါတယ်ကွယ်။

ရွှေရန့်မျက်နှာလေးက တဖြည်းဖြည်း ပျက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးအေးမြင့်လည်း စကားရပ်ကာ အပြင်ထွက်သွားသည်။

ရွှေရန့် တယ်လီဖုန်းရှိရာ လှမ်းကြည့်သည်။

ဦးကောင်းထိန်လင်းပိုင်ဆီ ဖုန်းဆက်သင့်ရဲ့လား။ ဖြစ်ပါ့မလား… ခုဟာက အလုပ်ကိစ္စမဟုတ်။ ကိုယ်ရေးကိုယ်တာပါ။ အတွင်းရေးမှူး အနေနှင့် ဝင်ပါ,စွက်ဖက်စရာမလို။ သူကလည်း ခေါ်မှမခေါ်တာ။

အားပေးစကား ကူညီပံ့ပိုးစကား ပြောလျှင်တောင် မသင့်တော် တိတ်တဆိတ်နေလိုက်တာပဲ ကောင်းပါသည်။

သို့သော် ရွှေရန့် ကသိကအောက် ဖြစ်ရသည်။

ဒီအခြေအနေကို သည်လိုနေ့မျိုးမှာ ရင်မဆိုင်ချင်ပါ။

ရွှေရန့်ရောက်လာတာ ကောင်းသောလာခြင်းပဲ ဖြစ်ပါရစေဟု ဘယ်လိုပဲ ဆန္ဒရှိရှိ ပြင်မရတော့ပါ။ အစကသာ ကြိုသိလျှင် မနက်ဖန် သန်ဘက်ခါမှဘဲ အလုပ်စ,ဝင်တော့မည်။

"ဦးအေးမြင့်ရေ… ခဏ"

"လာပြီ တူမကြီး ပြော…"

"ဦးကောင်းထိန်လင်းပိုင်က အဖော်ပါရဲ့လား"

"မပါဘူး…၊ ဒါ…သူတို့လင်မယားကိစ္စပဲ"

"ဒါတော့ ဒါပေါ့ဦးလေးရယ်…၊ ဘာပဲဖြစ်ဖြစ် ဦးလေး လိုက်သွားလိုက်ပါ၊ အားပေးစကားပြောပါ၊ ကွာရှင်းလိုက်ကြပြီဆိုရင်… အိမ်ကိုပဲဖြစ်ဖြစ် ပြန်ပို့ပေးလိုက်ပါ"

ဦးအေးမြင့်ကို တိုက်တွန်းမိပါသည်။

"ကောင်းပြီလေ… တူမကြီးလွှတ်ရင် သွားပါ့မယ်"

ရွှေရန့် လက်ပိုက်ကြည့်ကာ ကျန်ရစ်သည်။

ဘုန်းလှိုင်နှင့် ရွှေရန့်ရော သေတပန်သက်တဆုံး ပေါင်းရပါ့မလား ရာသက်ပန် ရိုးမြေကျ အတူတူ နေခွင့်ရပါ့မလား။

မဆီမဆိုင် တွေးမိလာသည်။ ဖုန်းဘေးနားလျှောက်သွားပြီး ဘုန်းလှိုင် ဟင်းနှိပ်ဖုန်းကို ခေါ်မိ၏။ စိတ်ထဲမှာ ဘာအတွေးတွေ ဝင်လာမှန်း မသိပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုဘုန်းလျှံလား"

"ဟုတ်တယ် ရွှေရနံ့ ဘာဖြစ်လို့လဲ..."

စိုးရိမ်တကြီး၊ အလောတကြီးအသံကို ကြားရသည်။

"ဘာမှမဖြစ်ပါဘူး... ဒီအတိုင်းဆက်တာ..."

"ဟုတ်လား... မသိပါဘူး၊ ဘာဖြစ်သလဲလို့ ထိတ်သွားတာ"

"ကိုဘုန်းလျှံ ဘယ်မှာလဲ"

"ဆိုင်မှာ ထမင်းထွက်စားနေတာဟ"

"ဆောရီး... ထမင်းစားပျက်ရပြီ"

"ကိစ္စမရှိပါဘူး... ရွှေရနံ့ရော စားပြီးပြီလား"

"စောသေးလားလို့"

"အလုပ်တွေများပြီး မေ့နေဦးမယ်...၊ အဆာမခံနဲ့"

"အင်းပါဟယ်..."

ခုမှ ရွှေရနံ့ရင်ထဲ အေးမြသွားရသည်။ ဘုန်းလျှံအသံက ရင်ထဲမှ ပူလောင်စိုးထိတ်မှုကို ပြယ်လွင့်စေသည်။

"နားနားနေနေလုပ်ဦး"

"အဟင်း... ဘာမှကို မလုပ်သေးတာ"

"အစကိုး ဒီလောက်တော့ ရှိမှာပေါ့"

ဘုန်းလျှံ အားပေးသည်။

"ဒါပဲနော်... ထမင်းဆက်စားတော့..."

"ရပါတယ်... ပြီးရောလေ တော်ကြာ ငါပြန်ဆက်မယ်၊ ငါ ဆက်ချင်ပါတယ် နင့်အတွက် အဆင်မပြေမှာစိုးလို့"

"ရွှေရနံ့ ဆက်ပါ့မယ်"

"အေး...အေး ပြီးရော"

ဖုန်းခွက်လေးချကာ ရွှေရနံ့ မျက်လုံးလေးမှိတ်ထားမိသည်။

ပိုင်ဆိုင်ခွင့်ရမယ်ဆိုလျှင်လည်း တစ်သက်လုံး ဖြစ်ပါရစေ[illegible]

အခိုက်အတန့်လည်း ခွဲမနေပါရစေနဲ့... ဝေးမနေပါရစေနဲ့။

နှစ်နှစ်၊ ငါးနှစ်၊ ဆယ်နှစ်၊ အနှစ်နှစ်ဆယ်၊ အမြဲတမ်းအတူတူ

www.burmeseclassic.com



ကြင်ကြင်နာနာ ရှိပါရစေ…။

ဆန်းကြယ်သော ဆုတောင်းမျိုးကို ဦးကောင်းထိန်လင်းပိုင်၏ ရုံးခန်းလေးထဲမှာ အလုပ်စ,ဝင်ဝင်ချင်းနေ့တွင် တောင်းခဲ့မိပါသည်။ ထို ဆုတောင်း ပြည့်,မပြည့်တော့ ရွှေရန် မသိပါ။

ဘယ်တုန်းကမှ မရှိခဲ့ဘူးသော ပူလောင်မှုတစ်မျိုး ရိုက်ခတ်လာသည်။ စိုးရိမ်မှုတွေကို နိုးအောင်းလာသည်။

ဦးကောင်းထိန်လင်းပိုင်လို ဖြစ်မှာစိုးကြောက်မိပါသည်။

ရွှေရန်က မိန်းမသား… ခံနိုင်ရည်ရှိမှာမဟုတ်၊ ပုံကျ ကြေကွဲသွားမှ၊ နလန်ကို ထူမှာမဟုတ်တော့ပေ။

ချစ်ရမှာလည်း ကြောက်စရာပါလားနော်။

ချစ်စိတ်ပျယ်ရင်လည်း တစ်နေ့တည်း, တစ်ချိန်တည်း နှစ်ယောက်အတူတူ ပျယ်ခွင့်ရပါစေသား…၊ ပြိုင်တူပျယ်ခွင့် ရပါစေသား…။

ဖြည့်စွက် ဆုတောင်းထားမိသည်။

ရွှေရန်လည်း မခံစားနိုင်ပါ။

ဘုန်းလျှံ ခံစားရမှာကိုလည်း မကြည့်ရက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၁၅ ]

ဦးအေးမြင့်နှင့် အတူတူပါလာသော ဦးကောင်းထိန်လင်းကို ရှေ့ရန်းက အကဲခတ်သလို လှမ်းကြည့်မိပါသည်။ သူမျက်နှာက နွမ်းနေပေမယ့် တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေးပါပဲ သိပ်ပြီးဟန်မပျက်။

တကယ်ပဲသွေးအေးတာလား တည်ငြိမ်ချင်ယောင် ဆောင်ထားတာလား မခံစားရပဲရှိပါ့မလား၊ တမင်ဖန်တီးထားသော အပြုံးတုတစ်ခုသာ ဖြစ်လိမ့်မည်။ ဒီနေရာမှာ ရင်ကွဲပက်လက်လာဖြစ်နေတော့ရောဘာထူးမှာမို့လို့လဲ။ အခြေအနေက ပြန်လည်ဆယ်ယူ မရနိုင်တော့ပြီ။

စောစောကတည်းက ကွာ ရှင်းလိုက်ကြပြီဆိုတာ ဦးအေးမြင့်ဖုန်းဆက်အသိပေးထားသည်။ ပြီတော့ ဦးကောင်းထိန်လင်းက အိမ်မပြန်သေးဘဲ ရုံးကိုလိုက်လာမှာပါ ထည့်ပြောခဲ့သည်။ အားလုံးကြိုသိထားတာ ကောင်းပါတယ်။ ပြင်ဆင်နိုင်အောင်ပါ။ အလိုက်တသိ မသိချင်ယောင်ဆောင်နေပေးဖို့ပါ။ သူ့အရှုံးတွေကို သူက အတတ်နိုင်ဆုံး ဖုံးကွယ်မျိုသိပ်ထားမှာပါ။ ယောက်ျားရင့်မာကြီးလုပ်ပြီး ငိုပြနေရမှာလား...၊ လက်မှိုင်ချ ငိုင်တွေနေရမှာလား...၊ သူက ဒီကုမ္ပဏီ၏ သူဌေး အလုပ်ရှင်၊ အရေးပါဆုံးပုဂ္ဂိုလ်။ သူ့အခြေအနေက သူ့ကို ကြေကွဲ

www.burmeseclassic.com



လေလွင့်ခွင့်မပြု။ ဘာကိုမဆို ရင်ဆိုင်ရဲစိတ် ရှိရပါမည်။

သူ စားပွဲမှာ ထိုင်ချပြီးသောအခါ လှမ်းကြည့်နေသော အသစ်စက်စက် စက္ကထရီ(အတွင်းရေးမှူးမလေး)ကို ပြုံးပြမိပါသည်။

မျက်လုံးတောက်တောက်ကလေးများနှင့် သူ့ကိုမျက်တောင်မခတ်ကြည့်နေရှာတာ အုံ့ညှိုရိပ်ကလေးက မျက်နှာမှာ ထင်ဟပ်နေပေါ်လွင်နေသည်။ ဖြစ်ပျက်နေတာတွေကို မယုံကြည်သလိုလေး။

"အဆင်ပြေရဲ့လား"

ကောင်းထိန်လင်းက မေးလိုက်ပါသည်။

"ဟုတ်ကဲ့"

ကပျာကယာခေါင်းညိတ်ပြီးမှ အကြည့်လွှဲကာ ကွန်ပျူတာဘက်ပြန်လှည့်သွားသည်။ ကောင်းထိန်လင်း သက်ပြင်းချမိသည်။ ရင်ထဲမှာ ဟာနေသည်။ နာနေသည်။ ဟိုက်နေသည်။ ခွေနေသည်။ မလဲသွားအောင် တင်းထားရသည်။

သူ ခဏ ဝင်လာခဲ့တာပါ။ တော်ကြာလောက်ဆို အိမ်ပြန်နားတော့မည်။ ဒီနေ့ သူ့အတွက် မင်္ဂလာမရှိ။ သူ အသေအလဲ ရှုံးခဲ့သည်။

ရွှေရတီ... ဒေါ်ရွှေရတီက သူ့အပေါ် အေးစက်ပြတ်သားလွန်းပါသည်။ သူ့ဇနီး ဒေါ်ရွှေရတီက **အဖော်သစ်တွေ့သွားခဲ့ပြီ**။

သူနှင့် တကယ်ပဲ **ရေစက်ကုန်**ပါပြီ။ လမ်းခွဲရပါပြီ။

ရွှေရတီဘက်က **ကျေနပ်ပျော်ရွှင်**သွားသလောက် သူ့မှာမူးနောက် ပင်ပန်းလာခဲ့ရပါ**သည်။** ရှိပါစေတော့... သူ ဘာမှမပြောလိုတော့ပါ။

သူ့ဘက်က **ကွာရှင်းလက်မှတ်**သည် သူ့ဇနီးအတွက် အင်မတန်အရေးကြီးနေခဲ့သည်။ အသက်တမျှ လိုလားတောင့်တနေသည်။

ဘာမပေးစရာရှိမလဲ ကိုယ့်ကိုမနှစ်သက်ဘဲ တစ်ခြားတစ်ယောက်နှင့် လက်တွဲဖို့ဆုံးဖြတ်ပြီးသူကို သူ့ဘက်က အောက်ကျ နောက်ကျ တောင်းပန်နေရမှာလား။ ဘာတွေ ဒူးထောက်ပြောဆိုနေရတော့မလဲ။

ရွှေရတီမှာ တစ်ခြားတစ်ယောက်သာ ရှိမနေခဲ့ရင်... သူ



www.burmeseclassic.com

www.burmeseclassic.com



ကွာရှင်းမပေးနိုင်ပါ။ မကွာရှင်းရက်ပါ။ ရွှေရတီအတွက် လုံခြုံစေချင်သည်။ မျက်နှာမငယ်စေချင်ပါ။ တစ်ခြားတစ်ယောက် ရှိလာပြီ ဆိုတော့လည်း သူ့ဘက်က စိတ်ပျက်သွားသည်။ သူတို့လမ်းသူတို့ ဖြောင့်ဖြောင့် လျှောက်ကြပါစေတော့။ သူ့ကြောင့် အနှောက်အယှက် မဖြစ်စေချင်။ ကြည်ကြည်သာသာပဲ လက်မှတ်ထိုးပေးလိုက်ပါသည်။

ရွှေရတီဘက်မှာ အားကိုးစရာမတွေ့သေးလျှင် ဒေါ်ရွှေရတီက လည်း သူ့ဆီက ကွာရှင်းခွင့်တောင်းဦးမှာ မဟုတ်ပေ။ သူ ကောင်းစွာ နားလည်သည်။ ဟိုဘက်မှာ သေချာလို့သာ သူ့ကို ပြတ်သားလိုက်တာ၊ သူ့ဘက်ကတော့ ပေါင်းသင်းခဲ့ဖူးသော ဇနီးလေးကို သံယောဇဉ် ဂရုဏာနှင့် လိုက်လျော ဖြည့်ဆည်းပေးခဲ့ပါသည်။

သူနှင့် လက်ထပ်တုန်းကလည်း ရွှေရတီပြုံးရွှင်နေခဲ့သည်။ အခု သူနှင့် ကွာရှင်းတော့လည်း ရွှေရတီ ပြုံးရွှင်ကျေနပ်နေခဲ့သည်။ ကဲ… သူ့တာဝန်မကျေဘူးလား။ သူ့ဘက်က ဘာများလိုခဲ့သလဲ။

ကွာရှင်းမှ၊ လက်မှတ်ထိုးပေးမှ ကျေနပ်မယ်ဆိုလို့ သူ ဖြည့်ဆည်းပေးခဲ့ပါပြီ။ သူ ကျေနပ်ပါသည်။

သူ့ကို သနားသလို ကြည့်ကြရင်လည်း ကြည့်ကြပါစေ။ ဇနီးသည်က ကွာရှင်းခွင့်တောင်းခံရသော ခပ်ညံ့ညံ့ယောက်ျားအဖြစ် အထင်သေးချင်ရင်လည်း . သေးကြပါစေ။

ရွှေရတီ အားကိုးတွယ်တာမှု ကြည်ညိုလေးစားမှု မြတ်နိုး နွေးထွေးမှုတွေ သူ့ဆီမှာ မရှိတော့ကတည်းက ဘဝကိုထုံပေပေ အေးစက်စက် နေသားကျနေခဲ့ပါပြီ။

ခုတော့လည်း ဒါတွေဟာ အခိုက်အတန့် မဟုတ်တော့ဘဲ တစ်သက်စာအတွက် အတည်ဖြစ်သွားခဲ့ပါပြီ။

"ဦးအောင်းထိန်လင်း"

ရွှေရန့် ခေါ်သံကြားမှ သူ့အတွေးတွေထဲက ရုန်းထွက်လာ ဖြစ်သည်။

"ထမင်းစားမလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



သူ ဖွင့်ပြီးဖြစ်သည့် ရွှေရန့်က ဂရုတစ်စိုက် မေးပေါ်ရသား ဦးအေးမြင့်ကိုလည်း လွှတ်ပေးရှာသည်။ ဆိုးတော့မဆိုးလှပါ။

"မစားတော့ပါဘူး ထမင်းချိန်လည်း လွန်နေပြီပဲ"

"ဒါဆို တစ်ခုခုတော့စားပါ"

ရွှေရန့်က ဦးကောင်းထိန်လင်းပိုင်အတွက် ဦးအေးမြင့်ကို ခေါ်ပြီး မုန့်နှင့်အအေး မှာပေးသည်။

ဒီလိုနေ့မှ အပူကပ်ကာ အရာရာကို မေ့လျော့နေမိမှာ အမှန်ပါပဲ။ သတိလက်လွှတ် ငေးငိုင်နေတာပဲကြည့်၊ ဒါတောင် ဟန်ဆောင်ထားတာ ဘာမှမဖြစ်သလို တင်းထားတာ။

ဘာလို့ ဒီလိုတွေ ဖြစ်ကုန်တာလဲ။

ဦးကောင်းထိန်လင်းပိုင်ကို ကြည့်ရတာ သဘောကောင်းပြီး စိတ်ရှည်ပုံပါ။

ဒေါ်ရွှေရတီက ဘာကြောင့် လက်တွဲဖြုတ်ရတာလဲ။ယူထားခဲ့တာဖြင့် ကြာပဲကြာလှပြီ၊ ကြောက်စရာကောင်းသော ကံတရားပါလား…။

တွေးမိလေ ကျက်သီးမွေး ထလေပါပဲ။ ခံစားကြည့်ဖို့ပင် မရဲ တွေးပင်မတွေးရဲ…

ဦးကောင်းထိန်လင်းပိုင် ရင်ထဲမှာ ဘယ်လိုရှိရှာမလဲ။

သနားခြင်းထက်ပိုသော ဂရုဏာတစ်ခု ရင်ထဲ ရောက်လာသည် နက်နက်နဲနဲ ခံစားမှုပါ။ ကိုယ့်အလုပ်ရှင်သူဌေးကို သနားသည်။ ဒီလို မဖြစ်စေချင် နာလည်းနာသည်။ ဘာလို့ ကွာရှင်းပေးရမှာလဲလို့ ဝင်ပြော ချင်သည်။ ကြည့်လည်း မကြည့်ရက်ပါ။ သို့သော် ဒါတွေက ရွှေရန့် ဘဝနှင့်ဘာမှမဆိုင်၊ အလုပ်ခွင်မှာ ကြုံတွေ့ရသော တစ်စိတ်တစ်ပိုင်း ခံစားမှုတွေပါ။

"မင်းကော… စားပြီးပြီလား"

စားပွဲပေါ် မုန့်လာချပေးသော ရွှေရန့်ကိုမေးမိသည်။

"ဟုတ်ကဲ့"

"အေးကွာ မင်း ဝင်ဝင်ချင်းနေ့မှာ အလုပ်တွေရှုပ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ကိစ္စမရှိပါဘူး"

ရွှေရနံ့က သူစားပွဲမှာ သွားထိုင်ကာ ဦးကောင်းထိန်လင်းကို ငေးကြည့်နေလေသည်။ တခြားသူတွေက သူ့ကိုအခုလို ထိုင်ကြည့်အကဲခတ်ခွင့်မရှိ။ ရွှေရနံ့က သူ့ အတွင်းရေးမှူးမလေးမို့သာ မြင်တွေ့နေရတာ။

ဟူး... ဟန်ဆောင်ရတာ စိတ်ကျဉ်းကြပ်နေလွန်းပါဘိ။

လူတွေရှေ့မှာ ဟန်နှင့်ပန်နှင့် မဖြစ်သလိုနေပြရတာ ခက်ခဲလှသည်။ ဝေဒနာက ရင်မှာအပြည့် ထိုဝေဒနာကို ဖုံးဖိထားရတာက တစ်ဖက်။

အိမ်ပြန်တာပဲ ကောင်းလိမ့်မည်။ သည်နေ့အဖို့တော့ တစ်ယောက်တည်း အေးအေးဆေးဆေး နေချင်ပါသည်။

ဦးအေးမြင့်ကိုခေါ်ပြီး မှာစရာရှိတာတွေမှာလိုက်၏။

"မနက်ကျမှတွေ့ကြသေးတာပေါ့... မရှင်းတာရှိရင်မေးပေါ့"

ရွှေရနံ့ကိုလည်း ပြောထားလိုက်သည်။ လူကနုံးခွေပြီး စိတ်ကပင်ပန်းနေသည်။

ဦးကောင်းထိန်လင်းကို ရွှေရနံ့က ခေါင်းညိတ်ပြသည်။

သူပြန်သွားတော့ ရွှေရနံ့ တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။

ဒုတိယနေ့ မနက်မှာတော့ ရွှေရနံ့ရောက်ပြီး ဆယ့်ငါးမိနစ်လောက်အကြာမှာ ဦးကောင်းထိန်လင်းပိုင် ရောက်လာသည်။

"ဟာ... စောလှချည်လား ရွှေရနံ့"

သူက ရွှေရနံ့ရောက်နေတာကို အံ့အားသင့်သည်။ ရွှေရနံ့က လည်း သူရောက်လာတာကို အံ့အားသင့်သည်။ အမှန်ဆိုဝေဒနာတွေ တနင့်တပိုးနှင့် အိပ်ယာထဲလူးလိမ့်နေရမှာ ခုမှ မိုးလင်းဖို့စ ရှိသေးတာ...။

ကြောင်နှစ်ကောင်တဲ

www.burmeseclassic.com



"အလုပ်တွေရှိလို့၊ ရွှေရန့်က လေ့လာရမှာတွေ သိပ်များနေတယ်၊ ဒါကြောင့် စောစောလိုက်လာတာပါ။ ဦးကောင်း ထိန်လင်းပိုင်လည်း စောတယ်နော်"

သူ့ကရယ်သည့် ကြည့်ရတာ လန်းလန်းဆန်းဆန်း။

"ကျွန်တော်က မနက်စောစော အမြဲနိုးတယ်"

"ဟုတ်လား"

"မိုးလင်းရင် အိပ်ယာထဲမှာ နေလို့မရတော့ဘူး"

ကောင်းထိန်လင်းက ရှင်းပြသည်။ ရွှေရန့်က စောစောကမှ ကျိုထားသော ရေနွေးအိုးကို မီးပလတ်ဖြုတ်လိုက်၏။ ရေနွေးကို ဓါတ်ဗူးထဲ ထည့်ထားလိုက်သည်။

ဦးကောင်းထိန်လင်းပိုင်က တယ်လီဖုန်းပြောနေ၏။ သိပ်မကြာဘဲ ဦးအေးမြင့်လည်း ရောက်လာသည်။

"ရေနွေးသောက်ရင် ရပြီ"

ရေနွေးဓါတ်ဗူးကို စားပွဲပေါ်တင်ကာ ဆိုမိပါ၏။

"ရွှေရန့်"

"ရှင်"

"ကျွန်တော်တို့ ကော်ဖီသွားသောက်ရအောင်"

"ဟုတ်ကဲ့"

ရွှေရန့်က သူ့စကားကို ခေါင်းညိတ်ပါသည်။ ငြင်းစရာလည်း မရှိပါ။ ရွှေရန့်ကိုယ်တိုင်လည်း အပြင်ထွက်ပြီး ခဏနေချင်သည်။ အလုပ်တွေ ခေါင်းထဲမထည့်ခင် အပြင်ထွက် တစ်ခုခုစားလိုက်လျှင် ပိုပြီး လန်းဆန်းသွားလိမ့်မည်။

"ဦးအေးမြင့်"

"လာပြီ"

"ကျွန်တော်တို့ အပြင်ခဏသွားမလို့ ဖုန်းဝင်လာရင် နားထောင်ပေးထားဦးဗျာ... ရွှေရန့်လည်း မရှိဘူး"

"ဟုတ်ကဲ့ပါဗျာ"

www.burmeseclassic.com

www.burmeseclassic.com


ဦးအေးမြင့်က ခေါင်းညိတ်သည်။ ရွှေရန့်က ဖိုင်တွဲတွေ စနစ်တကျသိမ်းသည်။ ဦးကောင်းထိန်လင်းပိုင်နောက်မှာ အသာကလေး လိုက်လာပြီး သူ ကားတံခါးဖွင့်ကာ ရပ်စောင့်နေရသည်။

"ရပြီ"

ကားထဲ ဝင်ထိုင်ပြီး ဘေးတံခါးကို ဖွင့်ပေးသောအခါ တက်ရမှာ တန့်နေမိသည်။ နောက်ခန်းထဲ ထိုင်ရအောင် ဦးကောင်း ထိန်လင်းပိုင်က ဒရိုင်ဘာမဟုတ်။ ဘေးမှာထိုင်ဖို့ကျတော့ နည်းနည်း ဝန်လေးသည်။ သူများတွေ တစ်မျိုးတမည် ထင်လေမည်လား။ မိန်းမကောင်း ပီသစွာ တွေးနေမိသည်။ ဦးကောင်းထိန်လင်းပိုင်က ခြေစုံရပ်ပြီး မျက်လွှာချနေသော ရွှေရန့်ကို ကြည့်နေ၏။ ကားပေါ် မတက်သေးဘဲ စဉ်းစားနေပုံရသည်။

လိမ္မော်ရောင်ကုတ်အင်္ကျီလေးနှင့် လိမ္မော်ရောင် စကဒ်အရှည် အကပ်လေးနှင့် တကယ်ပဲစတိုင်ကျသော အတွင်းရေးမှူး မလေးပုံပါ။

ရုပ်မဆိုးတာတော့ သေချာသည်။ သို့သော် မှုန်နေအောင်လှ သော ကိုယ့်ဇနီး ရွှေရတီနှင့်တော့ ယှဉ်မရနိုင်ပါ။ မနေ့တုန်းက ရွှေရတီ၏ လှပကျော့ရှင်းမှုကို နှမျောလွန်းစွာ ငေးမောခဲ့မိသေးသည်။

အချစ်မရှိတော့ရင်တောင် မိန်းမတွေလည်း သံယောဇဉ်နှင့် မက်မောမှုကျန်ရှိသေးသည်။ ရွှေရတီက နှံသာရောင်ဖျော့ဖျော့ကလေးနှင့် ဝင်းဝင်းပပ လှနေသည်။ လှလွန်းတာကြောင့်လည်း ကိုယ့်ဇနီးကို မြတ်နိုးမည့်ပုဂ္ဂိုလ် အဆင်သင့် ရှိနေတာပါပဲ။ သိပ်လှတာကိုလည်း သူ့စိတ်ထဲ မနှစ်သက်ချင်တော့ပါ။

လှလွန်းသော မိန်းမတွေသည် ယောကျ်ား၏ တန်ဖိုးကို နားမလည်။ အလှအပက သူတို့မာနကို မြင့်တင်ပေးသည်။ မြင်သူတကာ လိုချင်မက်မောနေတာမို့ ယောကျ်ားဆိုတာကို ပေါ့ပေါ့ဆဆ သဘောထား လိုက်ကြသည်။ သူတို့အတွက် ဝိုင်းဝိုင်းလည်နေတော့ တန်ဖိုးထားရမှန်း မသိတော့ပါ။ ရွှေရတီက မြင်သူငေးလောက်အောင် လှပါသည်။ ပြောစရာကို မရှိ။

ကြောင်နှစ်ကောင်တစေ

www.burmeseclassic.com

www.burmeseclassic.com



ကားတံခါး ဖြည်းဖြည်းလေးပွင့်သွားမှ ကားပေါ်တတ်လိုက်သော ရွှေရန့်အရိပ်ကလေးကို မြင်ရသည်။ သူ့အတွေးတွေက ရွှေရတီဆီ ရောက်ရောက်သွား၏။ စိတ်ထဲမှာမကောင်း ဘယ်နှစ်ရက်ကြာမှ နေသား ကျပျော်ရွှင်လာမလဲ မသိနိုင်ပါ။

"ဘယ်ဆိုင်ကြိုက်လဲ ပြော..."

"ရပါတယ် နီးနီးနားနားပေါ့"

ဦးကောင်းထိန်လင်းပိုင်က ခေါင်းညိတ်ပြီး စက်နှိုးသည်။

"ရွှေရန့်က မိဘတွေနဲ့ နေတာလား"

သူ့မေးခွန်းကို ရွှေရန့်က ခေါင်းလေးငုံ့ကာ လှည့်ကြည့်ပြီးမဖြေ ကိုယ်ရေးရာဇဝင်(စီဗွီ)မှာ မိဘအမည်တွေကို ဝိုက်ကွင်းနှင့် ထည့်ရေး ထားတာ. သတိမပြုမိဘူး ထင်ပါရဲ့။

"ကျွန်မမှာ မိဘတွေ မရှိကြတော့ဘူး"

"ဩော်... ဟုတ်လား"

"ဆုံးသွားတာကြာပါပြီ"

"မောင်နှမတွေရော"

ရွှေရန့်က အားငယ်စွာ ပြုံးမိသည်။

"တစ်ဦးတည်းသော သမီးပါ"

"ဟောဗျာ... မေးခွန်းတွေ ဆက်တိုက်မှားနေပါလား"

"ရပါတယ်"

ဦးကောင်းထိန်လင်းပိုင်က ရယ်လိုက်၏။

"ဒါဆို... ဘယ်သူနဲ့ နေလဲ"

"မေမေ့ သူငယ်ချင်း ဒေါ်လေးက ခေါ်ပြီး မွေးစားခဲ့တာပါ။ လေးလေးကလည်း သမီးအရင်းလို ချစ်ပါတယ်"

"သူတို့မှာ သားသမီး မရှိဘူးလား"

"သားတစ်ယောက် ရှိပါတယ်"

ရွှေရန့် မိသားစုအကြောင်း သူ ဒီနေ့မှပဲ မေးဖြစ်တော့သည်။

"ဒီကိုလာတော့ရော"



www.burmeseclassic.com

www.burmeseclassic.com



"လေးလေး ဝင်ပို့ပေးခဲ့တာပါ၊ လေးလေး မအားရင် ဒေါ်လေး ဆိုင်ကအပြန် ဝင်ကြိုပါတယ်။ တစ်ခါတလေ ကိုဘုန်းလျှံက လာကြို ပါလိမ့်မယ်"

"ကိုဘုန်းလျှံဆိုတာက"

"လေးလေးတို့ရဲ့ သားပါ၊ ဆရာဝန်လောင်းပေါ့..."

ကောင်းထိန်လင်းက ကားမောင်းနေရင်း တစ်ချက်လှည့် ကြည့်၏။ ပြောပုံလေးက ခပ်ကြွားကြွား ဘယ်လိုအဓိပ္ပါယ်လဲ...။

ရွှေရန့်ကလည်း မေးသင့်၊ မမေးသင့် စဉ်းစားကာ နှုတ်ဖျား ရောက်နေသော စကားလုံးတွေကို ပြောချလိုက်၏။

"ဦးကောင်းထိန်လင်းပိုင် အကြောင်းသိရတာ စိတ်မကောင်း ပါဘူး"

"မနေ့က ကိစ္စလား"

"ဟုတ်ကဲ့"

အားနာနာနှင့် ခေါင်းညိတ်ပြဖြစ်သည်။ နှစ်ယောက်စလုံး အတန်ကြာအောင် တိတ်ဆိတ်သွားကြသည်။

"ပြန်မကြိုးစားတော့ဘူးလား"

မဝံ့မရဲမေးလိုက်သော စကားလေးကို သူက နားလည်စွာ ပြုံးသည်။

"မကြိုးစားတော့ဘူး"

"ဘာလို့လဲဟင်"

"သူမှာ အသစ်တစ်ယောက်ရှိနေပြီ ရွှေရန့်ရဲ့..."

"ရှင်..."

ရွှေရန့်ရင်ထဲ တစ်မျိုးဖြစ်သွားရသည်။ ဒါဆို အခုအဖုအထစ်က တကယ်မပျောက်နိုင်တော့ဘူးပဲ။ သူတို့ တကယ်ဝေးသွားကြပြီပဲ။

"ကျွန်မ... တကယ်ပဲ ဝမ်းနည်းမိပါတယ်"

မေးမိပြီးသားမို့ အားတုံ့အားနာ စကားဖြစ်လိုက်သည်။ သူ့ ဟင်းနှိပ်ဖုန်းက မြည်လာတာမို့ တော်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်… ပြောပါ"

ရွှေရန့်က ကားပြတင်းကနေ အပြင်ကိုကြည့်နေလိုက်၏။

"အင်း… ကိုယ့်ကို ကောင်လေးမှတ်နေလားကွ၊ ဟော…"

ရယ်သံနှင့်စကားကို နားမစွင့်ဘဲ ကြားနေရပါသည်။

"အား ကိုယ့်အရွယ်က ရှော့ပဲင်န်(ဈေးဝယ်)၊ လက်ချိတ်ခေါ် သွားရမယ့် ချာတိတ်မဟုတ်ဘူးကွ"

ကြည့်ရတာ… တဘက်က အမျိုးသမီးတစ်ဦးထင်ပါရဲ့၊ ဦးကောင်းထိန်လင်းပိုင်မှာ ဒါမျိုးတွေရှိသလား။ အင်း… သူလည်း ဒေါ်ရွှေရတီနှင့် ဝေးနေခဲ့တာ ကြာပြီကော…။

လူထဲကလူမို့ လူပီသစွာ နွေးထွေးကြင်နာမှုနှင့် ဂရုစိုက်ကြည့်ရှုမှုကို တမ်းတလိုချင်မှာဘဲ။

"ဒီနေ့တော့ ဆောရီးပဲကွာ၊ ကိုယ်အလုပ်တွေ ရှိနေတယ် ညလား… ရတယ်လေ၊ ညပိုင်းတော့ လိုက်ပို့နိုင်ပါတယ်၊ သိပ် ညဉ့် မနက်ရင် ပြီးတာပါပဲ၊ ရတယ်၊ အိုကေ… ကိုယ်လာခေါ်မယ် ကောင်းပြီ…"

ရွှေရန့်က ပင့်သက်မှျင်မှျင်လေး ရှိုက်မိသည်။

အိမ်ထောင်ပြုကွဲထားသော ယောကျ်ားတစ်ယောက်အတွက် ကန့်သတ်ဘောင်တစ်ခု မရှိကော့သလို ဖရိုဖရဲဖြစ်လိမ့်မည်။

ပျက်စီးခြင်းဆိုတာကို ရင်နာနာနှင့် အောင့်အီးခံစားနေမည့်အစား ထွက်ပေါက်တစ်ခုခုတော့ ရှာမှာမလွဲမသွေ။ သည်စိတ်ဆင်းရဲ မှုဒဏ်ကို တစ်နည်းနည်းနှင့် ကုစားပစ်မှာပါပဲ။

"ရောက်ပါပြီဗျာ"

သန့်ရှင်းတိတ်ဆိတ်သော ဆိုင်ကလေးရှေ့မှာ ကားရပ်ပြီး ဦးကောင်းထိန်လင်းက ဆိုပါသည်။ ရွှေရန့်လည်း ကားပေါ်ကဆင်းမိသည်။

သူနှင့် အခုလိုသွားလာရတာ အနေကျခြင်းနှင့်အတူ နောင်တရ သည်။ နောက်နေ့တွေဆိုလျှင်တော့ ခုလို ထွက်မစားသင့်ပါ။

ဘာပဲဖြစ်ဖြစ် ဆင်ခြင်ရမည်။ ကိုဘုန်းလျှံကို ရွှေရန့်ချစ်သည်



www.burmeseclassic.com

www.burmeseclassic.com



မြွတ်နိုးသည်။ အတိမ်းအစောင်း မခံနိုင်ပါ။ ရွှေရန့်ဘက်မှာ ပြောစရာ တစ်ခုမှမရှိချင်၊ ထောက်ပြစရာ ဟာကွက်မရှိစေရ။

"ရွှေရန့်... ဘာစားမလဲ"

ခုံမှာထိုင်မိပေမယ့် ရွှေရန့်အတွေးတွေ အဝေးကို ပြေးနေသည်။ လူနှင့်စိတ်က ငြိမ်မနေ။ ဦးကောင်ထိန်လင်းမေးတာကို လုံးဝမကြား။

"ရွှေရန့်"

"ရှင်... ကိုဘုန်းလျှံ"

လန့်ဖျန့်ယောင်ရမ်းကာ လွှတ်ခနဲ ရေရွတ်မိသည်။ အတွေးထဲမှာ စိုးမိုးထားတာက ဘုန်းလျှံအကြောင်း မဟုတ်လား။ မျက်နှာလေးရဲကာ ထူပူသွားမိပါသည်။ လုံးဝမဖြစ်သင့်ပါ။ ဦးကောင်းထိန်က ရယ်ရမလို တည်ရမလိုလိုနှင့် တစ်မျိုးကြီးဖြစ်သွား၏။

"ဘာစားမလဲလို့ မေးတာ"

"ရွှေရန့် နန်းကြီးသုပ်စားချင်တယ်၊ ပြီးတော့...ကော်ဖီတစ်ခွက်"

စားပွဲထိုးလေးက စာရွက်မှာရေးသည်။ ဦးကောင်းထိန်လင်းက ပေါင်မုန့်ကြက်ဥကြော်နှင့် လက်ဖက်ရည် မှာစားသည်။

ပေါင်မုန့်ကြက်ဥကြော်များ အိမ်မှာစားလည်းရသားနှင့်ဟု တွေးမိပြီးမှ ဘယ်သူနှင့် နေပါလိမ့်...ဘယ်သူချက်ကျွေးပါလိမ့်... ဟု နောက်ဆက်တွဲ တွေးမိသွားသည်။ မေးတော့ မမေးဖြစ်ပေ။ မေးလျှင် စပ်စုရာကျပါမည်။ ပြီးတော့... ဒီကိစ္စတွေက ရွှေရန့်နှင့် မပတ်သက်ပါ။

"ကိုဘုန်းလျှံနဲ့ လာစားနေကျလား"

ကောင်းထိန်လင်းပိုင် တွေးတွေးဆဆ မေးသည်။

"မဟုတ်ဘူး"

ရှက်ရှက်နှင့် ခေါင်းရမ်းမိပါသည်။ သူက နားလည်စွာ ပြုံးနေဖြစ်သည်။ သူ့အတွင်းရေးမှူးမလေး၏ ရင်ထဲကို သူ ထွင်းဖောက်မြင်လိုက်ရသည်။ သူလေးအတွေးထဲမှာ ဘုန်းလျှံဆိုတာလေး ကိန်းအောင်းနေသည်။ ကိုယ့်ကို ယောင်ပြီးခေါ်မိတာပဲကြည့် စိတ်ထဲစွဲနေသည်။

ကိုယ်သိသွားတာကို မျက်နှာလေးပျက်ကာ မနေတတ်အောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရှာသည်။ တကယ်ဖြူစင်သူလေးပါလား…။ ရိုးသားယဉ်ကျေးပြီး နူးညံ့ညင်သာသည်။ သူ့ခပ်ငေးငေး ကြည့်နေဖြစ်သည်။

"ကိုဘုန်းလျှံက ဆေးကျောင်းပြီးပြီလား"

"ပြီးလုပြီးခင်ပါပဲ… လုံးဝမအားဘူး"

ပလပ်စတစ်ခြင်းကလေးထဲက တူနှစ်ချောင်းကို ဖောက်ယူပြီး ကောင်းထိန်လင်းပိုင်က ရွှေရန်ကို လှမ်းပေးသည်။

"တူနဲ့ မစားတတ်ဘူး"

ရွှေရန်က ပုခုံးလေးတွန့်ကာ ရက်ရိုပ်စွန်းစွာဆိုသည်။

"ဟုတ်လား… ဇွန်းခက်ရင်းနဲ့ စားပေါ့"

စားပွဲထိုးလေးကို ဇွန်းခက်ရင်း မှာပေးသည်။

"ပြောထားစရာရှိတယ်"

"ဟုတ်ကဲ့"

"အလုပ်တွေများပြီး စိတ်ရှုတ်နေတဲ့အချိန် မင်းဘက်က အမှားလုပ်ခဲ့မိလို့ ဆူမိငေါက်မိရင် ကိုယ့်အပေါ် စိတ်မခုပါနဲ့"

"ရပါတယ်"

"ဒါသဖြစ်ရင်… ကိုယ်က ဆူမိတတ်တယ်"

"ဟုတ်ကဲ့"

ရွှေရန်က နာယူမှတ်သားဟန်နှင့် ခေါင်းညိတ်သည်။

"ရွှေရန်ကလည်း မကျွမ်းကျင်သေးတော့ အမှားလုပ်မိမှာ သေချာသလောက်ပဲ၊ ရပါတယ်လေ… ခုကတည်းက ပြင်ဆင်ထားရမှာပေါ့၊ ငေါက်လည်း ခံနိုင်ရည်ရှိအောင်"

"ကောင်းပါတယ် ကြိုတင်ပြင်ဆင်မှုရှိရင် ဘာပဲဖြစ်ဖြစ် ကောင်းပါတယ်၊ ခံနိုင်ရည်ရှိတာပေါ့…"

ရွှေရန်က ဦးကောင်းထိန်လင်းပိုင်ကို သဘောကောင်းသူအဖြစ် မှတ်ချက်ချမိပါသည်။ စကားပြောတာလည်း ပွင့်လင်းရိုးသားသည်။ ဒီအလုပ်ရတာ ရွှေရန် ကံကောင်းပါသည်။

"တော်ကြာ… ဆူလို့ ငိုနေမှာစိုးလို့"



www.burmeseclassic.com

www.burmeseclassic.com


''မငိုပါဘူး''

ရယ်သံလေးက သူ့စကားကို နားမလည်တာပေါ်လွင်သည်။

''ကျွန်တော်ကြုံဖူးတာပါ၊ တကယ်ထိုင်ငိုတာဗျ...''

''အဟုတ်''

''ဟုတ်ပါတယ်ဆို၊ ကျွန်တော်တောင် ဒေါသတွေ ပျောက်သွားတယ်''

ကြားရတာဆန်းလွန်းတော့ မျက်လုံးလေးဝိုင်းကာ မယုံမရဲ။

''ရွှေရန့်က မငိုတတ်ပါဘူး''

''ဟုတ်လား...''

''ဟုတ်တယ်''

ရွှေရန့်က ရဲရဲခေါင်းညိတ်သည်။ ပြီးတော့ မျက်နှာလေးပျက်ကာ ပြောပြသည်။

''မေမေ မဆုံးခင်က မှာထားတယ်''

''အင်း''

''လွယ်လွယ်နဲ့ မငိုရဘူးတဲ့...၊ အဖေရော အမေရော မရှိတော့ရင် ဘဝကို တစ်ဦးတည်း ရပ်တည်ရင်ဆိုင်ရမှာတဲ့။ မေမေဆုံးခါနီးတော့ သေချာ ကတိတောင်းခဲ့တယ်၊ သူ့အသုဘကို မျက်ရည်လုံးဝမကျဘဲ သင်္ဂြိုဟ်ပေးရမယ်တဲ့... ဆွမ်းကျွေးတဲ့အထိ လုံးဝမငိုရဘူးတဲ့''

''ဪ...''

''အဲဒါကြောင့် ရွှေရန့် မငိုမိအောင် အမြဲကြိုးစားတယ်။ စိတ်မကောင်းဖြစ်ရင် သိပ်ခံစားရရင် မျက်ရည်ဝဲရုံလောက်ပဲ။ မငိုဘူး မျက်ရည်ကျတဲ့အထိ မဖြစ်ဘူး၊ ဒါကြောင့် ဦးကောင်းထိန်လင်းပိုင် ဆိုရင် ငိုမှာမဟုတ်ဘူး၊ အလုပ်ဖြုတ်ပစ်လည်း ငိုမှာမဟုတ်ဘူး''

ရဲရဲကတိပေးပုံက သူ့အတွက် ထူးဆန်းသွားသည်။ ရွှေရန့်ကို ပထမဆုံးအကြိမ် စိတ်ဝင်တစား ကြည့်မိသည်။ မျက်လုံးတွေက မှေးသော် တောက်ပပြီး ညို့မှာတ်ရှိနေသည်။ သူကြည့်လိုက်တော့ ချက်ချင်း မျက်လုံးလွှဲသွားပေမယ့် တခဏလေးမှာ သူ သေသေချာချာ သိလိုက်


www.burmeseclassic.com

www.burmeseclassic.com



သည်။

မငိုတတ်ဘူးဆိုသော ကောင်မလေးကို တစ်ခါလောက် စိတ်ထိခိုက်အောင် ဆူကြည့်ချင်ပါသည်။ မျက်ရည်ဝဲရုံလောက် ဖြစ်ဖြစ်ပေါ့။

သူ့အတွေးကို သူရယ်မိသည်။ ဖုန်းမြည်လာသောအခါ သူက ကောက်ယူထူးလိုက်၏။

''ခင်ခင်ကျော်လား၊ ပြော...''

ရွှေရန့်က ကော်ဖီသောက်ရင်း လာပြန်ပြီတစ်ယောက်ဟု တွေးမိသည်။

''အင်းလေ၊ အဲဒီတော့...''

ကောင်းထိန်လင်းပိုင်က စောစောထက် ပိုပြီး စိတ်ပါလက်ပါ ရှိနေသည်။ မအားဘူးဟု မငြင်း။ အသံက တက်တက်ကြွကြွ။

''ကိုယ်ဆက်မလို့ပါကွာ... မကောက်ပါနဲ့''

ချော့သံက စိတ်ရှည်လက်ရှည်။ ရွှေရန့်က သက်ပြင်းလေး ထပ်တစ်ကြိမ် ရှိုက်မိသည်။ အလုပ်တွေ လုံးဝမအားလပ်အောင် များလွန်းသည့်ကြားက ဒီလိုကိစ္စတွေကို အချိန်ပေးနိုင်သေးသည်။

''လာခဲ့မယ်၊ နေ့လည်စာကျွေးမယ်၊ ကျေနပ်တော့ကွာ''

ရွှေရန့်က ကောင်းထိန်လင်းပိုင်ကို မသိမသာ အကဲခတ်ကာ သုံးသပ်မိနေသည်။ ဖုန်းပြောပြီးသောအခါ သူက မလုံမလဲ လှမ်းကြည့်သည်။ ဝင်လာသောဖုန်းတွေက အလုပ်ကိစ္စမဟုတ်။ ဒါကို သူ့လည်း တစ်မျိုးတော့ဖြစ်မှာပါဘဲ။

ဒါတွေက သူ့ကိုယ်ရေးကိုယ်တာ။ အရေးကြီးတာ ရွှေရန့်အပေါ် ရိုးသားဖို့ စည်းတစ်ခုနှင့် ဆက်ဆံဖို့ပါ။

ကောင်းထိန်လင်းပိုင်က ရွှေရန့်အကြည့်ကို နားလည်သည်။ သူကလေးစိတ်ထဲမှာ မှတ်ချက်တွေကိုလည်း အကြမ်းဖျင်းတွက်လို့ရသည်။

သူ့ကို လန့်သွားမလား။ ရှုပ်သည်ဟု ထင်မလား။

အထင်သေးမှာတော့ သေချာလှသည်။ အထင်ကြီးတာမျိုးလည်း သူမလိုချင်ပါ။ ပြီးတော့ သည်ချာတိတ်မက သူ့အတွင်းရေးမှူးလေးပါ။



www.burmeseclassic.com

www.burmeseclassic.com


ဘယ်လိုပဲထင်ထင် ဂရုစိုက်ထည့်တွက်စရာမလို။

ရွှေရန့် ခေါင်းလေးငုံ့ကာ စကားမဆိုဘဲ တိတ်ဆိတ်နေသည်။

"စားလို့ကောင်းရဲ့လား၊ ဘာမှာဦးမလဲ"

"ရပါပြီ"

ဦးကောင်းထိန်လင်းပိုင်က ပိုက်ဆံရှင်းပြီး ရှေ့ကဦးဆောင်ထွက်သွားတော့၏။ ရွှေရန့် ခြေလှမ်းတွေက လေးနေသည်။ ဘာကြောင့်မှန်းမသိ။ သူ့ကို ရွှေရန့် စိတ်ပျက်သွားရသည်။ လေးစားမှုလျော့သွားတယ်ပဲ ခေါ်မလား။ သူ့ဘက်ကတော့ ရွှေရန့်ကို ထည့်တွက်မှာမဟုတ်ပါ။

အင်းလေ... ကိုယ့်စည်းကိုယ်လုံကြရင် ပြီးတာပါပဲ။

🍎🍎🍎


www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၁၆ ]

''သမီး ရွှေရန့်''

''ရှင်''

ဒေါ်လေး ပန်းအိုးထိုးနေသော ရွှေရန့်ကို လှမ်းခေါ်သည်။ လေးလေးက မဂ္ဂဇင်းဖတ်နေသည်။ ဘုန်းလှိုင်က စာကျက်နေပါသည်။

''ခဏလာပါဦးသမီး''

''ဟုတ်ကဲ့''

ရွှေရန့်က ပန်းအိုးတွေထားခဲ့ကာ ဒေါ်လေးသက်ရှိရာ လျှောက်လာခဲ့၏။

''ထိုင်ပါဦး၊ ဒေါ်လေး မေးစရာရှိလို့''

''မေးလေ ဘာလဲ''

ဒေါ်လေးက တစ်ခုခုကို စိတ်ထင့်နေပုံပါ။

''သမီးတို့ ကုမ္ပဏီပိုင်ရှင်သူဌေးက သူ့ဇနီးနဲ့ ကွာရှင်းလိုက်တာ သတင်းစာထဲ ပါလာတယ်နော်''

ဒေါ်လေးသက် မေးခွန်းကြောင့် လေးလေးက ဖတ်နေသော စာအုပ်ချကာ မျက်မှန်ဖြုတ်လိုက်၏။ ဘုန်းလှိုင်က ခေါင်းထောင်ပြီး နားစွင့်



www.burmeseclassic.com

www.burmeseclassic.com



သည်။

ရွှေရန့် ဘယ်လိုပြောရမှန်းမသိ။ ရုတ်တရက် ကြောင်အမ်းသွားသည်။

လုံးဝမဆိုင်သော်လည်းပဲ တစ်ခုခု ဆိုင်နေသလိုဖြစ်ရတာသည်။ ကိုယ်က သူ့ကုမ္ပဏီက အတွင်းရေးမှူးမလေး ဖြစ်နေလို့ပါပဲ။

"သူ့ဇနီး ဒေါ်ရွှေရတီက သိပ်ချောတာပဲလို့ ပြောကြတယ်။ အရမ်းလည်းချမ်းသာတာ…တဲ့၊ သူတို့ချင်းကွဲသွားကြတော့ ဒေါ်ရွှေရတီက ဘာရပိုင်ခွင့်မှ မတောင်းဘူးဆိုပဲ၊ သူတို့က နာမည်ကြီးတွေပဲ လူသိများတယ်"

ဒေါ်လေးသက်က ကြားလာခဲ့သမျှ ပြောပြရင်း မသိတာလည်း ဖြည့်စွက်မေးချင်နေသည်။ ရွှေရန့်ကတော့ ခုထက်ထိစကားမစ။ ငြိမ်နေသည်။

"လင်မယားပဲကွာ၊ အဆင်မပြေလို့ကွဲတာ ဆန်းသလား"

လေးလေးက စပ်စပ်စုစုမရှိ။ တိကျပြတ်သားသည်။ သူများကိစ္စ ဝင်မပါ။ သိချင်ပုံလည်းမရ။ ဒေါ်လေးသက် မေးမြန်းတာကိုလည်း နှစ်သက်ပုံမရ။

"ဆန်းတော့ မဆန်းဘူး၊ ဒါပေမယ့် သမီးလေးနဲ့နီးစပ်နေတယ်"

"အဓိပ္ပာယ်မရှိတာကွာ"

လေးလေးက မကြိုက်သလို ဟန့်တားသည်။

"သမီး"

"ရှင်"

"အစစအရာရာ ဆင်ခြင်နော် စည်းကမ်းနဲ့နေ"

ဒေါ်လေးက ရတက်မအေးစွာ မှာသည်။ ရွှေရန့် ခေါင်း ညိတ်မိပါသည်။

"ဦးကောင်းထိန်လင်းပိုင်က တည်ပါတယ်ဒေါ်လေး၊ ပြီးတော့ သူ့မှာ အမျိုးသမီးသူငယ်ချင်းတွေ ရှိပါတယ်၊ သမီးကို ကလေးလို သဘောထားတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတာပေါ့ကွယ်"

ရွှေရန့်က ဘုန်းလှိုင်ကို လှမ်းကြည့်မိ၏။

ဒေါ်လေးစကားတွေ ကြားပြီး တမျိုးထင်သွားမှဖြင့် ရွှေရန့်က ကြောက်ခွဲမဆုံး ဖြစ်ရဦးမည်။

ဘုန်းလှိုင် အထင်လွဲမှာကို မြူတစ်မှုန်စာပင် မခံနိုင်ပါ။

ရွှေရန့်က ဒေါ်လေးအနားမှခွာပြီး ပန်းအိုးတွေနား ပြန်ရောက်သွား၏။

ဘုန်းလှိုင်က စာကြည့်စားပွဲကထပြီး ရွှေရန့်ဘေးနား လျှောက်လာသည်။

"ရွှေရန့်"

"ရှင်"

"ခဏ ခြံထဲဆင်းလျှောက်ရအောင်"

"အင်း"

ဘုန်းလှိုင်က တိုးတိုးပြောပြီး ခြံထဲဆင်းသွားသည်မို့ ရွှေရန့် နောက်ကလိုက်ခဲ့ပါသည်။ ဦးကောင်းထိန်လင်းပိုင်အကြောင်း မေးမှာ သိသည်။

"ကိုဘုန်းလှိုင် ဘာလဲပြော..."

"ပန်းအိုးက ဘာအတွက် ထိုးပြန်တာလဲ"

"သူငယ်ချင်းတစ်ယောက် စေ့စပ်ပွဲအတွက်ပါ"

"အစကလို အားနေတာမဟုတ်ဘူး၊ ကူညီချင်စိတ်တွေလျှော့ဦး ပင်ပန်းလွန်းရင် နေမကောင်းဖြစ်မယ်၊ နောက်တစ်ခါ ငြင်းလိုက်"

"ဟုတ်ကဲ့ စိတ်ချပါ၊ ပန်းအိုးထိုးနေတာ လုံးဝမမြင်စေရဘူး"

လက်ကလေးပိုက်ကာ ခေါင်းညိတ်ကတိပေးသောအခါ ဘုန်းလှိုင်က ကျေနပ်သွားသည်။ ကိုယ့်ဇနီးလောင်းက အင်မတန် ချစ်စရာကောင်းသည်။

ရေတောင် ကိုယ့်အမိန့်ရမှ သောက်မယ့်ပုံစံလေးပါ။

"ဘာမေးချင်တာလဲ... သိရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

ရွှေရန့်က ခေါင်းညိတ်သည်။ ဘုန်းလျှံက ဒန်းဖြူဖြူပေါ်မှာ သွားထိုင်ချ၏။

"ဦးကောင်းထိန်လင်းက သူဇနီးနဲ့ တရားဝင်ကွာရှင်းလိုက်တာ မှန်ပါတယ်၊ ဒါပေမယ့်… သူ့ဘက်က မကောင်းလို့မဟုတ်ပါဘူး။ သူ့ဇနီး က ကွာရှင်းခွင့်တောင်းတာပါ၊ ဒေါ်ရွှေရတီက အသစ်တွေ့နေပြီတဲ့"

"ဒါ သူ့စကားလား… ၊ တကယ်လား ရွှေရန့်သိလို့လား"

"အဲဒါတော့… ဘယ်သိပါ့မလဲ"

"ထားပါတော့၊ နာမည်ချင်း ဘာလို့ ဆင်နေရတာလဲ"

ရွှေရန့်က ဘုန်းလျှံကိုကြည့်ပြီး တစ်ချက်ပြုံးလိုက်ကာ…

"ဒါဆိုရင် ရွှေရန့်နာမည်ပြောင်းရမှာလား"ဟုစမိ၏။

ဘုန်းလျှံ ပါရယ်မိသည်။ ဟုတ်သားပဲ သူ့စကားက သိပ်ကပ်သီး ကပ်သပ် နိုင်လှသည်။ ကြောင်တက်တက်ပါပဲ။ ဟိုကရွှေရတီ ဒီက ရွှေရန့်၊ အဲဒါဘာဖြစ်လဲ၊ သူ့ဘာတွေ စိတ်ကြောင်မိတာလဲ။ မတွေး သင့်တာတွေ မတွေးတာပဲကောင်းသည်။

ရွှေရန့်က သူ့ဇနီးလောင်း သူမြတ်နိုးလှန်းသော ရတနာလေးပါ။ ဘယ်တော့မှ ပျောက်ဆုံးမခံနိုင်။ တစ်သက်လုံး သူ့အနားမှာပဲ ရှိရမည်။

"ဆက်ပြောပါဦး"

"ဦးကောင်းထိန်လင်းက ရွှေရန့်ကို မိန်းမလို့တောင် ထင်ပုံမရ ပါဘူး၊ သူ့မှာ သူ့ဇာတ်လမ်းတွေရှိပါတယ်၊ လုံးဝပူစရာမလိုဘူး။ တကယ်လို့များ မတော်တစ်ဆ သူ ရွှေရန့်အပေါ် မရိုးသားဘူး ဆိုခဲ့ရင် အဲဒီလိုသိတဲ့အချိန်က အလုပ်ထွက်တဲ့အချိန်ပဲ"

"အိုကေ… အရမ်းမှန်တယ်"

ဘုန်းလျှံ အခုမှ စိတ်အေးသွားရတော့သည်။ ရွှေရန့်ကို ဘာကြောင့်မှ၊ ဘယ်တော့မှ၊ ဆုံးရှုံးမခံနိုင်။ တစ်နေ့မှာ သူလက်ထပ်မည့် မိန်းကလေးသည် ရွှေရန့်ပဲ ဖြစ်ရမည်။

"မနက်… ရွှေရန့်ကို လိုက်ပို့မယ်"

ကြေးမုံနှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



“တကယ်နော်”

“တကယ်ပေါ့”

ရွှေရန့် မျက်နှာလေး ဝင်းလက်သွားသည်။ ဘုန်းလျှံ၏ ဂရုစိုက်ဖြည့်ဆည်းမှုသည် ရွှေရန့်အတွက် အလိုအပ်ဆုံးသောအရာပါ။

🍎 🍎 🍎

ကျောင်းနှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၁၇ ]

ကောင်းထိန်လင်းပိုင်က တံခါးဝမှာ လက်ပိုက်ရပ်ကာ ဝင်လာသော ကြေးနုစိမ်းရောင် (Mark II)မော်ဒယ်ကားကို လှမ်းကြည့်မိပါသည်။ မနက်စောစော ရောက်တတ်တာက သူနှင့်ရွှေရန်ပါ။ ဒီတော့ ရွှေရန်ကို လာပို့သောကားပဲ ဖြစ်လိမ့်မည်။ ကားပေါ်ကဆင်းလိုက်သော ရွှေရန်က သခွားရောင်စိမ်းနုနုလေးနှင့် လေဒီရှူး အနက်ကလေးကို စီးထားသည်။

တစ်ဘက်တံခါးက ဆင်းလာသောကောင်လေးက ရွှေရန့် ဖိုင်တွဲတွေရော ထမင်းချိုင့်ကလေးပါ ကူသယ်ပေးလာသည်။ သူတို့လျှောက်လာပုံက အင်မတန်လိုက်ဖက်သည်။ ရွှေရန်က သိပ်မချောပေမယ့် ကောင်လေးက တော်တော်ကြည့်ကောင်း ထွားကြိုင်းသည်။ ကောင်လေး၏ အရှိန်အဝါနှင့် ရွှေရန်က ပိုပြီးပေါ်လွင်ပြည့်စုံသွားသလို ရှိလေသည်။

ဘုန်းလျှံဆိုသော ဆရာဝန်လောင်းလေးပဲဆိုတာ တန်းခနဲ သိသည်။ မေးစရာပင်မလို။ ရွှေရန့်အပြုံးတွေက ပြီးပြည့်စုံလွန်းသည်။ အရမ်းကျေနပ်နေတာပေါ်လွင်သည်။ မော့်ကာ ရယ်ကာ နှင့်ကား လျှောက်သောပုံမှာ ဂီတသံဖဲ့လို ချိုမြိန်နေ၏။ ရွှေရန့်ကို ကြည့်ပြီး အတတ်ပြောနိုင်လိုက်တာပါ။ ဘုန်းလျှံမို့လို့သာ ရွှေရန့်မှာ ကောင်းကောင်ကို

www.burmeseclassic.com



ဝဲပုံတော့မည့်ငှက်မလေးလို မြူးပျော်ကြည်နူးနေတာပေါ့။

ကောင်မလေးတစ်ယောက်က ကောင်လေးတစ်ယောက်ကို ဒီလောက်ထိ ချစ်တတ်သလား...၊ ချစ်နိုင်သလား...၊ ဒါဟာ တကယ်ပဲလား...၊ မျက်စိရှေ့က မြင်ကွင်းကို သူ ဆန်းစစ်နေမိသည်။ ကွယ်ရာမှာပင် အတွေးထဲနေရာယူ စိုးမိုးထားသေးတာ ရှေ့လည်း ရောက်လာရော မိုးမမြင်၊ လေမမြင် အပျော်တွေ ဖုံးဖိမရ။ ရယ်သံလေး တခစ်ခစ်နှင့် သာယာမှုပါသည်။

ရွှေရန်နှုတ်ခမ်း မှုယာလေးတွေ မျက်နှာပေးလေး ဖြိုးပုံ၊ ကြည့်ပုံ၊ ရယ်သံလေးသာမက လမ်းလျှောက်ပုံလေးပါ ခါတိုင်းနှင့်မတူ။

အချစ်ဖြင့်လိမ်းကျံထားသော၊ အချစ်မှာပျော်ဝင်နေသော အချစ်ကိုထိတွေ့ခံစားနေသော မိန်းကလေးတစ်ယောက်ဟာ ဒီလောက်ထိ နူးညံ့ပြီး ဒီလောက်ထိ ကဗျာဆန်ကာ သူ့ရင်ကို ခါသွားအောင် ပြုလုပ်နိုင်မည်ဟု မထင်ခဲ့ပါ။

ရွှေရန်ကို သူမြင်ဖူးနေကျပါ၊ ဆက်ဆံနေကျပါ၊ မျက်စိရှေ့မှာ နေ့တိုင်းရှိနေကျပါ။ သို့သော်... မြင်တွေ့ဆက်ဆံနေရသော ရွှေရန်နှင့် အခုမျက်စိရှေ့ မြင်ရသော ရွှေရန်သည် နှစ်ကိုယ်ခွဲထားသလို တစ်ယောက်စီပါ။

"ရပြီရှင့်... ပေးတော့"

"ရွှေရန်... သွားပြီ"

"အင်းပါ... ဖြည်းဖြည်းမောင်းဦး"

"စိတ်ချ... နေ့လယ်ဖုန်းဆက်မယ်"

"အင်း... ထမင်းကိုစောစောစားပါလို့ ပြောမလို့လား"

"ဒါပေါ့"

"စိတ်ချ... ဖုန်းဆက်ချိန် ထမင်းစားပြီးသား ဖြစ်ရမယ်"

"တကယ်"

"တကယ်ပေါ့"

ဘုန်းလျှံက ချစ်စနိုးနှင့် ရွှေရန်နဖူးလေးကို သူ့နဖူးနှင့်တို့ကာ



www.burmeseclassic.com

www.burmeseclassic.com



ရယ်လိုက်၏။

"အလုပ်တွေများလို့… မေ့နေမှာပါ"

"မမေ့ပါဘူး"

ချစ်စရာကောင်းသော အသံလေးနှင့် နှုတ်ခမ်းလေးက စူတူတူလေး…။

"တာ့တာ"

ခြေစုံလေးရပ်ကာ ကားထွက်သွားသည်အထိ လိုက်ငေးနေသည်။

ကောင်းထိန်လင်း သက်ပြင်းရှိုက်ဖြစ်၏။

သူများတွေကြင်နာယုယတာ မြင်ရတော့ ရင်ထဲမှာတင်းကျပ်လာသည်။

ကိုယ်ကျတော့ စစ်မှန်သောအချစ်နှင့် သစ္စာမြဲသော ချစ်သူမျိုး မတွေ့ဘူးသေးပါလား။ ရွှေရန်နဲ့လိုမိန်းကလေးမျိုး မကြုံးဖူးပါလား။

သူ့အပေါ် အဲဒီလောက်ချစ်နိုင်မယ့် မိန်းကလေးရှိခဲ့ရင် အသက်ရှင်ရတာ သိပ်အဓိပ္ပါယ်ရှိသွားလိမ့်မည်၊ လူဖြစ်ရကျိုးနပ်ပါပြီ၊ သေရင်လည်း သေပျော်ပါပြီ။

ရွှေရန်နဲ့ကခုမှ သူ့ကိုမြင်ပြီး ကိုယ်ရှိန်တန့်သွားသည်။

နဖူးချင်းတို့ပြီး ရယ်လိုက်စဉ်က သူ့ကိုလုမ်းတွေ့ပုံမရ။

ကောင်းထိန်လင်းက ရွှေရန်နဲ့ကို အလိုက်သင့်ပြုံးပြပြီး သူ့ခုံမှာ သွားထိုင်သည်။ သူတံခါးဝမှာရပ်နေပေမယ့် မမြင်ကြတာ အပျော်လွန်နေလို့ပါ။ ကြည်နူးနေကြလို့ပါ၊ ပတ်ဝန်းကျင်ကို မေ့နေကြလို့ပါ။

ရွှေရန်နဲ့က ညင်သာသောခြေလှမ်းနှင့်အလုပ်စားပွဲရှိရာ လျှောက်သွားပြီး ဖိုင်တွေစားပွဲပေါ်တင်သည်။ ထမင်းချိုင့်ကို စားပွဲပေါ်ချသည်။ ရေနွေးအိုးကျိုဖို့ ပထမဆုံးပြင်ဆင်သည်။ ရွှေရန်နဲ့ကိုသူ ကြည့်နေ၏။

စောစောတုန်းကပုံစံလေးနှင့် လုံးဝခြားနားသော တည်ငြိမ်အေးစက်မှုက ချက်ချင်းနေရာယူလာသည် မျက်နှာလေးကလည်း တည်တည်တင်းတင်းကလေး ဘာလို့သည်လောက်တောင် ကွာခြားရသလဲ။



www.burmeseclassic.com

www.burmeseclassic.com



အားပါးတရ ဆေ့ာကစားရယ်မောနေသော ကလေးလေးလို အမူအရာအားလုံး တစ်ခုမှမရှိတော့ပြီ။ ကန္တြေးခြုံထည်ကြီး လွှားခန် အုပ်လိုက်သလို ရှိပေမယ့် ခဏာတုန်းက အချစ်ဝတ်စုံလေးနှင့် မြင်ဖူးထား လိုက်ပြီးမို့ ဒီကွာဟခြားနားမှုကို သူ သေချာသိလိုက်တော့သည်။

ဒါက အလုပ်ခွင်က အတွင်းရေးမှူးမလေးပုံစံ။ ခဏာတုန်းက ချစ်သူနှင့် ကြည်နူးနေသော ကောင်မလေးပုံစံ။ တချို့ဆို အဲဒီလောက် မကွာ။ ရွှေရန့်က ချစ်တတ်လွန်းသူမို့ပါ။ ပြီးတော့ တန်ဖိုးထားသော အချစ်တစ်ခုကို ပိုင်ဆိုင်ထားသူမို့ပါ။ အပြန်အလှန် သည်းသည်းလှုပ် ချစ်နေကြလို့သာ ဒီလောက်ကွာခြားတာပါပဲ။

ရွှေရန့်ကို အံ့ဩခြင်းကြီးစွာ ကြည့်နေမိပါသည်။

တချို့ဆို ရွှေရန့်လောက် သတ်သတ်မှတ်မှတ် ရှိမှာမဟုတ်။ ရွှေရန့်က ဘုန်းလျှံဆို ဘုန်းလျှံတစ်ဦးတည်းကိုသာ ချစ်သူအဖြစ် စွဲစွဲ နစ်နစ်ချစ်ကာ သီးသန့်ဆန်သော အချစ်ရှိလေသည်။

ရွှေရန့်အတွက် တစ်လောကလုံးနှင့် ဘုန်းလျှံနှင့် တူမှာမဟုတ် ဒီလောက်မြတ်နိုးမှုပြင်းထန်သော အချစ်မျိုးမမျှော်လင့်ဘဲ သူမြင်ဖူးသွား သည်။ သူ့ဘဝကိုလည်း အတော်ကလေး နာကျင်အောင့်သက်သွား သည်။ ဖျတ်ဖျတ်လူးချစ်သော အသက်တမျှချစ်သောမေတ္တာမျိုးကို သူ ဒီတစ်သက်ရရှိပါ့မလားဟု တွေးမိလာ၏။

စကားမဆိုဘဲ ငြိမ်သက်နေသော ကောင်းထိန်လင်းကို ရွှေရန့်က လည်း အလိုက်တသိ တိတ်တဆိတ်နေပေးလိုက်သည်။ မနေ့ ကလို ကော်ဖီထွက်သောက်ဖို့ သူကလည်းမခေါ် ရွှေရန့်ကလည်း စကားမစ သူခေါ်လျှင်လည်း ငြင်းဖို့ဆုံးဖြတ်ပြီးသား သူ့ဘက်က မခေါ်သောအခါ ရွှေရန့်အဖို့ အဆင်ပြေလှသည်။

''ကိုဘုန်းလျှံ လိုက်ပို့တာလား''

သူ့မေးခွန်းကို ရွှေရန့်က 'ဟုတ်ကဲ့'ဟု ပြတ်တောင်းစွာဖြေသည်။

''အိမ်က သူလိုက်ပို့တာသိရဲ့လား''

မဆီမဆိုင် သူ ထပ်မေးဖြစ်သည်။ သူဆိုလိုတာက သူကြီးတွေ



www.burmeseclassic.com

www.burmeseclassic.com



သိရဲ့လား သဘောတူရဲ့လားဆိုသောမေးခွန်း...

ရွှေရန့်က လက်ထဲကိုင်ထားသော ဘောလ်ပင်လေးကိုချထားလိုက်ပြီး ကောင်းထိန် လင်းကိုလှမ်းကြည့်သည်။ မျက်လုံးလေးတွေမှာ မာန ပါလာသည်။

"လေးလေးနဲ့ဒေါ်လေးခင် ကိုဘုန်းလျှံနဲ့ ရွှေရန့်ကို သဘောတူထားတာပါ၊ အားလုံးသိကြပါတယ်၊ ကိုဘုန်းလျှံ ကျောင်းပြီးလို့ အလုပ်ဝင်တာနဲ့ လက်ထပ်ဖို့ စီစဉ်ထားပြီးသားပါ"

"ဪ..."

ရွှေရန့်စကားကို ကောင်းထိန်လင်း အံ့သြသွားရပါသည်။

မွေးစားသမီးနှင့်သားအရင်းကို တကယ်ပဲ ကြည်ဖြူကြသလား။ ဟုတ်မှ ဟုတ်ပါ့မလား။ ရွှေရန့်က လုပ်ကြံပြောဆိုမှာ မဟုတ်ပေ။ ရွှေရန့်ကို ကြည့်ရတာ ညာတက်ပုံမရ။

ကောင်းထိန်လင်းက ရေရေရာရာ သိချင်လာသည်။ ရွှေရန့်ကိုတော့ ဘာမှထပ်မမေးတော့ပါ။ သူ့မေးခွန်းတွေကို ရွှေရန့် ကြိုက်ပုံမရတစ်မျိုးဖြစ်နေသည်။ ရွှေရန့်ကိုထိခိုက်စေလို့လား၊ မယုံသင်္ကာဖြစ်မိလို့လား။

"ဧည့်သည်ရောက်နေပါတယ်"

ဦးအေးမြင့်က ဝင်လာပြီး သတင်းပေးသည်။

"ဘယ်သူလဲ"

"ဦးမြတ်သူပါ ခေါ်လိုက်ရမလား"

"အေး လွှတ်လိုက်လေ ရပါတယ်"

ကောင်းထိန်လင်းက ခုံမှာ မတ်မတ်ပြန်ထိုင်သည်။

"ကြွပါဗျာ... လာပါ၊ ခုမှပဲ လာတော့တယ် ဖုန်းမဆက်ဘဲ ပြန်းစားကြီးပါလား၊ လာ...ထိုင်"

ဦးမြတ်သူက ကောင်းထိန်လင်းနှင့် လက်ဆွဲနှုတ်ဆက်သည်။ ပုခုံးကိုတစ်ရင်းတစ်နှီး ပုတ်သည်။ ပွင့် လင်းစွာရယ်မောသည်။ အတော်ခင်မင်ပုံရလေသည်။ ရွှေရန့်ဆီလည်း ဝေ့ခနဲ အကြည့်ရောက်၏။ အတော်တမဲ့ ကြည့်နေသော မျက်လုံးကို ကပျာကယာ လွှဲမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းထိန်လင်းပိုင်က ဦးအေးမြင့်ကို ကော်ဖီသုံးခွက် လှမ်းမှာသည်။

"ဘယ်လိုလဲ... ခင်ဗျား နေသာရဲ့လား"

"ကျုပ်က ဘာဖြစ်လို့လဲဗျ"

ဦးမြတ်သူက အော်ရယ်သည်။ ပြီးမှ...

"ခင်ဗျား နှလုံးသားဒဏ်ရာလေး ကျက်ပြီ လားလို့"

"ခုမှ နှစ်ရက်ရှိသေးတာ... ကျက်ပလားဗျ"

ကောင်းထိန်လင်းက မညာစတမ်း ဝန်ခံသည်။

"ချက်ချင်း ကျက်သွားမယ့်ဆေး ရှိတယ်ဗျ"

"ဟုတ်လား... လုပ်ပါဦး"

ရွှေရန့်က မဆိုင်ပေမယ့် ကြားနေရသည်။ ဦးအေးမြင့်က ကော်ဖီသုံးခွက် လာပေးပါသည်။ အနီးအနားမှာတင် လက်ဖက်ရည်ဆိုင်က ရှိနေပါသည်။

"ကျုပ်က ခင်ဗျားကို အစောကြီးကတည်းက အမျိုးတော်ချင်နေတာပါ။ ခင်ဗျားကသာ ဒေါ်ရွှေရတီကို ရွေးချယ်ခဲ့တာ ကျုပ်ညီမလေး 'မွန်ရည်သူ' ဒီအတိုင်းပဲဗျ။ အိမ်ထောင်မပြုသေးဘူး"

ကြားရတာတွေ ရွှေရန့်အတွက်ဆန်းသည် မနေ့တစ်နေ့ကမှ အိမ်ထောင်ပျက်ထားသောသူကို ဒါမျိုးတွေ လာကမ်းလှမ်းသူ ရှိနေပါရောလား။ သူ့ဖာတာက ကောင်းလှချည်လား။ ဘယ်လို ဈေးဆုတောင်းကြောင့်လဲ...၊ ကြည့်ရတာ သူ လွတ်လွတ်လပ်လပ် ဖြစ်သွားတာကိုပဲ အားရဝမ်းသာနှင့် ဒီတစ်ကြိမ်ထပ်ပြီး ဆုံးရှုံးသွားမှာ စိုးရိမ်နေသလိုပါ။ ဘာတွေလဲ၊ မကြုံးဖူး၊ မတွေ့ဖူးသော အကြောင်းအရာတွေပါ။ ပေါ်ပေါ်ထင်ထင်ပဲ ညီမအတွက် လာကမ်းလှမ်းသည်။ အပြောင်အပျက် ပြောနေတာလည်းမဟုတ်၊ အတည်ကြီးတောင်းဆိုနေတာပါ။ ကောင်းထိန်လင်းက အားနားပါနားပြုံးသည်။

"ကဲ... ဘယ်လိုလဲ ဒီတစ်ခါရော ခင်ဗျားဘာတွေဆင်ခြေပေးဦးမလဲ ကျုပ်ကိုပြောစမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ကော်ဖီသောက်ပါဦးဗျာ"

"ရပါတယ်၊ ခင်ဗျား ရဲရဲတင်းတင်းသာပြောပါ"

"ဦးမြတ်သူ ခင်ဗျား ကျုပ်ကိုထွက်ပေါက်မရှိအောင် လုပ်နေပါလားဗျ...၊ ကျုပ်ဘာပြောရမလဲ ခင်ဗျားတို့မိသားစုကို အားနာတယ် မွန်ရည်သူက ကျုပ်ကိုခွင့်လွှတ်နားလည်ပါ့မလား"

"အိုကေ...အိုကေ... ကျုပ်နားလည်ပြီ၊ ဒီလိုလုပ်ပါ မနက်ဖြန်ညနေစာ အိမ်မှာလာစား၊ ကျုပ်စီစဉ်လိုက်မယ်"

ကောင်းထိန်လင်းက ခေါင်းညိတ်သည်။ ရွှေရန့်ကသူတို့ ဘက်ကျောပေးကာ လုပ်စရာရှိတာ လုပ်နေမိသည်။

"ကျုပ်ဆန္ဒ ဒီတစ်ခါပြည့်တော့မယ် ထင်ပါရဲ့၊ ညီမလေးကလည်း ခင်ဗျားကို စိတ်မနာနိုင်ဘဲ ဖြစ်နေတာပါ ပြေလည်သွားမှာပါ"

ရွှေရန့်က ပင့်သက်ငွေ့ငွေ့ရှိုက်သည်။ သူ့ကို ဒီလောက်တောင် အမျိုးတော်ချင်နေတာ ငွေကြေးကြောင့်လား...၊ အရည်အချင်းကြောင့်လား...၊ ဒါမှမဟုတ် လက်လွှတ်ဆုံးရှုံးခဲ့ရတာကို မကျေနပ်စွာ ပြန်ဆယ်ယူချင်တာလား။ ရှုတ်ထွေးသောကိစ္စတွေကို ရွှေရန့် မတွေးချင်တော့ပါ။ ဦးကောင်းထိန်လင်း ရှေ့ဆက် ဘာတွေလုပ်မလဲဆိုတာသာ စောင့်ကြည့်နေရတော့မည်။ ဖုန်းဝင်လာတာမို့ ရွှေရန့်က ထပြောရပါသည်။ အလုပ်ကိစ္စတွေကို မှတ်သားထားပေးရသည်။ ကောင်းထိန်လင်းက ဧည့်သည် ရောက်နေသည် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၈ ]

ညစာထမင်းဝိုင်းမှာ ဒေါ်လေးနှင့်ကြီးမေတို့ ဖွယ်ဖွယ်ရာရာ စီမံထားသောကြောင့် စားကောင်းလှသည်။ ဘုန်းလှိုက မေမေ ဆိုင်နေ့တိုင်းပိတ်လျှင် ကောင်းမှာပဲဟုစ,သည်။ ကြီးမေက သူ့လက်ရာကို ခံတွင်းတွေ့ပါလားဟု ဝင်ပြောသည်။ ဘုန်းလှိုက ကြီးမေလက်ရာတွေကို ညီးငွေ့နေပါပြီ။ မေမေနှင့် ရွှေရန့်က အလုပ်ကိုယ်စီနှင့်မအား။ တစ်ပတ်မှာ ခြောက်ရက်က ကြီးမေချက်တာပဲ အောင့်အီးစားရတာ။သူ့ ကျောင်းပိတ်ရက်မှာ မေမေက မီးဖိုချောင်ဝင်ပြီး ချက်ပေးသောအခါ ဘုန်းလှို ဘဝင်ကျ ကျေနပ်သွား၏။

"ဖေဖေ... မေမေချက်တာ ကောင်းတယ်မဟုတ်လား"

"ကောင်းပါတယ်"

"သားနော် မြောက်မနေနဲ့ တစ်ရက်တလေပဲ ချက်နိုင်မယ်"

မေမေကလည်း ဘုန်းလှိုဆန္ဒကို သိနေသည်။

"ရွှေရန့်လည်း တစ်ရက်အချိန်ယူ ကြိုးစားချက်ပေးမယ်"

သူ့ကိုထမင်းစား မြိန်စေချင်တာမို့ ပြောမိပါသည်။ ဘုန်းလှိုက ရွှေရန့်ကို လှမ်းကြည့်သည်။ ရွှေရန့် ပင်ပန်းမှာစိုးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းမြည်လာသောကြောင့် ရွှေရန်နုံကပဲ အလျင်စလိုထလိုက်၏။ ဘုန်းလျှံက လက်ကောက်ဝတ်ကို ဖမ်းဆွဲထားလိုက်သည်။

"အေးအေးဆေးဆေးစားပါ ကိုယ်သွားကိုင်လိုက်မယ်"

ရွှေရန်နုံက ဘုန်းလျှံစကားကို နားထောင်လိုက်၏ ဘုန်းလျှံက ဖုန်းရှိရာ လျှောက်လာသည်။ များသောအားဖြင့် ညပိုင်း ဆက်လာတတ်သော သူ့သူငယ်ချင်းတွေပါ။ သူ့ဖုန်းပဲ ဖြစ်ဖို့များသည်။

"ဟယ်လို"

"ရွှေရန်နုံနဲ့ ပြောချင်လို့ပါ"

တစ်ဖက်လူစကားကြောင့် ဘုန်းလျှံ အမ်းသွား၏။ ရွှေရန်နုံနှင့် ပြောချင်တာ ဘယ်သူလဲမသိ အသံကတော့ အမျိုးသားပါပဲ။

"ဘယ်သူလဲ"

"ကောင်းထိန်လင်းပါ"

"ဘာကိစ္စ ရှိလို့လဲ"

ဘုန်းလျှံက ပြတ်ပြတ်မေးသည် ဘယ်သူပဲဖြစ်ဖြစ် သူ့မှာ မေးပိုင်ခွင့်ရှိပါသည်။ ရွှေရန်နုံကိစ္စသည် သူ့ကိစ္စပါပဲ။

"ကျွန်တော် သူလုပ်နေတဲ့ကုမ္ပဏီကပါ မနက်ဖြန်အလုပ် ကိစ္စ တစ်ခုအတွက် မေးစရာရှိလို့ပါ။

"ထမင်းစားနေတယ် တော်ကြာမှပြန်ဆက်လိုက်ပါ"

ဘုန်းလျှံက ပြောပြီးတာနှင့် ဖုန်းချလိုက်သည်။ ကောင်းထိန်လင်းက အသာအယာပြုံးမိသည်။ ကိုယ့်ကို ရန်သူတစ်ယောက်လို ဆက်ဆံနေပါလား။ ကိုယ့်အတွင်းစိတ်ကို သိနေပြီလား...။ ရွှေရန်နုံကို တော်တော်ချစ်ပါပဲ။ သို့ပေမယ့် သူ့ဘက်က ဘုန်းလျှံထက်မလျော့သော အချစ်မျိုးကို ပေးနိုင်ပါသည်။

သူ့စိတ်တွေ ဘယ်အချိန်ကစပြီး ပြောင်းလဲသွားပါလိမ့်။ ရွှေရန်နုံ၏ ကြီးကျယ်သောအချစ်ကို မြင်ရပြီးသောအခါ ထိုအချစ်ကို လက်ဝယ်ပိုင်ပိုင် ရချင်စိတ်လောဘတွေ အုံလိုက်ကျင်းလိုက် ဖြစ်ပေါ်လာခဲ့သည်။

ကောင်းထိန်လင်းပိုင်က ဖုန်းကိုလက်ထဲကိုင်ထားကာ နာရီ

www.burmeseclassic.com



ကြည့်စောင့်နေမိပါသည်။ သူ ဘာကိုမှ အလွယ်တစ်ကူ လက်မလျှော့တတ်ပါ။ ရွှေရနံ့ ထမင်းစားပြီးချိန်ကို စောင့်နေလိုက်၏။

ကိုယ်ရှေ့မှာ အရမ်းလှလာချစ်ပြတာကိုက မင်းတို့အများပါ သာမန်ရုပ်ရည်လောက်ရှိသောရွှေရနံ့မှာ ခန့်နားသောအချစ်၊ မြင့်မြတ်သောသစ္စာနှင့် အံ့သြစရာကောင်းသော ပျော်ရွှင်မှုကိုတွားခနဲ တွေ့လိုက်ရသည်။ အစတုန်းကဆို သည်လိုပုံစံလေးကို သူလိုချင်မက်မောမိမှာ မဟုတ်ပေ။ အမှန်အတိုင်းပြောပြတာပါ။ သူ သဘောကျသွားမိတာက ရွှေရနံ့နှလုံးသားကို တစ်ယောက်ဆိုတစ်ယောက် သတ်သတ်မှတ်မှတ်ရှိသည်။ တည်ငြိမ်သည်။ ထိုစိတ်ဓါတ်ကလေးကို သူ မက်မောမိသည်။ အငမ်းမရလိုချင်သည်။ သူ့တတ်မက်မှုက နက်ရှိုင်းသွားခဲ့သည်။ သူ့အပေါ် ရွှေရနံ့အဲဒီလိုချစ်ခဲ့လျှင်…

ခဏကြာသောအခါ သူဖုန်းပြန်ခေါ်သည်။ လာကိုင်တာကဘုန်းလျှံပါပဲ။ ဒီတစ်ခါတော့ ရွှေရနံ့ကိုလှမ်းခေါ်ပေးသည်။

"ရွှေရနံ့လား"

"ဟုတ်ပါတယ်"

"ကောင်းထိန်လင်းပါ"

"ဟုတ်ကဲ့"

"မနက်ဖြန် ကုမ္ပဏီပိတ်ရက်ပါ၊ ဒါပေမယ့် ကိုယ်က စားပွဲတစ်ခုသွားရမယ်၊ အဲဒီမှာအဆင်ပြေရင် လက်မှတ်ထိုးဖို့ အလုပ်ကိစ္စတစ်ခုရှိနေတယ်။ အဲဒါ ရွှေရနံ့လိုက်ခဲ့ပေးဖို့…"

ကောင်းထိန်လင်းစကားကို ရွှေရနံ့ စဉ်းစားနေခဲ့သည်။ ချက်ချင်းမဖြေ။

"ရွှေရနံ့က အားလုံးသိထားတော့ ပါရင်ပိုပြီးအဆင်ပြေမယ်"

ငြင်းရမလား လက်ခံရမလား ခေါင်းညိတ်ပြီးမှ ဘုန်းလျှံ ဘဝင်မကျဘဲတားခဲ့လျှင်… ရွှေရနံ့ ဘယ်လိုဆုံးဖြတ်ရမှန်းမသိ။

"တော်ကြာလောက်မှ ကျွန်မပြန်ဆက်ပါ့မယ်"

"ရတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



သူကလည်း သိပါသည်။ ဘုန်းလှိုင်နှင့် မွေးစားမိဘတွေနှင့် တိုင်ပင်ရဦးမှာ၊ ခွင့်တောင်းရဦးမှာ သူတို့ခွင့်ပြုမှလည်း လာဖြစ်မှာ၊ ဘုန်းလှိုင်က ခွင့်မပြုလျှင် ဘယ်ကိစ္စကိုမှ ဖွတ်မတိုးဟု ယတိပြတ် ဆုံးဖြတ်ထားပုံပင်။ ကိုယ်ကလည်း အဲဒါလေးတွေကိုပဲ လိုချင်စိတ်ပြင်း ပြသွားမိတာပါ။ ဘုန်းလှိုင်က အင်မတန်ကံကောင်းသည်။ ကိုယ်လည်း သူ့လို ကောင်းချင်သည်၊ သူကံကောင်းတာက မင်းကြောင့်။ ကိုယ်လည်း မင်းနဲ့ချစ်ခွင့်ရလျှင် ကံကောင်းလိမ့်မည်။ ကြားဖြတ်ဝင်တာတော့ မဟုတ် ပါ။ မှားနေလျှင်လည်း ခွင့်လွှတ်ပါ။ မင်း ဘုန်းလှိုင်အပေါ်ထားတဲ့အချစ်မျိုးကို ကိုယ်ခံစားကြည့်ချင်တာပါ၊ ရရှိပိုင်ဆိုင်ချင်တာပါ။

ကိုယ်ရှုံးများနေပြီလား...။ မင်းလိုအချစ်မျိုးမှ ကိုယ်မတွေ့ဘူးဘဲ။ ရှားပါးတဲ့ အချစ်တွေ မင်းဆီမှာ ကိန်းဝပ်နေတယ်လေ။

ရွှေရန့်ဆီက ဖုန်းခေါ်သံ တော်တော်နှင့် မကြားရပါ။

ဘုန်းလှိုင်က အလွယ်တကူ ခွင့်ပေးပုံမရပါ။

ကောင်းထိန်လင်းက လျှို့ဝှက်စွာ ပြုံးမိသည်။

ကုမ္ပဏီပိတ်ရက် တစ်ရက်ကလေးကိုတောင် မင်းအတွက် မပေးချင်တော့ဘူး။ ကိုဘုန်းလှိုင် ခွင့်လွှတ်ပါ။ ရွှေရန့်ကို ကိုယ့်မျက်စေ့ အောက်မှာပဲ အမြဲရှိစေချင်ပါပြီ။ ဒါတွေကို ရွှေရန့်က သိပုံမရသေးပါ။



www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၁၉ ]

သူ့လက်ထဲက ဟင်းနှင့်ဖန်းကို စားပွဲပေါ်ချကာ...

"အလုပ်ကိစ္စကလွဲရင် ဘယ်ကဖုန်းမှ ကိုယ့်ကိုခေါ်မပေးပါနဲ့" ဟုဆိုသောအခါ ရွှေရန့်ထိတ်ခနဲဖြစ်ကာ ကောင်းထိန်လင်းကို မော့ကြည့်မိသည်။

ဘုန်းလျှံအထင်တွေ မှန်များသွားပြီးလား...။ ဘုန်းလျှံကိုတော့ လုံးဝမဖြစ်နိုင်ပါဘူးဟု ကတိတွေပေးခဲ့သည်။ အာမတွေ ခံခဲ့သည်။ ကောင်းထိန်လင်း ရွှေရန့်အပေါ် ပကတိရိုးသားသည်ဟု တွင်တွင်ဆိုခဲ့ပါသည်။

ဘုရားရေ... ရွှေရန့် ပူပန်စွာ အထင်တွေမှားယွင်းကုန်ပြီလား။ ကမောက်ကမ ဖြစ်ကုန်ပြီလား စိုးထိတ်ပူပန်စွာ သူ့ကို မော့ကြည့်နေမိပါသည်။

"ကိုယ် အေးအေးဆေးဆေးပဲ နေချင်တယ်"

သူက ခပ်တိုးတိုး ဆိုလာသည်။ တဆက်တည်း...

"ကိုယ်တကယ်နှစ်သက် မြတ်နိုးရမယ့်မိန်းမ တွေ့လာပြီ" ဟု ပြောချလာသည်။ ရွှေရန့်က မျက်လွှာချကာ စားပွဲပေါ်က ဟင်းနှင့်ဖန်းကို



www.burmeseclassic.com

www.burmeseclassic.com



စူးစိုက်ကြည့်နေမိ၏။ သူ့ဖုန်းကို ရွှေရန့်ဆီအပ်ထားပြီး လာသမျှ ဖြေရှင်းနိုင်းတာ မတရားပါ။ မျှတမှုမရှိပါ။ သူ ဘာလို့ရုလို ရှောင်ထွက်ချင်တာလဲ၊ သူ့ပြဿနာကို သူကိုယ်တိုင် ရင်ဆိုင်ဖြေရှင်းသင့်ပါသည်။

တကယ့်မြတ်နိုးရမည့် မိန်းမဆိုတာ 'မွန်ရည်သူ' ကိုဆိုလိုတာလား။ ဦးမြတ်သူက သူ့ကိုအမျိုးတော်ချင်နေတာ သေချာလှသည်။ သူကရော လက်ခံလိုက်လျှောလိုက်ပြီလား...။ မကြာခင်မှာပင် သူ့အမျိုးသမီးဆိုတာကို ကြုံတွေ့ရင်ဆိုင်ရမှာလား။ ရွှေရန့်က ခုရက်တွေမှာ သူနှင့်ခပ်ခွာခွာနေသည်။ အလုပ်ကိစ္စရှိမှသာ ပြောဆိုဆက်ဆံမိ၏။ ဘုန်းလျှံ ဟိုတစ်ရက်က စိတ်တိုသွားတာကြောင့်ပါ။ ကောင်းထိန်လင်း နှစ်ခါဖုန်းဆက်တာကို မကျေမနပ် ဖြစ်ရှာသည်။ ရွှေရန့် ဘယ်လိုဖြေရှင်းရမှန်းမသိ။ အိမ်မှာချည်းနေသော လူပိုလူညံ့ တစ်ယောက်မဖြစ်ချင်လို့သာ ဘုန်းလျှံနှင့်လိုက်ဖက်ပြီး ရှေ့သွား နောက်လိုက်ညီမည့် ထက်ထက်မြက်မြက်ကလေး ဖြစ်ချင်လို့သာ အတွင်းရေးမှူးအလုပ်ကို ဝင်လုပ်ခဲ့တာပါ။

ကိုဘုန်းလျှံနှင့် ပြဿနာဖြစ်မှာမဟုတ်၊ ဆန့်ကျင်ဖို့မဟုတ်၊ ပခုံးချင်းယှဉ်ဖို့ မဟုတ်ပါ။ အမြဲတမ်း ခြေတစ်လှမ်းဆုတ်ပြီး သူ့ဦးဆောင်မှုမှာသာ လုံးခြုံကျေနပ်စွာ နေလိုသူကလေးပါ။

သို့သော်လည်းပဲ ကိုယ့်မှာဘာအရည်အချင်းမှ မရှိတာ၊ အလုပ်တစ်ခုတောင် မရှိတာကျတော့ သူလိုဆရာဝန်လောင်းရှေ့မှာ အားငယ်စရာကောင်းလှသည်။ အားမလိုအားမရလည်း ဖြစ်နေမိသည်။

နေရာတစ်ခုရှိချင်သည်။ တန်းဖိုးရှိသော၊ အလကားမနေသော မိန်းကလေးတစ်ယောက် ဖြစ်ချင်သည်။ ထက်မြက်စူးရှသော ဆရာဝန်လောင်းမလေးတွေနှင့်သိကျွမ်းဆက်ဆံနေရသော ဘုန်းလျှံအတွက် ရွှေရန့်ကိုအထင်သေးစရာဖြစ်မှာစိုးသည်။ ဒီလို စိတ်ကလေးက တွန်းအားပေးလို့လဲ အတွင်းရေးမှူး လျှောက်ခဲ့မိတာပါ။ အားလုံး ဘုန်းလျှံအတွက်ပါ။ ရွှေရန့်ရင်ထဲကိုမြင်ပြီး နားလည်စေချင်လှပါသည်။

"ရွှေရန့်"

"ရှင်"

www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ် လက်နှစ်ဖက်ထောက်ကာ ခေါ်လိုက်မှ ကိုယ်လေး ဆက်ခနဲတုန်အောင်လန့်ကာ ထူးမိပါသည်။

"ဘာတွေ တွေးနေတာလဲ"

စိုက်ကြည့်နေသော မျက်လုံးတွေက ချိုအိလွှမ်းလှသည်။ ရွှေရန့် မျက်နှာလွှဲမိသည်။ မသိချင်ယောင်ဆောင်မိတာလား။ ဒါကို သိသွား ပြီလား။ အမယ်လေး ဘာကိုသိသွားတာလဲ။ ဘာကိုမသိသလို လုပ်မိ တာလဲ။ သရဲခြောက်ခံရသလို တွန့်သွားမိ၏။ အမှန်တရားကို လက်မခံ နိုင်သလိုပါ။ စိတ်ထဲမှာခြောက်ခြားသွား၏။

"ပွင့်ပွင့် လင်းလင်းပြောရရင်"

ကောင်းထိန်လင်း စကားမဆုံးခင် ရွှေရန့် ဝုန်းခနဲထရပ်သည်။

"မပြောပါနဲ့ ကျွန်မကို နည်းနည်းပါးပါးလေးစားရင် ထပ်ပြီး မစော်ကားချင်ပါနဲ့။ ရှင်ဘယ်လိုလူဆိုတာ ကျွန်မသိနေတယ်၊ အကြောင်း သိကို ရှင် ဒီလောက်အတင့်ရဲပြီ၊ ပြောဝံ့တာ အံ့သြစရာပဲ"

သည်းမခံနိုင်စွာ အော်လိုက်မိ၏။

သိတယ်၊ မင်း ခါးသီးရွံရှာနေတာ အသိသာကြီး၊ ငါ့ကိုကြည့်တဲ့ မျက်လုံးတွေမှာ ကြောက်နေတာ၊ ရောင်ချင်တာ၊ အထင်သေးတာ မသတီတာပါပြီးသား၊ ငါခံစားမိတယ်"

"ဒါနဲ့များတောင်"

ကောင်းထိန်လင်းက ဟူးခနဲ သက်ပြင်းရှိုက်သည်။

"မင်းကို ငါရှင်းပြပါရစေ"

"မလိုပါဘူး"

"မင်း အထင်မှားနေတယ်"

ရွှေရန့်က လက်ကာပြသည်။

"ရှင်ကို ဒီတစ်သက် ကျွန်မစဉ်းစားမှာ မဟုတ်ဘူး။ ကျွန်မ အဲဒီလောက်ထိ မမိုက်မဲဘူး။ ရှင့် သပွတ်အူဇာတ်လမ်းထဲ ကျွန်မ ဝင်မကနိုင်ဘူး။ ကျွန်မ အေးအေးဆေးဆေး အလုပ်လာလုပ်တာပါ ရှင် တခြားလူရှာပါ ကျွန်မဘက် လှည့်မလာပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ပြောရက်လိုက်တာကွာ၊ ငါဒီလောက်တောင် ဆိုးနေပြီလား"

ကောင်းထိန်လင်း မခံချိမခံသာပြောသည်။

"ကျွန်မမှာ ကိုဘုန်းလျှံရှိတယ်။ သူနဲ့ကျွန်မ မကြာခင် လက်ထပ်တော့မယ်"

"သိတယ်၊ ထပ်မပြောပါနဲ့"

"သိရင် ရှေ့ဆက်မတိုးပါနဲ့"

"မင်းက ကျေးဇူးရှင်ဆိုတဲ့အသိ၊ ဆရာဝန်ဆိုပြီးမက်မောတဲ့အသိ၊ အဲဒီအသိတွေနဲ့ ဘုန်းလျှံကို ကိုးကွယ်နေတာပါ"

သူ့စွတ်စွဲချက်က ပြင်းထန်သွား၏။

"ဘယ်လိုဖြစ်ဖြစ် ရှင်နဲ့မဆိုင်ပါဘူး"

ရွှေရန့် အသံတုန်အက်သွား၏။ အသားလေးငွေ့ တဆက်ဆက်တုန်လာမိသည်။ သူနှင့် ရွှေရန့်ကြားမှာ ဘယ်တုန်းကတည်းက ဖုထစ်အုံဖွဲ့နေခဲ့သလဲ။ ချက်ချင်းကြီး ပေါက်ကွဲလာတာ မဖြစ်နိုင်၊ သူ့ကို အထင်တသေး ကြည့်ခဲ့မိသတဲ့လား...။ ခပ်ဖယ်ဖယ် နေခဲ့မိသတဲ့လား...။ သူ့သိက္ခာကို ဒီလိုအပြုအမူက ထိခိုက်စေသတဲ့လား...။ သူ့ဘက်ကလည်း ရွှေရန့်ကို မကျေမနပ် ရှိနေခဲ့ပုံပါပဲ။

"ငါ့ကိုကျတော့ အိမ်ထောင်ပျက်ဆိုပြီး ရွံရှာလန့်ထိတ် အထင်သေးပြီး ရှောင်ဖယ်ဖယ်လုပ်တယ်၊ ပွေတဲ့ရှုတ်တဲ့ လူတစ်ယောက်အဖြစ် မင်း လျှော့တွက်တယ်၊ အရောမဝင်သင့်တဲ့လူလို့ တွက်ထားတယ်"

"ဒါ ရှင်မှားနေပြီ ရှင် လျှောက်ပြောတာပါ"

"လုံးဝအထင်မဟုတ်ဘူး မင်းစကားတွေထဲမှာပါသွားပြီ၊ ငါ့ကို စဉ်းစားရင် မင်းမိုက်မဲတာပဲတဲ့၊ တကယ်လည်း မင်း ငါနဲ့ ဝေးဝေးနေတယ်၊ သတိထားနေတယ်၊ အလုပ်ကိစ္စလောက်ပဲ ပြောဆိုဆက်ဆံတယ် ဟက်ဟက်ပက်ပက်မရှိဘူး၊ ငါ့ကို လူရမ်းကားလို့ မင်း သဘောထားခဲ့တယ်"

ရွှေရန့်က သူ့ကိုစူးနေအောင် စိုက်ကြည့်လိုက်သည်။

"အိမ်ထောင်ပျက်ခဲ့တာ ငါ့အလွန်မဟုတ်ဘူး၊ သူ့အသစ်



www.burmeseclassic.com

www.burmeseclassic.com



တွေ့သွားလို့ ငါကျန်ခဲ့တာ၊ အဲဒါအပြစ်လား၊ အမှားလား၊ ရွံစရာကိစ္စလား ငါတွဲနေတဲ့မိန်းကလေးတွေကို နစ်နာအောင် ငါဘာမှမလုပ်ဘူး ငါခံနိုင်ဘူး ကွ''

ကောင်းထိန်လင်းက ဒေါသနှင့်ပြောသည်။

''ငါ့ကို အဲဒီလိုမကြည့်နဲ့၊ မဆက်ဆံနဲ့၊ ငါ လူဆိုးမဟုတ်ဘူး။ မင်းမျက်လုံးတွေရဲ့အကြည့်အောက်မှာ ငါ သိမ်ငယ်နေရမှာလား၊ ပြောစမ်း...''

သူကအေးစက်စွာ မေးလာသည်။

''ငါအခု လွတ်လပ်တဲ့ ယောက်ျားတစ်ယောက်၊ ငါ့မှာ မိန်းမ မရှိဘူး၊ ငါဘာလို့မင်းကို မမျှော်မှန်းရဲရမှာလဲ၊ မချစ်ရဲရမှာလဲ၊ ငါ့မှာ မင်းကို မျှော်လင့်ပိုင်ခွင့်၊ ကြိုးစားခွင့်ရှိတယ်ကွ၊ မင်းလည်း လွတ်လပ်တဲ့ မိန်းမတစ်ယောက်၊ ကိုဘုန်းလျှံ ကိုဘုန်းလျှံ လာမလုပ်နဲ့၊ မင်းတို့ စေ့စပ်ထားလို့လား၊ လက်ထပ်ထားလို့လား ဘာမှမဆိုင်ကြသေးဘူး''

ရွှေရန်နံ့က သူ့ကို ငြိမ်သက်စိုက်ကြည့်ကာ ခုံမှာ ပြန်ထိုင်ချသည်။ သူ့ဘက်က ရွှေရန်နံ့အပေါ် နာကျင်မြတ်နိုးနေခဲ့ပါရောလား။

နာကျင်မှုလည်းပါသည်။ မက်မောမှုလည်းပါသည်။ သူ့စကား တွေက နှစ်မျိုးဖြစ်နေသည်။

ရွှေရန်နံ့ ဘာပြောသင့်သလဲ...

စိတ်ကို ငြိမ်သက်အောင်ကြိုးစားမိသည်။

ကောင်းထိန်လင်းက ရွှေရန်နံ့ကို မမိုတ်မသုန် စိုက်ကြည့်နေ၏။

ဒီလိုအခြေနေက ရုတ်တရက်ကြီးရောက်သွားတာ၊ လုံးဝပြင်ဆင် မထားမိပါ။ စိတ်ထဲမှာ တစ်ခုခုရှိနေကြလျှင်တောင် ဒီလိုမျှင့်ထွက်စရာမလို ဟန်ဆောင်လွှာတစ်ခုနှင့် မှုမပျက် နေသွားလို့ရပါသည်။

''ဆောရီးပဲ... ကိုယ်မှားသွားတယ်''

ပြေလည်ခြင်းလမ်းကြောင်းပေါ်ကို သူ စတင်လျှောက်လှမ်းလာ သည်။ ရွှေရန်နံ့ကလည်း ပြေရာပြေကြောင်းပြောဖို့ စကားလုံး ရှာနေမိတာ ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



သူက ခုံမှာသွားထိုင်သည် ခုံနောက်မှီကို ခေါင်းလှန်ချ မှီထားလိုက်၏။

"ကျွန်မ ရှင့်ကို အထင်တသေးကြည့်မိတယ်ဆိုရင် တောင်းပန်ပါတယ်၊ ကျွန်မဘာမှ မရည်ရွယ်ပါဘူး"

ရွှေရန်နုကလည်း ကိုယ့်ဘက်က မလွန်အောင် ဆိုမိပါသည်။ ကိုယ့်ရဲ့ ခါးသီးရှောင်ဖယ်မှုဟာ သူ့စိတ်ကို နာကျင်လှုပ်ရှားစေခဲ့၍ ကိုယ်မကောင်းခဲ့တာပါပဲ။ သူ့ဘာဝနှင့်သူ ကိုယ်က ဘာကိစ္စ ရှုံ့ရှာရှောင်ဖယ်နေရမှာလဲ။ ရွှေရန်နု မှားသွားသည်။

ကောင်းထိန်လင်းပိုင်က ရုတ်တရက်ထရပ်ပြီး ခြေလှမ်းကျဲကြီးများဖြင့် ထွက်ခွာသွားပြီးမှ တံခါးဖွင့်ပြီး ပြန်ဝင်ရောက်လာကာ စားပွဲပေါ်က ဖုန်းကို ကောက်ယူသည်။ အပြင်သွားမည့် ပုံစံပါပဲ။

ရွှေရန်နုလည်းဘာမှ မမေးမိပါ။ သူကလည်း ဘာတစ်ခုမှ မမှာ။ လှမ်းပင်မကြည့်။ ချာခနဲ လှည့်ထွက်သွားသည်။

ညနေအထိ ကောင်းထိန်လင်းပိုင် မျက်စိရှေ့ ပြန်မရောက်လာတော့ပါ။ တမင်မလာတာဘဲ ဖြစ်လိမ့်မည်။ ရွှေရန်နုကို စိတ်ခုသွားတာလည်း ဖြစ်နိုင်သည်။ ဘာရယ်ကြောင့်မသိ ရင်ထဲက လေးလံလာမိသည်။ ဒီအကြောင်းအရာကို ဘုန်းလျှံသိ၍မဖြစ်။ မသိအောင်ဘဲ နေရပါမည်။ တော်ကြာ သူတို့စိတ်ပူပြီး အလုပ်ထွက်ခိုင်းတော့မှာ။

ဦးကောင်းထိန်လင်းပိုင်ကရော ရွှေရန်နုကို ခွင့်လွှတ်ရဲ့လား။ နောက်ဆိုလျှင်တော့ သူ့အပေါ် စော်ကားမော်ကား ပြောဆိုပြုမူတာမျိုး မလုပ်မိအောင် ကြိုးစားရပါမည်။

သူ့စိတ်ထဲမှာ ဒီလောက်ဖြစ်သွားလိမ့်မယ် မထင်လို့ပါ။

"ရွှေရန်နုရေ"

"ရှင်... ဦးအေးမြင့်"

"ဦးကောင်းထိန်လင်းပိုင် အိမ်ပြန်သွားပြီတဲ့"

"ဩော်... ဟုတ်ကဲ့"

ဦးအေးမြင့်ကိုတော့ သူမှာသွားခဲ့သည်။ ရွှေရန်နုရင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



မတင်မကျနှင့် တစ်ခုခုကို 'ထင့်'နေသည်။ ဘုန်းလျှံကိုလည်း မပြောခဲ့၊ ဦးကောင်းထိန်လင်းပိုင်နှင့်လည်း ထပ်ပြဿနာမဖြစ်ရဲ၊ ဘယ်လိုနေရမှန်းပင် မသိတော့။ ဦးကောင်းထိန်လင်းပိုင်ပြောခဲ့သော စကားများကိုလည်း နားထဲပြန်ကြားယောင်လာမိပါသည်။ သူ့အသံက ခံစားမှုပါသည်၊ ပေါ့ပျက်ပျက်မဟုတ်။

သူ ဘယ်တုန်းကပြောင်းလဲသွားပါလိမ့်…။ ဒါမှမဟုတ် သူ့စိတ်ကို ရွှေရန့်က နားမလည်တာ။ မြင်ရသလောက်သာ သုံးသပ်မိတော့ အပေါ်ယံလေးပဲ ဖြစ်သွားသည်။ သူ ရွှေရန့်ကို အဲဒီလောက်ထိ ဒေါသဖြစ်နေမှန်း လုံးဝမရိပ်မိခဲ့ပါ။ အပြစ်ရှိသည်ဟုလည်း မတွေးမိခဲ့ပါ။ မယူဆခဲ့မိပါ။ ကိုယ့်ဘက်က ဘာတစ်ခုမှ မမှားခဲ့ဟုသာ ထင်ထားခဲ့သည်။

ညအိပ်ရာဝင်ချိန်ထိ ရွှေရန့် အတွေးတွေ ရှုပ်ယှက်ခတ်နေခဲ့၏။

နောက်တစ်နေ့မနက်မှာတော့ ရွှေရန့် ရေချိုးပြင်ဆင်ပြီးချိန်မှာ မမျှော်လင့်ဘဲ ဦးကောင်းထိန်လင်း ရောက်လာခဲ့သည်။

ဧည့်ခန်းမှာ ဧည့်သည်ရောက်နေတာ ကြီးမေကလာပြောခဲ့ပါသည်။ ရွှေရန့် မျက်လုံးဝိုင်းကာ ဆင်းလာကြည့်မိသောအခါ တကယ်ပဲ ဦးကောင်းထိန်လင်းကို မြင်ရသည်။ ရေချိုးပြီးထွက်လာသော ဘုန်းလျှံကလည်း ဧည့်ခန်းထဲရောက်လာ၏။ ဒေါ်လေးဘက်ကတော့ ဝတ္တရားကျေစွာ ကော်ဖီတစ်ခွက်နှင့် ဧည့်ခံပေးပါသည်။

"ရွှေရန့်"

"ဟုတ်ကဲ့… ပြောပါ"

အိမ်အထိ လိုက်လာတာကို တစ်စက်မှမကြိုက်တာ ရွှေရန့် အကြည့်မှာ ပေါ်လွင်နေသည်။ ဘုန်းလျှံက ရွှေရန့်ကိုကြည့်နေ၏။ အကဲခတ်နေတာလား မသိပါ။ ကောင်းထိန်လင်းပိုင်က တည်ငြိမ်စွာပြုံးသည်။ သူ့အပြုံးတချို့က ချိုပေမယ့် စိတ်ထဲမှာချဉ်မိ၏။ ကြည့်မရပါ။



www.burmeseclassic.com

www.burmeseclassic.com



အလိုလိုနေရင်း မှန်းမိသည်။

"အရေးကြီးတဲ့ စာရင်းတချို့လိုချင်လို့ အဲဒါ ရွှေရန့် ကွန်ပျူတာထဲက လိုက်ထုတ်ပေးပါဦး၊ ကိုယ် ဂိုဒေါင်ဘက်ခဏသွားရမယ်၊ ပဲတွေဝယ်မယ့်ကိစ္စ၊ ပြီးတော့... မန်ကျီးသီးပို့ထားတဲ့စာရင်းလည်း လိုချင်တယ်။

ကောင်းထိန်လင်းပိုင်က နည်းနည်းကလေးမှ ဟန်မပျက်၊ ပိရိစွာ သည်။ အလုပ်ကိစ္စနှင့် အရေးတကြီး လာရောက်ရသလိုပါ။ မနေ့တုန်းကသာ သူ့စိတ်အမှန်ကို မသိခဲ့လျှင် ရိုးရိုးသားသား ဝင်လာတာပဲဟု ထင်ချင်ထင်ဦးမှာ။ သူ့ခြေလှမ်းကို မြင်သည်။ သူ့သဘောကို နားလည်သည်။ သူ့ရည်ရွယ်ချက်ကို မှန်းမျက်မိပါသည်။ ရွှေရန့်ကို လျှော့တွက်လှချည်လား။

ဒီလောက် လွယ်ပါ့မလား။ ဒေါ်ရွှေရတီနေရာမှာသာ အစားထိုးနှစ်သိမ့်ဖို့ ကြိုးစားနေရင် ရုတ်သိမ်းလက်လျှော့လိုက်ပါ။

"မြန်မြန်လုပ်နော် ကိုယ်အရေးကြီးလို့ပါ"

အမိပ္ပာယ်မရှိလိုက်တာ၊ ဒါအလုပ်ချိန်လား။ သူစဉ်းစားမိရဲ့လား။ ဒီမနက်ခင်းဟာ ရွှေရန့်ပိုင်ဆိုင်သော ကိုယ်ပိုင်သီးသန့် အချိန်ပါ။

ရွှေရန့်က ပေကပ်ကပ်ရပ်နေသည်။ တကယ်ပဲ အလုပ်ကိစ္စ အရေးကြီးနေတာမှန်ရင်တောင် တမင်အိမ်အထိ လာကြိုချင်သော ပိုင်စိုးပိုင်နင်းစိတ် ပါကိုပါရမည်။ သူကျိမ်တွယ်ပြောလည်း မယုံ။ အတွင်းစိတ်ကို မြင်ခဲ့ပြီးသား မဟုတ်လား။

ရွှေရန့်က အခန်းထဲပြန်ဝင်လာပြီး မှန်တင်ခုံရှေ့မှာ ထိုင်ချလိုက်၏။ သူ့လုပ်ရပ်ကို ဒေါသဖြစ်မိသည်။ ဘုန်းလျှံက မျက်နှာပျက်နေသည်။

အံကြိတ်ကာ ဒေါသကို မျိုချပစ်သည်။

ဘုန်းလျှံနဲ့ ရွှေရန့်အကြားမှာ ဝင်ရှုတ်လို့ကတော့ ရှင့်ကို အမုန်းကြိတ်ပစ်မယ်။ တစ်သက်ခွင့်မလွှတ်ဘူး...။

အေးစက်စွာ မှန်ထဲစိုက်ကြည့်ရင်း တွေးမိ၏။ စူပုတ်နေသော ရွှေရန့်မျက်နှာလေးကို ကောင်းထိန်လင်းပိုင်က လှမ်းကြည့်မိကာ အသည်းတရ ပြုံးမိပါသည်။ သူ့ကို စကားမဆိုဘဲ အေးစက်စက်လုပ်ကာ စိတ်ဆိုး

www.burmeseclassic.com



ပြနေသည်။

အိမ်အထိ သွားခေါ်မိတာကို လုံးဝကျေနပ်ပုံမရ။

သူကလည်းသူပါပဲ။

အရှုံးအမှုး ဖြစ်မိပြီ။

ဘယ်လောက်မှ မကြာလိုက်သော အချိန်ကာလတစ်ခုမှာ ရင်ထဲကို ပိုင်ပိုင်ချဉ်းနင်းဝင်ရောက်လာတာ ကြည်ဖြူခွင့်ပေးမိပြီးသား။

ဘာလို့ ခုလောက်မြန်မြန် နှစ်သက်သဘောချာသွားခဲ့သလဲ။

ရိုးသားဖြူစင်မှု၊ သစ္စာရှိမှုနှင့် ချစ်တတ်လွန်းတာကို အမှတ်ပေးခဲ့မိတာလား။ အစကဆို မိန်းကလေးတစ်ယောက် 'လှ'နေမှ သူ စိတ်ဝင်စားသည်။ တော်ရုံတန်ရုံအလှနှင့်ဆို မျက်လုံးထဲမရောက်။

လှတာမက်သည်ပဲဆိုရမလား။ ဒါတွေ ခုတော့မေးမိန်ကုန်သည်။ သာမန် ရုပ်ရည်ကလေးနှင့် ကောင်မလေးကို သူ လုံးဝဆုံးရှုံးမခံနိုင်အောင် တွယ်ငြိမြတ်နိုးနေမိပါပြီ။

"ရွှေရန့်"

သူခေါ်တာကို မထူး။ လှည့်လည်း မကြည့်။

"နောက်ဆိုဘယ်တော့မှ လာမခေါ်ပါနဲ့၊ ဘာကိစ္စ အရေးကြီး ကြီး ကျွန်မ မလိုက်နိုင်ဘူး၊ ဒီအကြိမ် နောက်ဆုံးဖြစ်ပါစေ"

"ပြတ်သားလှချည်လား"

"ရှင့် အချိန်ကုန်မခံပါနဲ့၊ လုံးဝဖြစ်လာမှာ မဟုတ်ဘူး"

အပြတ်ပြောပုံက သူရင်ထဲအောင့်သွားသည်။

"ရွှေရန့် ကိုယ့်ကို နည်းနည်းလေးမှ စိတ်မဝင်စားဘူးလား"

"သိပ်သေချာတာပေါ့"

"ဘာကြောင့် သေချာတာလဲ"

"ကိုဘုန်းလျှံ ရှိပြီးသားဂိုလို့ပေါ့"

ဘွင်းဘွင်းရှင်းရှင်း ပြောတတ်တာက ဖြူစင်မှုဆိုပေမယ့် သူ့ရင်ကို ဖြတ်ရိုက်လိုက်သလို အထိနာစေသည်။

"ကိုယ့်ကို အသိအမှတ်ပြုသင့်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း မဖြစ်နိုင်ပါဘူး"

"ကိုယ် တစ်ဖွတ်ထိုး မဆန်ချင်ဘူး၊ ပြီးတော့ လူရမ်းကား မဖြစ်ချင်ဘူး၊ အတင်းအကြပ် လုမယူချင်ဘူး၊ မင်း ကျေနပ်စွာ လက်ခံတာကိုပဲ လိုချင်တာပါ၊ ကိုယ့်ကို အပြစ်ဖြစ်အောင် မတွန်းပို့ပါနဲ့"

"ရှင် နောက်ဆုတ်ပေါ့၊ လုံးဝမဖြစ်နိုင်ဘူး၊ ကျွန်မ ဒီထက်လည်း မငြင်းတတ်တော့ဘူး၊ ရှင့်ကို ဘယ်တော့မှ မစဉ်းစားဘူး၊ စိတ်ကူးလို့ကို မရဘူး"

သူ့မျက်နှာ တဖြည်းဖြည်း ပျက်သထက် ပျက်လာသည်။

"ကိုယ် နောက်ဆုတ်လို့ မရတော့ဘူး"

"ဘာ"

"ရှေ့ပဲတိုးမယ်၊ ဘယ်တော့မှ နောက်မဆုတ်ဘူး၊ ကောင်းထိန်လင်းပိုင်ဘဝမှာ လိုချင်လျက်နဲ့ နောက်ဆုတ်တာမရှိသေးဘူး"

ရွှေရန့်က မျက်လုံးလေး ပြူးပြီးလှည့်ကြည့်သည်။ ကိုယ့်သဘောထားကို ပွင့်လင်းစွာ ပြောလိုက်ကြပြီမို့ နှစ်ယောက်စလုံး အခြေအနေကို နားလည်သွား၏။ သူ့ပုံစံက ရဲတင်းစွာ ခေါင်းမာစွာ ရှေ့တိုးမည့်ပုံပါလား...။ ခုမှ ရွှေရန့် တကယ်ကြောက်မိသည်။

"ကျွန်မ ရှင့်အလုပ်က ထွက်မယ်"

"ဘာ"

ဒီတစ်ကြိမ် တုန်လှုပ်သွားမိသူက ကောင်းထိန်လင်း။ ရွှေရန့်က ထင်ထားတာထက် မာကျောပြတ်သား အေးစက်နေသည်။

"မနက်ဖန် ကျွန်မ အလုပ်မဆင်းတော့ဘူး"

"တကယ်လား"

သူက သေချာအောင်မေးသည်။

"သိပ်သေချာတာပေါ့၊ ကျွန်မ အသက်ရှင်နေသရွေ့ ကျွန်မ ချစ်သူဟာ ကိုဘုန်းလျှံပဲ ဖြစ်ရမယ်၊ ဘယ်တော့မှ မပြောင်းလဲဘူး"

"ကိုယ်ကလည်း မင်းကိုပဲ ရအောင်ယူမယ်"

"ကျွန်မနဲ့ ကိုဘုန်းလျှံကို ဟန့်တားပျက်စီးမယ့်ကိစ္စဆို ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



အသက်နဲ့လဲပြီး ကာကွယ်သွားမယ်၊ ရှင်လွယ်လွယ်ရမယ် မထင်နဲ့...''

သူတို့နှစ်ဦးကြားမှာ တင်းမာသော စိန်ခေါ်မှုတစ်ခု ဖြစ်ထွန်းသွားပေ၏။

''ကိုယ့်ဘက်ကလည်း မင်းကိုဘယ်နည်းနဲ့မှ ဆုံးရှုံးမခံနိုင်ဘူး။ ကိုယ် မင်းကိုပိုင်ဆိုင်ချင်တာ ချစ်လို့ပါ''

''မပြောနဲ့ မကြားချင်ဘူး''

ခေါင်းရမ်းငြင်းဆန်မိပါသည်။

''မင်းစိတ်ထဲမှာ ကိုယ့်ကို တကယ်မုန်းသလား''

''မုန်းစရာလည်းမလိုဘူး၊ ချစ်စရာလည်းမလိုဘူး''

''မင်းချစ်လာအောင် ကိုယ်ကြိုးစားမယ်''

''ဒီတစ်သက်တော့ မဖြစ်နိုင်ဘူး၊ ကျွန်မအချစ်တွေအားလုံး ကိုဘုန်းလျှံအတွက်ပဲ ပုံပေးထားလိုက်ပြီ''

''ရပါတယ်''

သူကပြုံးထေ့ထေ့ဆိုသည်။

''မင်းရင်ထဲမှာ နောက်ထပ် အချစ်သစ်တွေဖြစ်လာအောင် ကိုယ်လုပ်နိုင်ပါတယ်''

''ရှင့်ကိုရှင် သိတ်အထင်မကြီးပါနဲ့၊ ကျွန်မ ရှင်တွေ့ဖူးတဲ့မိန်းမတွေလို မဟုတ်ဘူး၊ နားလည်ရဲ့လား''

''နားလည်တာပေါ့၊ သိပ်ဟုတ်တယ်၊ တခြားကိုယ်တွေ့ဖူးတဲ့ မိန်းမတွေနဲ့ မတူတာကြောင့်လည်း မင်းကို ကိုယ် အရယူချင်တာပေါ့''

''သိပ်ကြောက်စရာကောင်းပါလား၊ လောဘနဲ့ ပိုင်ဆိုင်ချင်စိတ်ရှိတယ်၊ မြင့်မြတ်သန့်စင်တဲ့ အချစ်ဆိုတာ ရှင် နားမလည်ပါဘူး''

''ဟုတ်ပါတယ်၊ လောဘကြီးနေတယ်၊ မှန်တယ် ကိုယ် ဝန်ခံပါတယ်၊ ကိုယ်ကဆုံးရှုံးထားတယ်၊ ဝေတ်မွတ်ဆာလောင်နေတယ်၊ မေတ္တာစစ်ရနိုင်မယ့်နေရာကို ရှာဖွေတမ်းတနေတယ်၊ ကိုယ် တွေ့လာပြီ လုံးဝလက်လွှတ်မခံနိုင်ဘူး''

''ရှင် ကြားဖြတ်လုယူချင်နေတာ တရားရဲ့လား''



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ကိုယ်မသိဘူး"

"ရှင့်ဆန္ဒ ဘယ်တော့မှ ပြည့်မှာမဟုတ်ဘူး"

ရွှေရန့်က ပိတ်ပြောပြီး တဖက်လှည့်နေ၏။ မနက်ဖန်ကစပြီး အလုပ်ထွက်ဖို့ ဆုံးဖြတ်ချက် တိခနဲချလိုက်သည်။ မတွေ့ဝေတော့ပါ။ သူ့အနားမှာ မနေချင်တော့ပြီ။ သူ့လောဘကို လန့်မိပါသည်။

သို့သော် ရွှေရန့်က သူ့ကိုလျော့တွက်ထားမိသည်။ သူ့ အစီအစဉ်ကို လုံးဝမရိပ်မိခဲ့ပါ။

ကောင်းထိန်လင်းပိုင်က ရွှေရန့်ထက် သျှင်သည်၊ ပါးသည်၊ လည်သည်၊ မနက်ဖန်ဆိုသော မသေချာမှုကို သူကစောင့်မှာတဲ့လား။ ခေါင်းထဲမှာ ဆက်တိုက်ကြံစည်ရေးဆွဲနေသည်။

ရွှေရန့်ကို ဘယ်နည်းနဲ့မှ သူ ဆုံးရှုံးမခံနိုင်။

ရအောင်ယူမည်။ တစ်သက်လုံး ချစ်မည်။

သူ မတရားဘူးထင်ရင်လည်း ထင်ပါစေတော့။

သူ့ဘဝအတွက် ရွှေရန့်ကိုသာ သူကစောင့်တမျှော်လင့်မိတော့သည်။ ရွှေရန့်ကလွဲပြီး တခြားမိန်းကလေးတွေ သူ စိတ်မဝင်စားတော့ပါ။ ရွှေရန့်က သူ့အာရုံကို ဖမ်းစားနိုင်သည်။ သူ့စိတ်ကို ထိန်းချုပ်နိုင်သည်။ သူ့ဘဝကို ပြုပြင်ဖန်တီးနိုင်သည်။ သူ့တွေးခေါ်မှုကို ပြောင်းလဲရင့်ကျက်စေပါသည်။ လက်ထပ်ခဲ့ဖူးသော ရွှေရတီကို သူ ခုလောက်မမြတ်နိုးခဲ့ပါ။ ကိုယ်ဒီလောက်ဖြစ်နေမိတာ ဘယ်လို လုပ် အဝေးခံနိုင်မှာလဲ ရွှေရန့်ရယ်။ နားလည်ခွင့်လွှတ်ပေးပါ။

မနက်ဖန် အလုပ်ထွက်မယ်ဆိုတာ ခြိမ်းခြောက်စကားကြောင့်လည်း သူခုလို ယတိပြတ်ဆုံးဖြတ်လိုက်တာဖြစ်သည်။

ရွှေရန့်ကို သူမခွဲနိုင်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၂၀ ]

"သား ဦးကောင်းထိန်လင်း ဟင်းနှံဖုန်းကို ဆက်ကြည့်ပါဦး"

ဘုန်းလျှံက မေမေ့ကို ပြန်ဖြေမိသည်။

"ဆက်ပြီးပြီ၊ လေးငါးဆယ်ခါရှိနေပြီ၊ မရဘူး၊ စက်ပိတ်ထားလားမသိဘူး၊ ကျွတ်... ရုံးရော၊ အိမ်ရော၊ ဟင်းနှံဖုန်းရော သားအကုန်ဆက်တာပဲ၊ ဒုက္ခပဲဗျာ ရွှေရန့် ဘာဖြစ်နေပြီလဲမသိဘူး"

ဘုန်းလျှံ့အသံက စိုးရိမ်ပူပန်မှု အပြည့်။ နာရီကို လှမ်းကြည့်မိ၏။ ည ခုနစ်နာရီကျော်ပါပြီ။ ဘာတွေဖြစ်ကုန်ပြီလဲ။ ဘုန်းလျှံ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။

ရင်ထဲမှာ ပွက်ပွက်ဆူနေပြီ။

"ဖေဖေ ဝင်ကြိုတော့ ရုံးမှာ ဘယ်သူမှ မရှိတော့ဘူးတဲ့"

မေမေလည်း ခြံအဝင်ဝလှမ်းမျှော်ကာ ထိတ်ထိတ်ပျာပျာ ဖြစ်နေ၏။

"ဘာလုပ်ရင် ကောင်းမလဲ ဖေဖေ"

ဖေဖေက ခုံမှာ ငြိမ်ငြိမ် ထိုင်စဉ်းစားနေသည်။

"ဘာဖြစ်မှန်း မသိဘဲ ဘာကို ဘယ်လိုလုပ်ရမှာလဲသားရဲ့"



www.burmeseclassic.com

www.burmeseclassic.com


"ရွှေရန်နဲ့ကကွယ် ဖုန်းလေးဘာလေး မဆက်ဘူး"

မေမေက တဖွဖွ အပြစ်တင်နေသည်။

"တစ်ခုခု ဖြစ်နေရင်တော့ ဆိုင်ရာကို အကြောင်းကြားတာ ကိစ္စမရှိဘူး၊ ဘာမှမဟုတ်ဘဲ ဒီအတိုင်း နောက်ကျနေတာဆိုရင်ရော"

"ရိုးရိုး မဖြစ်နိုင်ဘူး မေမေ"

"ဟော..."

ဘုန်းလျှံအပိုင်ပြောလိုက်တာကို ဖေဖေ အံ့အားတသင့်ရှိ၏။

"မနက်ကတည်းက သား ထင်တော့ထင်တယ်၊ ဟိုလူကြီးက အိမ်အထိလာခေါ်တယ်။ နည်းနည်းကို ပိုနေတယ်၊ အလကားသက်သက် အကြောင်းမရှိအကြောင်းရှာ ဖုန်းဆက်တယ်၊ သား လုံးဝမယုံဘူး"

"ဟုတ်ရဲ့လားကွယ်"

မေမေက သမရိုးကျတွေးနေသည်။ ဦးကောင်းထိန်လင်း အကြောင်း မသိရှာ။

"ရွှေရန်နဲ့ကလည်း သား အူတိုမှာစိုးလို့ စိတ်ပူမှာစိုးလို့ ဖုံးဖုံးဖိဖိနဲ့ ဘာမှမပြောဘူး၊ သူ့မျက်လုံးတွေက လျှို့ဝှက်ချက်ရှိမှန်း သားသိတာ ပေါ့ဗျာ"

"ဒါများသားရာ... မင်းက မိဘတွေကို ဖွင့်တိုင်ပင်ပါလား"

ဖေဖေက သူ့ကို အားမရစွာ ဆိုသည်။

"ဒီလောက်ထိ ဖြစ်မယ်မထင်လို့ပါ"

"အင်း... ဒါဆိုရင်တော့ သမီးလေးတစ်ခုခုဖြစ်နေပြီလား"

ခုမှ မေမေက ပိုပြီး စိုးရိမ်သွားရှာသည်။ ဆက်စပ်တွေး မိသွားသည်။

"သက် မင်းစိတ်အေးအေးထားပါ၊ ငါတို့သမီးက ငါတို့သမီးပေါ့ ဘာပဲဖြစ်ဖြစ် ငါတို့ခွင့်လွှတ်ရမယ်၊ ဖြေရှင်းရမယ်"

"ဒုက္ခပါပဲ အရှင်ဘုရား စောင့်ရှောက်ပါ၊ ရှင်တို့ဘာလဲ နေကြတာလဲ ရှာကြဦးလေ၊ ရွှေရန်နဲ့ ဒီလိုပဲနေမှာမဟုတ်ဘူး ဘာမှဖြစ်ရင် သူဖုန်းဆက်မှာပဲ"


www.burmeseclassic.com

www.burmeseclassic.com



စေ့စေ့တွေးလေ တိတိကျကျ ဖြစ်လာလေပါပဲ။

မေမေ ဘုရားတကာ ပူပန်မှု အထွတ်အထိပ် ရောက်သွား၏။ ဘုန်းလှျံက ခေါင်းငိုက်စိုက်နှင့်ထိုင်နေမိသည်။

အစကတည်းက ကိုယ်တားခဲ့သင့်တယ် ရှေ့ရန့်ရယ်။ ကိုယ်မှားသွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၂၁ ]

ရွှေရန့်က သူ့ကို စူးစူးရဲရဲ ကြည့်သည်။

''ရှင် အရမ်းမှားနေပြီ၊ ရှင်ဒီလိုလုပ်တာနဲ့ ကျွန်မကို ပိုင်ဆိုင်ရရောတဲ့လား၊ ရှင်ဘယ်နှစ်ရက် ဖွက်ထားမလဲ၊ ဒီမှာ ဘယ်နှစ်ရက် နိုးဝှက်ထားနိုင်မှာလဲ၊ ရှင့်အိပ်မက်တွေ တစ်နေ့နေ့ လန့်နိုးမှာပဲ''

နာကျည်းစွာ ပြောမိသည်။ ကောင်းထိန်လင်းကို မုန်းသည်။ ခွင့်မလွှတ်နိုင် အသည်းထဲနာလှသည်။ ယူကျုံးမရ ခံစားရသည်။

သူ့ကို မနက်ဖန် အလုပ်မဆင်းတော့ဘူးဟု ဒေါသနှင့်ပြောမိတာ အရမ်းမှားသွားသည်။ ဒီစကားကို သူအရမ်း စိုးရိမ်ခြောက်ခြားသွားသည်။

ရွှေရန့်ကို ထားရစ်ပြီး သူတစ်နေကုန်အပြင်ထွက်သွားသည်။ ညနေပိုင်း ပြန်ရောက်လာတော့ အလုပ်ကိစ္စတစ်ခု ပါလာခဲ့သည်။ ထိုကိစ္စအတွက် ရွှေရန့်ရယ်၊ ဦးအေးမြင့်ရယ်၊ မနီလာရယ်ကို သူခေါ်သွားခဲ့ပါသည်။ ရွှေရန့်လည်း ဦးအေးမြင့်နှင့် မနီလာပါတာကြောင့် နည်းနည်းလေးမှ စိတ်မပူခဲ့ပါ။ သူခုလို လုပ်လိမ့်မည်ဟုလည်း မထင်ခဲ့ပါ။ တစ်စက်ကလေးမှ မတွေးခဲ့မိပါ။ လမ်းမှာကားခဏရပ်ပြီး မနီလာကို စာချုပ်ဆင်းဝယ် ခိုင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် လုံးဝမေ့သွားတယ်ကွာ၊ နီလာပဲ ဝယ်လိုက်ပါ"

မနီလာက စာချုပ်ဝယ်ဖို့ စတိုးဆိုင်ထဲ ဝင်သွား၏။ ပြီးတော့ ဦးအေးမြင့်ကို စီးကရက်ဝယ်ခိုင်းသည်။ ဒီအထိ ရွှေရန့် သံသယမဖြစ်သေးပါ။ သူ့အကြံအစည်ကို သိလျှင် မနီလာနှင့် စတိုးဆိုင်ထဲ လိုက်သွားမိမှာပါ။

ဦးအေးမြင့် ဆင်းသွားပြီးမှ ဂူးခနဲမောင်းထွက်လိုက်သောကားထဲ ရွှေရန့်တစ်ဦးတည်းပါလားဆိုပြီး လန့်ဖြန့် ရင်တုန်သွားရသည်။

"ဒါဘယ်လဲ"

ကြောက်တာကို ဖုံးဖိပြီး မေးလိုက်၏။

"မင်းကို ခိုးပြေးတာပေါ့"

"ဘာ"

သူ့အဖြေက ရှင်းလွန်း ပြတ်လွန်းသည်။

ကားက တရိပ်ရိပ်ပြေးနေသည်။ ခုန်ချရဲလောက်အောင် ရွှေရန့်မှာ သတ္တိမရှိပါ။

"ရှင် ရူးနေလား"

"ဟုတ်တယ်၊ မင်းမနက်ဖန် မလာတော့ဘူးဆို ငါဘယ်လိုနေရမလဲ၊ မင်းပြောပါဦး"

"ဟာ ရှင်တကယ်ပဲ အောက်တန်းကျလှချည်လား"

"ပြော… ပြော ကြိုက်သလိုပြော"

ရွှေရန့် သူ့ကို စားမတတ်၊ ဝါးမတတ် ကြည့်နေမိ၏။

"ကဲ ကျွန်မ မနက်ဖန်လာမယ်၊ ခု အိမ်ပြန်ပို့ပါ"

သူ့ကို ကြည့်ပြီး ရွှေရန့် တစ်ဆင့်လျှော့လိုက်၏။

"အတင်းအကြပ် မလုပ်ပါနဲ့ ကျွန်မ မကြိုက်ဘူး"

"ဆောရီး"

သူက နူးညံ့စွာ တောင်းပန်သည်။

"ဒီအထိ ကိုယ်စီစဉ်ပြီးမှ လုံးဝ ပြန်မလှည့်နိုင်တော့ဘူး"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



မယုံနိုင်အောင် အံ့ဩမိရင်း တထိတ်ထိတ် ရင်ထဲပူလာ၏။ သူက အစီအစဉ်နှင့်ဆိုပါလား။ ရွှေရန့် ဘာလို့မသိခဲ့သလဲ၊ ဘာလို့ ဒီလောက် ညံ့တာလဲ၊ မနက်ကတည်းက သူနှင့်ရွှေရန့် စိန်ခေါ်ခဲ့တာ။ ခုတော့ သူ့အကြံ အောင်သွားပြီလား။ ရွှေရန့်က အရှုံးပေးအညံ့ခံရမလား။

ဘယ်နည်းနှင့်မှ မဖြစ်နိုင်။

လေးလေးနှင့် ဒေါ်လေးခင်ကို မြင်ယောင်လာမိသည်။ ဘုန်းလှ့ကို သတိရသည်။ မှားပြီ…။ ဘုန်းလှ့ကို မပြောဘဲ ချန်ထားခဲ့တာ၊ ဘာမှမဖြစ်သလို နေခဲ့မိတာ သိပ်ကိုမှားသွားပြီ။

နောင်တက ရင်ထဲ ဆောင့်တက်လာသည်။

"ကိုယ့်အိမ် သန်လျင်ဘက်မှာရှိတယ်၊ အဲဒီမှာ လေးငါးရက် သွားနေမယ်၊ ပြီးရင် အားလုံး မင်းစိတ်တိုင်းကျ၊ မင်းသဘောကျ ဖြစ်စေရမယ်၊ ကိုယ့်ကို ခွင့်လွှတ်နားလည်ပေးပါ"

"ရှင် တော်တော်ယုတ်မာပက်စက်ပါလား"

ကောင်းထိန်လင်းပိုင်က ဘာပြောပြော ငုံ့ခံနေဖို့ ဆုံးဖြတ်ပြီးပုံ ရလေသည်။ ရွှေရန့် ဘာများတတ်နိုင်မှာလဲ။

သို့သော်…

သူ့ကို ဘယ်တော့မှ ရွှေရန့် မချစ်ဘူး၊ လက်မထပ်ဘူးဆိုတာကိုတော့ သူ တစ်နေ့နေ့ သိလာမှာပါ။ ထိုအခါကျလျှင် ရွှေရန့်၏စိတ်ကို သူ လုံးဝနားလည်သွားလိမ့်မည်။

သူ တဖွတ်ထိုးဆန်မှုတွေအားလုံး နိဂုံးချုပ်သွားရလိမ့်မည်။

သူပိုင်ဆိုင်သော တိုက်ကလေးကို ရွှေရန့်တို့ ရောက်သွားသော အခါ မိုးချုပ်စပြုခဲ့ပြီ၊ ရွှေရန့်ရင်ထဲမှာတော့ မုန်တိုင်းတစ်ခု အရှိန်ကောင်းနေဆဲပါ။ လေးလေးတို့ စိတ်ပူနေကြတော့မည်။ သူ့လက်က ရွှေရန့် လွတ်ပါ့မလား…။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ရွှေရန် တောင်းပန်ရမလား။ ရှန်းကန်ထွက်ပြေးရမလား...။

ခုထက်ထိ အခြေအနေက အေးအေးဆေးဆေး ရှိနေသည်။ ထွက်ပြေးဖို့ကြိုးစားမှ ပိုပြီးဆိုးရွားသွားလျှင်...

"မင်း စိတ်အေးအေးထားပါ"

သူက ဟင်းနဲ့ဖုန်းကိုလည်း ဘယ်သူမှ ခေါ်မရအောင် ပိတ်ထား လိုက်သည်။

"ကျွန်မကို ပြန်ပို့ပေးပါ ဦးကောင်းထိန်လင်း"

"ငါ မလိုက်လျောနိုင်တာ အဲဒီတစ်ခုတည်းပါပဲ"

"ဒါဆိုရင် ကျွန်မ လေးလေးတို့ဆီ ဖုန်းခေါ်ပါရစေ၊ သူတို့ စိတ်ပူကြလိမ့်မယ်"

ဦးကောင်းထိန်လင်းပိုင်က ခေါင်းရမ်းသည်။

"ရှင့်ကို ကျွန်မ အံ့သြတယ်၊ ရှင့်မှာ လူစိတ်မရှိဘူး"

မျက်ရည်ဝဲတက်လာရင်း ဆိုမိသည်။

"မငိုပါနဲ့ မင်း မငိုတတ်ဘူးဆို"

ရွှေရန့် မျက်လုံးအိမ်တွေ စိုစွတ်လာတာ သူ သတိထားမိ၏။

"ရှင် ကျွန်မကို တကယ်ချစ်ရင် ဒါမျိုးမလုပ်သင့်ဘူး"

ဝမ်းနည်းအားငယ်စွာ တောင်းပန်မိပါသည်။

"ကိုယ့်စိတ်တွေ ယိုင်သွားအောင် မင်း မထိုးနှက်ပါနဲ့ ရွှေရန့်"

ကောင်းထိန်လင်းပိုင်က ရွှေရန့်ဆံပင်လေးတွေကို မြတ်နိုးစွာ ကိုင်တွယ်ကြည့်သည်။ သူ့အကြည့်တွေမှာ စိတ်ထိခိုက်ခြင်း ပါသည်။

"ငါ... မင်းမရှိရင် မဖြစ်လို့ပါ"

နင့်စွာဆိုသည်။ သူ့အသံက ကရုဏာသံနှင့် အကြင်နာပါသည်။

"ငါ မင်းကို မခွဲနိုင်လို့ပါ"

ရွှေရန့်က ပင့်သက်ရှိုက်ပြီး သူနှင့်ခပ်ခွာခွာ သွားရပ်သည်။ သူကရွှေရန့်ဘေးကို လျှောက်လာပြီး ဘေးကန်ရံကို လက်ထောက် ထား၏။

ရွှေရန့် ကိုယ်လုံးလေးကျုံ့ကာ အနေခက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘုန်းလှိုကို ချစ်သလို ငါ့ကိုချစ်ပါ"

သူ့စကားက အဓိပ္ပာယ်မရှိ၊ အူကြောင်ကြောင်နိုင်လွန်းပါသည်။

"ငါ မင်းရဲ့ ခန့်နားလွန်းတဲ့ အချစ်ကိုရရှိချင်တယ်"

"ရှင် ဘာလို့ ဒီလောက် နားဝေးနေရတာလဲ၊ ဟင်..."

စိတ်ပျက်စွာမေးမိသည်။ မရနိုင်မှန်းသိလေ ပိုလိုချင်လေ ဖြစ်နေတာလား။

"ရှင့်မှာ မိန်းမ မရှားပါဘူး၊ ရှင် ဘယ်သူ့ကိုယူယူ ရပါတယ်၊ အမျိုးတော်ချင်သူလည်း အဆင်သင့်၊ ရှင့်ကို မျှော်မှန်းနေသူလည်း ရှိသားပဲ၊ ရှင် ဒုက္ခမရှာချင်ပါနဲ့၊ ကျွန်မမှာလည်း ချစ်သူရှိပြီးသားပါ၊ ရှင် စိတ်ကောင်းထားပြီး ပြန်ပို့ပေးပါ၊ ကျွန်မ တောင်းပန်ပါတယ်"

ရွှေရနံ့ ဘယ်လိုပြောပြော သူက လက်မခံပါ။ ခေါင်းခါငြင်းသည်။

"ကိုယ် မင်းကို ချစ်တယ်"

"ဟင့်အင်း ရှင် ကျွန်မကို မထိပါနဲ့"

လက်မောင်းကို ဖမ်းဆုပ်လာသည့်လက်ကို ဖယ်ချမိပါသည်။

"မင်း ကိုယ့်ကို ဘုန်းလှို တစ်ဝက်လောက်ပဲချစ်လည်း ကိုယ်ကျေနပ်ပါတယ်၊ ရပါတယ် မင်းချစ်ရင်ပြီးရော"

"ရှင် တော်တော်အတ္တကြီးပြီး ကြောက်စရာကောင်းပါလား"

ရွှေရနံ့ နှုတ်ခမ်းကိုကိုက်ကာ ရေရွတ်ပြီး ခုံမှာ သွားထိုင်သည်။

"တစ်သက်လုံး ရှင့်ကို ကျွန်မ ချစ်လာမှာ မဟုတ်ဘူး"

ရက်စက်စွာပဲ ပြောချမိတော့သည်။ သည်းမခံနိုင်တော့ပါ။ ရွှေရနံ့ကို အနိုင်ကျင့် ဗိုလ်ကျလွန်းပါသည်။ နှုတ်တရွတ်နိုင်လှသည်။

ကြာလေကြာလေ ပိုမုန်းလေပါပဲ။

"ရှင် ဘာလို့ အပေါ်တက်လာရတာလဲ"

ရွှေရနံ့ ကြောက်ရိပ်ဝိုင်းစွာဆိုသည်။ နောက်တစ်လှမ်းလည်း



www.burmeseclassic.com

www.burmeseclassic.com



ဆုတ်မိသည်။

"ရှင် ခုချက်ချင်း ပြန်ဆင်းသွားပါ"

သူ့ကို မောင်းထုတ်မိ၏။ ကောင်းထိန်လင်းက ညှိုးမှိန်စွာ ပြုံးသည်။

"ကိုယ် မင်းနဲ့ စကားပြောချင်တာပါ"

"ဟင့်အင်း မယုံဘူး၊ မနက်မှပြော၊ ကျွန်မနားကို မလာပါနဲ့ ရှင့်မှာ ကောက်ကျစ်ယုတ်ညံ့တဲ့စိတ်တွေ ပြည့်နေတယ်၊ ကျွန်မ မယုံဘူး ရှင် မလာနဲ့နော် ကျွန်မ တစ်ခုခုလုပ်မိမယ်"

ကောင်းထိန်လင်း သက်ပြင်းချသည်။ ရွှေရန်၏ မျက်လုံးစိမ်းများက သူ့ကို နှောင်တရစေသည်။

"မင်းကို စိတ်မချလို့ ကိုယ် တက်လာကြည့်တာပါ"

"မလိုဘူး၊ ရှင် ကျွန်မကို စည်းရုံးသိမ်းသွင်းဖို့ မကြိုးစားပါနဲ့ ကျွန်မ ရှင့်ကို သိပ်မုန်းတယ်၊ ဘယ်တော့မှ ချစ်လာမှာလည်း မဟုတ်ဘူး"

"ရွှေရန့်"

သူက ရွှေရန့် ပုခုံးလေးကို ဖမ်းဆုပ်ဖို့ လက်လှမ်းလိုက်သည်။ ရွှေရန့်က ရှောင်တိမ်းပြီး ဝရန်တာဘက်လှည့်ပြေးကာ ခုန်ချဖို့ ကြိုးစားလိုက်၏။

ကောင်းထိန်လင်း မျက်လုံးပြူးသွားသည်။ အပြေးသွားကာ ရွှေရန့်ကို ဖွတ်အတင်း ပွေ့ပိုက်ဖမ်းဆီး ထားထားမိပါသည်။

"လွှတ်... လွှတ် ကျွန်မ သေချင်တယ်၊ ရှင် ကျွန်မကိုမထိပါနဲ့"

ခုန်ချပစ်လိုက်မှာစိုးစိတ်နှင့် သူ အတင်းအကြပ် ဖမ်းထားမိသည်။ လွှတ်မပေးနိုင်ပါ။ သူ့ကြောင့် တကယ်ခုန်ချဖို့ ပြင်လိုက်တာကို မျက်ဝါးထင်ထင်မို့ သူ အင်မတန် တုန်လှုပ်ခြောက်ခြားသွားရသည်။ အရာရာကို နားလည်စိတ်နှင့်ဆုံးရှုံးမှုက သူ့နှလုံးသားကို ချွန်ထက်သောဆူးနှင့် ထိုးခံရသလို နာကျင်ကျိန်းစပ်သွားရလေသည်။

"ရွှေရန့် ရွှေရန့်... ရွှေရန့်ရယ်... ခုန်မချပါနဲ့၊ မလုပ်ပါနဲ့ ကိုယ် တောင်းပန်ပါတယ်၊ ကိုယ် အနူးအညွတ်တောင်းပန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ရွှေရနံ့ကရုန်း သူက အတင်းဖမ်းချုပ်ထားနှင့် နှစ်ယောက်စလုံး မောဟိုက်လာသည်။ သူက တဖွဖွ တောင်းပန်တားဆီးသည်။

"သေတောင် ရှင့်ကို မချစ်ဘူး၊ သေတောင်ရှင့်ကို မယူဘူး၊ ကိုဘုန်းလျှံအပေါ်ထားတဲ့သစ္စာကို ရှင်မြင်စေရမယ်၊ ဖယ်ပါ၊ လွှတ်ပါ"

ရွှေရနံ့ သွေးရူးသွေးတန်း အော်ပစ်သည်။ သူ့မစိတ်တွေ ဘယ်လိုဖြစ်ကုန်သည်မသိ၊ သည်းခံနိုင်စိတ် ဂိတ်ဆုံးရောက်သွားသည်။

"ကိုယ်တောင်းပန်ပါတယ် ရွှေရနံ့ရယ်၊ မင်းကို ကိုယ်ပြန်ပို့ပေးပါ့မယ်၊ ကိုယ်မကြည့်ရဲပါဘူး၊ မင်း တစ်ခုခုဖြစ်သွားရင် ကိုယ် ရူးသေမှာမယ်၊ မလုပ်ပါနဲ့၊ စိတ်ကိုလျှော့ချလိုက်ပါ"

ရွှေရနံ့က သူ့ကိုမယုံမရဲ မော့ကြည့်သည်။

"ကျွန်မ ရှင့်ကို မယုံဘူး၊ ရှင်ညာနေတာ၊ ရှင့်မှာ ကတိဆိုတာ ရှိလို့လား၊ ရှင် မိန်းမတွေကို တန်ဖိုးမထားဘူး၊ နားမလည်ဘူး၊ စော်ကားတယ်၊ ရှင့်ရင်ထဲမှာ အတ္တနဲ့ လောဘပဲရှိတယ်၊ အချစ်မရှိဘူး"

သူ့ကို ဒေါသတကြီး ထုရိုက်ရုန်းကန်ပစ်သည်။ စောစောကထက်တော့ စိတ်တွေလျှော့လာပုံ ရလေသည်။

"ကိုယ့်ကို ယုံပါ၊ မင်းချစ်စေချင်တဲ့အချစ်မျိုးနဲ့ ကိုယ် ချစ်ပြပါ့မယ်၊ ကိုယ် ကတိပေးပါတယ်၊ မင်း စိတ်ချပါ၊ မင်းအိမ်ကို ဖုန်းဆက်လိုက်နော်၊ ကိုယ် မိုးလင်းတာနဲ့ လိုက်ပို့ပေးပါ့မယ်"

ကောင်းထိန်လင်းက ရွှေရနံ့ကို ပြေလွှတ်ကာ ရဲရဲကြီး အာမခံသည်။

"ရော့ ဒီမှာ ဟင်းနီးဖုန်း မင်းဆက်လိုက်ပါ"

ရွှေရနံ့လက်ထဲ ဖုန်းကို ယူလာပြီးပေးလိုက်၏။ ဖျတ်ခနဲ ဆွဲယူပြီး သူ့ကို မျက်ရည်ပြည့်သော မျက်လုံးများနှင့်ကြည့်၏။

ခုထက်ထိ ရွှေရနံ့ မငိုသေးပါ။ တကယ်ပဲ စိတ်ဓါတ် မာကျောပြတ်သား၏။

"ကိုယ့်ကို မင်း ယူရမယ်ဆိုရင် သေပစ်လိုက်ချင်လောက်အောင် ခါးသီးတာကိုယ်နားလည်သွားပါပြီ၊ ဒီလောက်တောင်ပဲလား ရွှေရနံ့ရယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက အလွန်တရာ အောင့်သက်ဖြေမဆည်နိုင်သလိုဆိုပါသည်။

"မင်း မသေရပါဘူး။ ကိုယ် မင်းကို နောက်ဆုတ်အရှုံးပေးပါတယ်၊ မင်းကို ကိုယ်စွန့်လွှတ်ပါ့မယ်"

ကောင်းထိန်လင်းပိုင်က တိုးဖွဖွပြောပြီး လှည့်ဆင်းသွား၏။ ဟင်းနီဖုန်းကို လက်ထဲကိုင်ထားရင်း ရွှေရန့်ကိုယ်လေး တဆတ်ဆတ် တုန်နေသည်။ သူ တကယ်ပဲ ရွှေရန့်ကို ပြန်ပို့မှာလား။

ယုံရခက်ခက်နှင့် ငြိမ်နေမိသည်။ သူ့ဖုန်းကို ရွှေရန့်လက်ထဲ ပေးထားပြီး သူ့စကားတွေက တကယ်အတည်ပဲဆိုတာ သေချာနေသည်။ ရွှေရန့် ကျုံ့ကျုံ့လေး ထိုင်ချမိသည်။ တမန်တလင်းက အေးစက်နေသည်။

ကိုဘုန်းလျှံရယ် ရွှေရန့်အဖြစ်ကို မြင်လှည့်ပါဦး။

ရင်မဆန့်အောင် တမ်းတမိသည်။

ကောင်းထိန်လင်းပိုင်နှင့် မြန်မြန်ဝေးချင်ပါပြီ။

မိုးမြန်မြန်လင်းစေချင်သည်။

"ကျွန်တော် ကောင်းထိန်လင်းပိုင်ပါ၊ ကုမ္ပဏီကိစ္စနဲ့ သန်လျင်ဘက်ကိုလာရင်း ညဉ့်နက်သွားလို့ ဒီမှာ တစ်ည တည်းလိုက်ရပါတယ်၊ ဖုန်းခေါ်နေတာ မရလို့ ခုမှ ဆက်လိုက်တာပါ၊ ရွှေရန့်ကို စိတ်ပူနေမှာစိုးလို့ပါ၊ မိုးလင်းတာနဲ့ ကျွန်တော် လိုက်ပို့ပေးပါ့မယ်၊ ဟုတ်ကဲ့ စိတ်ချပါ"

သူ့စကားသံတွေကို ရွှေရန့် မယုံနိုင်စွာ နားထောင်နေမိပါသည်။ ဖုန်းဆက်ရမှာ ရွှေရန့်က ဝန်လေးတွန့်ဆုတ်နေသည်။ ဘယ်လိုပြောရမှန်းလည်းမသိ။ အချိန်က ညကိုးနာရီ ကျော်ပါပြီ၊ လေးလေးတို့ စိတ်ပူနေကြမှာ သေချာ၏။ သူက တည်ငြိမ်စွာပဲ ပြောဆိုနေသည်။

"ရွှေရန့်နဲ့ ပြောလိုက်ပါဦး"

သူ့ဆီက ဖုန်းကို မယူဘဲ လန့်ဖြန့်စွာ ကြည့်မိသည်။ သူက ပြောလိုက်ပါဟု အားပေးပြုံးပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေးလား"

"ဟုတ်ကဲ့ ဒေါ်လေး"

"အမယ်လေး စိတ်ပူလိုက်ရတာ သေတော့မယ် သမီးရယ်" ဒေါ်လေးအသံက ငိုသံပါနေသည်။

"ခုမှပဲ စိတ်အေးရတော့တယ်"

ရွှေရန်နုံက စကားများများမပြောနိုင်။ ရင်ထဲမှာ ဆို့နင့်နေသည်။ ဖုန်းပြောပြီးသောအခါ သူက စောင်တစ်ထည် ယူလာပေး၏။

"ဒီမှာ လှဲချင်လှဲနေပေါ့"

နှစ်ယောက်ထိုင်ခုံမှာ ရွှေရန်နုံကို အိပ်စေသည်။ ရွှေရန်နုံကို စောင်ကလေး လွှားခြုံပေး၏။ ပြီးတော့ အဝေးကြီးမှာ ခုံတစ်လုံးဆွဲပြီး သွားထိုင်နေသည်။

ရွှေရန်နုံက သူ့ဆီ လှမ်းကြည့်နေမိသည်။ အိပ်ပျော်မှာလည်း မဟုတ်ပါ။ စိတ်ထဲမှာ ခံစားမှုမျိုးစုံ ရှိနေသည်။ ကောင်းထိန်လင်းပိုင်ကို နားမလည်စွာ ကြည့်နေမိ၏။ ချက်ချင်းပဲ လက်လျှော့လိုက်တာ ဆန်းကြယ်လွန်းသည်။ သူ ရွှေရန်နုံကို တကယ်ပဲ ချစ်နေတာလား။

သူ့အပြုအမူက မယုံနိုင်စရာ ကရုဏာသက်ချင်စရာ။

"ကိုယ့်အပေါ် စာနာနားလည်ရင် မင်း ဒီလောက်ရက်စက်မှာ မဟုတ်ပါဘူး၊ မင်း ကိုယ့်အပေါ် အမြင်တွေ တိမ်းစောင်းနေလို့ ခုလောက် အထိ ပြောရက်တာပါ၊ မင်းက နုလုံးသားနူးညံ့တဲ့ မိန်းကလေး တစ်ယောက်ပါ"

သူ့စကားသံက တဖြည်းဖြည်း တိမ်ဝင်ပျောက်ကွယ်သွား၏။ ရွှေရန်နုံ နှုတ်ခမ်းလေးစေ့ကာ စကားမဆိုမိပါ။ ပထမဆုံးအကြိမ် သူ့အချစ် ကို အသိအမှတ်ပြုလိုက်ရသည်။

မနက်မိုးလင်းစကလေးမှာပဲ သူနှင့်ရွှေရန်နုံ ရန်ကုန်ကို ပြန်လာခဲ့

ကြောင်နှစ်ကောင်တေ

www.burmeseclassic.com

www.burmeseclassic.com



ကြပါသည်။

''ညက ချက်ချင်းပြန်ရင် ရပါတယ်၊ မိုးချုပ်နေလို့ ပြီးတော့ ဆုံးရှုံးလိုက်ရတာကို ကိုယ် သွေးမအေးသေးဘူး၊ ကား မမောင်းနိုင်မှာ စိုးရတယ်လေ''

ရွှေရန့်က ကားကူရှင်မှာမှီချကာ သူ့ဘက် ငဲ့ကြည့်နေမိပါသည်။

သူတကယ်ပဲ ရွှေရန့်ကို ပြန်ပို့နေတာပါလား။ စိတ်ထဲမှာ ကျေးဇူး တင်မိရင်း သူ့အတွက် ထိထိခိုက်ခိုက် ခံစားရပါသည်။ ရွှေရန့် တင်ထား သလောက်၊ ပြောခဲ့သလောက်၊ သူ မယုတ်ညံ့ မသေးသိမ်။ သူ့မှာ လေးစားစရာ စိတ်ဓာတ်မျိုးရှိသည်။ မထင်မှတ်ဘဲ ရွှေရန့် နောင်တရမိ သည်။ သူ့ကို ရိုင်းရိုင်းစိုင်းစိုင်း ပြောခဲ့မိပါလား။ ရွှေရန့်စကားတွေ တရားလက်လွတ် နိုင်ခဲ့ပါသည်။

''ကျေးဇူးတင်ပါတယ်''

''တကယ်လား''

ဂေဟာင်းထိန်လင်းပိုင်က ပြုံးပြီးမေး၏။ ရွှေရန့် ခေါင်းညိတ်မိ သည်။

''တစ်ခုခု စားရအောင်နော်''

သူက တိုင်ပင်သည်။ ရွှေရန့်က မငြင်းပါ။ သူက ပြည့်စုံသော နံနက်စာကို ဂရုတစိုက်ကျွေးပါသည်။ သူ့မျက်နှာက ကြည်နူးခြင်းတစ်ဝက် ကြေကွဲခြင်းတစ်ဝက်။ ဟန်ဆောင်အပြုံးက နာကျင်မှုကို တစ်ချက် တစ်ချက် မဖုံးလွှမ်းနိုင်ပါ။ ရွှေရန့် နားလည်မိပါသည်။ ညကတည်းက သူ့ကိုလေးစားအားနာစိတ်နှင့် ဂရုဏာပါ ဖြစ်သွားခဲ့မိတာ။

''ရွှေရန့်''

''ဟင်''

''လောလောဆယ် နှစ်ရက်သုံးရက်လောက် နားလိုက်ပါ၊ ချက်ချင်းကြီး အလုပ်ထွက်ရင် မသင်္ကာစရာ ဖြစ်နေမယ်လေ၊ ရွှေရန့် အတွက် ပြောတာပါ''

''ဟုတ်ကဲ့''



www.burmeseclassic.com

www.burmeseclassic.com



ရွှေရန်က ခေါင်းညိတ်ပါသည်။ သူက ရွှေရန်ကို ခြံရှေ့မှာ ကားရပ်ပေး၏။ သူ့မျက်လုံးတွေက ဆွေးဆွေးမြွေ့မြွေ့။ စိုက်ကြည့်နေပုံက တမေ့တမော။ ပင့်သက်ကလေးရှိုက်ကာ ကားတံခါးဖွင့်ဖို့ ပြင်သောအခါ သူက ရွှေရန့် လက်ဖျားလေးကို ဆွဲထားသည်။ သူ့ဆီ ဖျတ်ခနဲ လှမ်းကြည့်မိ၏။ မျက်လုံးချင်းဆုံမိကြသည်။

ရွှေရန့် လက်ဖျားလေးကို သူ့ရှေ့ဆွဲယူကာ လက်ဖမိုးလေးကို ဖွဖွလေး နမ်းရှိုက်၏။ မျက်လွှာချကာ ရွှေရန့် ငြိမ်သက်နေမိသည်။

ခွဲရတော့မှာ ပြန်တွေ့ကြဖို့ မလွယ်တော့တာ နှစ်ယောက်စလုံး သိနေကြပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၂၂ ]

ရွှေရန်နံ့က ဒရင်းဘက်ခ်မှာထိုင်ရင်း ဖတ်နေသောစာအုပ်ကို ချထားပြီး မျက်လုံးတွေ မှိတ်လိုက်မိ၏။ အာရုံထဲမှာ စောင်ႇစ်ထည်လာ လွှမ်းခြုံပေးသလို ခံစားရသည်။ မျက်လုံးတွေ ဖျတ်ခနဲ ဖွင့်ကြည့်မိ၏။ ဘာစောင်မှ မရှိ။ အနားမှာ ဘယ်သူမှမရှိ။ လေးလေးက အလုပ်သွား။ ဒေါ်လေးခင်က ဆိုင်သွား၊ ဘုန်းလျှံက ကျောင်းသွားနေပါသည်။ ကြီးမေက မီးဖိုဆောင်မှာ။

ရင်းနှီးယဉ်ပါးနေသော ရေမွှေးနံ့တစ်မျိုးက နှာဝမှာ သင်းပျံ့လာ၏။ သေချာရှူရှိုက်မိတော့လည်း မရတော့သလိုပါ။ ရေမွှေးနံ့က ပျယ်လွင့်ပြေးသွားသည်။ ဘယ်လိုဖြစ်ရတာပါလိမ့်။

ရွှေရန် ဆံပင်လေးတွေ သပ်တင်မိ၏။ ဆံပင်လေးတွေကို တစ်ယောက်ယောက် ကိုင်တွယ်ထားသလို ခံစားရသည်။ နူးညံ့သော အတွေ့အထိက မပျောက်ပျက်နိုင်။

ဒရင်းဘက်ခ်ပေါ်ကဆင်းပြီး ခြံထဲအထိ လျှောက်လာမိပါသည်။

ဘယ်သူ့ကို သတိရနေမိသလဲ။ ဘာကို တမ်းတနေမိသလဲ။

ခ—ှာင်းနှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com


လက်ကလေး တင်းတင်းပိုက်ကာ ဒန်းဖြူဖြူမှာ ထိုင်မိသည်။

သူ့အချစ်တွေကို တဖြည်းဖြည်း ရွှေရန့်က ခံစားလို့ရလာခဲ့ပြီလား…။

ဦးကောင်းထိန်လင်းပိုင် ရှင် ဘယ်ရောက်နေသလဲ…။

ခုအချိန်ဆို သူ ကုမ္ပဏီမှာလား၊ တစ်နေရာရာ သွားနေသလား။ ဘာတွေ လုပ်နေသလဲ၊ ရွှေရန့်ကို သတိရနေလား။

ရှင့်စိတ်တွေ ရွှေရန့်ဆီ ရောက်လာလို့ ရှင် အနားရှိနေသလို ခံစားရတာများလား၊ မသိစိတ်ရဲ့ ဆက်သွယ်မှုများလား။

ရွှေရန့်က ပင့်သက်မျှင်းမျှင်း ရှိုက်သည်။

ရှင့်ကို ရွှေရန့် အောက်မေ့မိတာလား…

လက်ဖမိုးလေးကို ငုံ့ကြည့်ကာ ပူနွေးသော အနမ်းတစ်ခုကို ပြန်လည်သတိရမိလာ၏။ နှုတ်ဆက်အနမ်းလား။ ရွှေရန့်ကို တကယ်ပဲ ရှင် ကျောခိုင်းနောက်ဆုတ်လိုက်ပြီလား။

ရင်ထဲမှာ ငိုချင်သလိုလို နက်နဲသောခံစားမှုကြီး ဖြစ်ပေါ်လာ၏။

မေ့ထားပါရစေ။

အားလုံးကို မေ့ပါရစေ။

ဘုန်းလှိုင်ရင်ခွင်မှာပဲ လုံခြုံနွေးထွေးစွာ နေပါရစေတော့။

ရှင့်ကို ရွှေရန့် မတမ်းတရဲပါဘူး။ မဖြစ်နိုင်ပါဘူး။

သတိရမိတယ်ဆိုရင်တောင် ကြိုးစားမေ့ပစ်ပါ့မယ်။

ဒါပေမယ့်လေ ရှင်တမ်းတခဲ့သလို ဘုန်းလှိုင်တစ်ဝက်လောက် ချစ်ချစ်ဆိုတာ ရှင် တကယ်ပဲ တစ်ဝက်မက ရရှိခဲ့ပါပြီ။

ရှင့်အကြောင်းတွေကို ရွှေရန့် အမြဲတွေးမိနေပါပြီ။

ရှင် ဝမ်းသာကျေနပ်ပါတော့ ဦးကောင်းထိန်လင်းရယ်။

တစ်ခုကိုတော့ ဘုန်းလှိုင်အတွက်ပဲ ထားပါရစေ။

ရှင်ချစ်တာ ရွှေရန့် ယုံပါပြီ။

ရှင့်အပေါ်လည်း ရွှေရန့် စာနာ နားလည်တတ်ပါပြီ။

စာနာ နားလည်မှုက ဆက်နွယ်လာတဲ့ အချစ်တစ်ခု၊ ပြီးတော့


www.burmeseclassic.com

www.burmeseclassic.com



သတိရခြင်း။

ရှင်အမြဲ ကံကောင်းပါစေလို့ ရွှေရန်နဲ့ ဆုတောင်းပေးနေပါပြီ။
ရှင် ပျော်ပါစေ…
ဆုံးရှုံး နာကျင်မှုတွေ သတိရတမ်းတမှုတွေ ပြေပါစေ…

ဖုန်းသံမြည်လာသောအခါ ရွှေရန်နဲ့ ကပျာကယာ အိမ်ပေါ် ပြန်တက်လာခဲ့ပါသည်။ ဘုန်းလျှံက ဖုန်းထဲမှာ ရွှေရန်နဲ့ကို စ,နေသည်။ လက်ထပ်ဖို့ရက်လည်း မဝေးတော့ပါ။

သူရောရွှေရန်နဲ့ပါ ပျော်နေကြပါသည်။

ဦးကောင်းထိန်လင်းပိုင်ရော ရွှေရန်နဲ့ကို မေ့နိုင်ခဲ့ပြီလား။

သတိတရ တွေးမိပါသည်။

အချိန်တွေ တစ်ရက်ပြီးတစ်ရက် ရက်ပေါင်းများစွာ ဖြတ်ကျော် ကုန်ဆုံးခဲ့ပြီပဲ။ သူ့ရင်ထဲက ဒဏ်ရာတွေ သက်သာပြီထင်ပါရဲ့။

နောက်တစ်ခါ ဖုန်းမြည်လာသောအခါ ရွှေရန်နဲ့ ဖွဖွပြုံးမိသည်။ ဘုန်းလျှံ တမင်စ,နေပြီထင်ပါရဲ့။

"ကဲ ပြော… ဘာလဲ၊ ဘာပြောဦးမလို့လဲ ဟွန်း…"

ရွှေရန်နဲ့က မဆင်မခြင် မူနွဲ့လိုက်မိပါသည်။

"ကိုဘုန်းလျှံမှတ်လို့လား"

"ဟင်…"

လုံးဝ မမျှော်လင့်သော အသံမို့ ရွှေရန်နဲ့ ကိုယ်လေးမတ်ကာ ရေခဲရိုက်လိုက်သလို တောင့်တင်းအေးစက်သွား၏။ ရင်ထဲမှာ တလှပ်လှပ် အေးကာ ခေါင်းထဲ မူးနောက်နောက်ပင် ဖြစ်ချင်သည်။

"ဦးကောင်းထိန်လင်း"

"ဟုတ်ပါတယ်"

ရွှေရန်နဲ့ဆီက စကားသံ ထွက်မလာတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ရွှေရန်"

"ရှင်"

"ကိုယ် မနက်ဖန် သဘင်ခါ နိုင်ငံခြားထွက်တော့မှာ ကိုယ် နှုတ်ဆက်ချင်လို့ပါ၊ ဘယ်လောက်ကြာမလဲ မသိဘူး"

"ဪ…"

ရင်ထဲမှာ ဘယ်လိုကြီးဖြစ်သွားမှန်းမသိပါ။ ချက်ချင်းပဲ တားချင်စိတ် ဝင်လာ၏။ ဒီလောက်အဝေးကြီးကို လွှင့်မသွားပါနဲ့။ ရွှေရန့်ကို အဲဒီလောက်အထိ ဒဏ်မခတ်သင့်ပါဘူး။

"အဲဒါ ရွှေရန့်ကို တွေ့ချင်တယ်၊ စကားပြောချင်တယ်၊ စိတ်ချပါ၊ ဒီတစ်ခါ ဖွင့်မဆိုးပြေးတော့ပါဘူး။ ရွှေရန့်စိတ်ကို ကိုယ်သိနေပြီပဲ၊ ကိုယ် မလုပ်ရက်ပါဘူး။ ရွှေရန့် တည်ဆောက်ချင်တဲ့ဘဝကို ကိုယ်မဖျက်ဆီးရက်ပါဘူး၊ သီးသီးသန့်သန့် နှုတ်ဆက်ချင်တာလေး တစ်ခုပါ"

သူ့အသံက ဝမ်းနည်းနေသည်။

"ရွှေရန့် ဘယ်ကိုလာရမလဲ"

"ကိုယ်တို့ ပထမဆုံး ကော်ဖီသွားသောက်ကြတဲ့ ဆိုင်လေးကို လာခဲ့လေ"

"ဟုတ်ကဲ့"

ဘာမှ မစဉ်းစားတော့ဘဲ ရွှေရန့် ထွက်လာခဲ့မိပါသည်။

ဦးကောင်းထိန်လင်းပိုင်ကို တွေ့ချင်စိတ်က ပြင်းပြင်းပြပြ ရှိနေသည်။

တောင်းပန်စကားတော့ အနည်းဆုံးပြောပါရစေ။

● ●

"ဘယ်လောက်ကြာကြာ နေမှာလဲဟင်"

မျက်နှာချင်းဆိုင် ထိုင်မိရုံရှိသေး မေးမိပါသည်။ အရမ်း သိချင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မသိသေးဘူး၊ ငါးနှစ်လား၊ ဆယ်နှစ်လား၊ အနှစ်နှစ်ဆယ်လား"

ကောင်းထိန်လင်းက ရွှေရန်နံ့ကို စိုက်ကာငေးကြည့်နေသည်။ ရွှေရန်နံ့က မဝံ့မရဲ ပြန်ကြည့်သည်။ ပြီးတော့ မျက်လွှာချ ပင့်သက်ရှိုက်သည်။

"ရွှေရန်နံ့ ပျော်ရဲ့လား"

"အသက်ရှင်နေတာ ပျော်ဖို့တစ်ခုတည်းအတွက်လား"

ရွှေရန်နံ့အသံက မာဆတ်ဆတ်။ ဘာကို အလိုမကျဖြစ်ပါလိမ့်။

"ဘာပဲဖြစ်ဖြစ် ပျော်အောင်ကြိုးစားပါ"

ကောင်းထိန်လင်းက စကားမဆိုတော့ဘဲ အကြာကြီး ကြည့်နေမိသည်။

ဘာပြောစရာရှိတော့မလဲ၊ ရွှေရန်နံ့ကို သူ စွန့်လွှတ်ဖို့ ဆုံးဖြတ်ပြီးပါပြီ။

ခွဲခွါခြင်းကို အတွေ့အကြုံရှိတာပဲ။ မဖြုံလောက်ပါဘူးလို့ လျှော့မတွက်လိုက်ပါနဲ့ ရွှေရန်နံ့ရယ်။ ကိုယ် ရင်ကွဲမတတ်၊ သေလုမျောပါး ခံစားနေရတာပါ။ မိုက်မိုက်မဲမဲ ရယူဖို့ကြိုးစားခဲ့သေးတာပဲ။

ကိုယ် မလုပ်ရဲအောင် မင်း တားဆီးနိုင်ခဲ့တယ်။

ကိုယ် မင်းကို ကျေနပ်စွာ အရှုံးပေးခဲ့ရပါတယ်။

ရှုံးသွားပြီဆိုကတည်းက ဝေးသွားကြရင်… ဆိုတာအတွက် ပြင်ဆင်ကြိုးစားရပါပြီ။

BURMESE CLASSIC

မင်းရှေ့မှာ နှုတ်ဆိတ်နေတာ အကောင်းဆုံးပါ။ စကားပြောမိရင် အမှားပါဦးမှာပါပဲ။

ရွှေရန်နံ့ ကောင်းထိန်လင်းကို လှမ်းကြည့်သည်။

"ဘာပဲဖြစ်ဖြစ် ရှင်လည်း ပျော်အောင်နေပါ"

"စိတ်ချပါ ရွှေရန်နံ့အတွက်ပဲ ကိုယ်က စိတ်ပူတာပါ"

ရွှေရန်နံ့က ချက်ချင်းပဲ အကြည့်လွှဲကာ…

"ကျွန်မကို ခွင့်လွှတ်ပါ" ဟု ဆိုပါ၏။

"ဘာအတွက်လဲ"



www.burmeseclassic.com

www.burmeseclassic.com



ကောင်းထိန်လင်းပိုင်က နားမရှင်းပါ။ အပြစ်လုပ်ခဲ့သူက သူပါ၊ တောင်းပန်သင့်တာက သူပါ၊ ရွှေရန့် မဟုတ်။

"အားလုံးအတွက်ပေါ့"

"မဟုတ်တာ၊ ရွှေရန့် မမှားပါဘူး၊ အပြစ်မရှိပါဘူး"

သူ လက်မခံနိုင်ဘဲ ဆိုမိပါသည်။

မှားတာပေါ့ အကြီးအကျယ်မှားခဲ့တယ်။ တကယ်ဆို ရှင့်ကို ရွှေရန့် ဒီ့ထက် နားလည်ပေးသင့်တာပေါ့။ ရှင့်ကို အထင်သေးရှုံ့ရှာ နေမယ့်အစား ခံစားဖေးမခဲ့ရင် ရှင်ဒီလောက်အထိ ဖြစ်ခဲ့မှာမဟုတ်ဘူး။

အတ္တကြီးတာက ရွှေရန့်ပါ။ လောဘကြီးတာက ရွှေရန့်ပါ။

ရွှေရန့်အတွက် ဘုန်းလျှံနဲ့ ရွှေရန့်ဘဝအတွက်ပဲ ဦးစားပေး တဖက်သပ်တွေးပြီး အတိမ်းအစောင်း မခံနိုင်ခဲ့ဘူး။

နောက်ဆုံး အဲဒီရည်မှန်းချက်ရောက်ဖို့ ရွှေရန့် နှလုံးသားကို ရွှေရန့် ကိုယ်တိုင် နင်းခြေလျှောက်လှမ်းမိပါပြီ။

မျက်ရည်စများက ရွှေရန့်ပါးပြင်ပေါ် လိမ့်ဆင်းကျလာခဲ့ပါသည်။ မျက်ရည်ကျတာ့မှာပါလား မငိုမိအောင် ထိန်းရမှာပါလားဆိုတာကို မေ့သွားခဲ့သည်။ သတိလက်လွတ် ဖြစ်သွားခဲ့သည်။

ပါးပြင်တွေ ပူနွေးစိုစွတ်လာမှ ငိုမိပါရော့လားဆိုတာ သိလိုက်၏။

"ဟာ မငိုပါနဲ့ ရွှေရန့်ရယ်"

ကောင်းထိန်လင်းပိုင်လည်း ခြောက်ခြားတုန်လှုပ်သွား၏။

မငိုတတ်သော ရွှေရန့်ကို သူကြောင့် မျက်ရည်မကျစေချင်ပါ။ တမင်ခေါ်ပြီး စိတ်ဒုက္ခပေးသလိုဖြစ်သွားပြီလား။

"တိတ်ပါ မငိုပါနဲ့ ကိုယ့်ကြောင့် မျက်ရည်မကျပါနဲ့ ရွှေရန့်ရယ် မတန်ပါဘူး၊ လုံးဝမတန်ပါဘူး"

သူ့ထိတ်ထိတ်ပျာပျာ တားမိပါသည်။ ရွှေရန့် ပါးပေါ်စီးကျလာသော မျက်ရည်တွေကို သုတ်ပစ်သည်။

"ကျွန်မကို ခွင့်ပြုပါ"

"ကောင်းပါပြီ၊ မငိုနဲ့တော့နော်၊ ကိုယ် ကားနားအထိ လိုက်ပို့...



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ မငိုပါနဲ့ ရွှေရန့်ရယ်၊ ကျွန်တော် ရွှေရန့်ကို နားလည်တယ်၊ ခွင့်လွှတ်တယ်၊ ချစ်တယ်၊ ဘဝတစ်ခုမှ ကျွန်တော် ပြန်မရုပ်သိမ်းပါဘူး''

ရွှေရန့်က အားမပါသော ခြေလှမ်းများနှင့် ကားဆီ လျှောက်လှမ်းသည်။

သူက စိုးရိမ်တကြီး ဘေးကပါလာ၏။ စကားထပ်မဆို။

ရွှေရန့် ကားပေါ်တက်သည်။ အိမ်က ခေါ်ထားသော ဒရိုက်ဘာအဘိုးကြီးက ရွှေရန့်ကို နားမလည်စွာ လှည့်ကြည့်ပြီး ကားစက်နှိုးသည်။

ရွှေရန့် စိတ်ကို တင်းထားမိသည်။

ရပ်ကြည့်နေမောကျန်ရစ်သော သူ့ဆီ စိတ်တွေပြေးသွား၏။

ရွှေရန့် နှလုံးသားက မျက်ရည်တွေကို ရှင့်နားလည်မှု၊ စာနာမှု ပြီးတော့... ချစ်ခြင်းများနဲ့ တားဆီးပေးလှည့်ပါ ။ ။

◆ ပန်းသီခိုင် ◆

BURMESE CLASSIC

www.burmeseclassic.com